www.burmeseclassic.com

# မင်းသွေးသစ္စာ

ငမဲတူ



BURMESE CLASSIC

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မင်းသွေးသစ္စာ

ထဲရှု

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၅၀၀၂၉၃၀၆၀၂ ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၅၀၀၃၄၁၀၆၀၃ ]

❑

ပုံနှိပ်ခြင်း
ပထမအကြိမ် အုပ်ရေ (၅၀၀)

❑

ထုတ်ဝေသည့်လ
ဇူလိုင်လ ၂၀၀၆

❑

မျက်နှာဖုံးနှင့်အတွင်းစာသား ပုံနှိပ်သူ
ဦးကျော်လှိုင် (၅၅၇၃) စေတနာအော့ဖ်ဆက်
အမှတ် (၅၉)၊ ၁၉ လမ်း၊ ရန်ကုန်။

❑

ထုတ်ဝေသူ
ဒေါ်ခင်ခင်စိန် (၀၁၈၁၉) ချစ်မင်းလှုံစာပေ
အမှတ် (၄၃)၊ မလိခလမ်း၊ (၇) မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။

❑

ကွန်ပျူတာ
ပန်းအိစံ

❑

မျက်နှာဖုံးပန်းချီ
သိန်းဇော်

❑

တန်ဖိုး
၃၀ ကျပ်

BURMESE CLASSIC

သရဖီလှိုင်စာပေ

၏

နောက်ထွက်မည့်စာအုပ်

မင်းသွေးသစ္စာ

# ချစ်တဲ့သူ့ရွှေနွယ်ရိုး

www.burmeseclassic.com

www.burmeseclassic.com

## စာရေးဆရာ မင်းသွေးသန္တာ

၏

နောက်ထွက်မည့်စာအုပ်များ


၁။ ပုလဲရွာသူ မမိုးဖြိုး

၂။ တမ်မိုးလုံးမျှော်ဆိပ်

၃။ ဆယ်သန်းပဏ္ဏမြားအရှုပ်တော်ပုံ

၄။ အောင်တော်မူ

၅။ တာတေကြီး

၆။ မိုးသောက်ကြယ်


သရဖီလှိုင်စာပေ

၏

ဒုတိယမြောက် စင်တင်ကလောင်ရှင်

## စာရေးဆရာ ဇောတိက

[illegible]

၏

# ခေါင်းတော်ရှင်

လျှို့ဝှက်သည်းဖို ထုံးဆွေးသတ္တုအသစ်စက်စက်
မကြာမီ ဖြန့်ချိပါမည်။

www.burmeseclassic.com

## မင်းသွေးသစ္စာ၏ ထွက်ရှိပြီးစာအုပ်များ


၁။ အလင်းဆောင်ကြား

၂။ စောရနေဝီ

၃။ နေနတ်သမီးသုံဖြင်

၄။ ဖော်ရွှဆောဝန်

၅။ မိုးသူရွှေတိုယ်

၆။ စာရာမောထီအလွမ်း

၇။ နတ်သိုးသျှောင်ဆီမိ

၈။ အာသာဝတီ နှတ်နီနတ်ဝန်း

၉။ နတ်သူငယ်တိမ်ထဉ်မီး

၁၀။ ထိုမြို့မှ ကျီးအညီး တစ်ကောင်ထည်း

၁၁။ မိုးထိဒေါင် လှေထားဆောင်

၁၂။ ခင်ချမ်းသာ

၁၃။ စအိမ်မြ

၁၄။ ကိုးဆောင်ကျော်း


တစ်နေ့သ၌ ညောင်တုန်းမြို့နှင့် အလှမ်းမဝေးလှသော ဧရာဝတီမြစ်ကမ်းနံဘေးရှိ ရွာကြီးတစ်ရွာမှ စပါးပွဲစားကြီး ဦးဇော်၏အိမ်သို့ ညသန်းခေါင်အချိန်တွင် ဧည့်သည်တစ်ဦးသည် မဖိတ်ခေါ်ပါဘဲ ရောက်ရှိ၍လာလေ၏။

ထိုသူသည် ဖွဲနံ့စွာ အသားမည်း၏။ မျက်လုံးပြူးကျယ်၍ ခြေဆံလက်ဆံက တုတ်ခိုင်၏။

အသံကလည်း ရူးရူးရှရှရှိ၏။ ထိုအသံနှင့်ပင် အိမ်ရှင်တို့အား သူရောက်ရှိနေကြောင်း အသိပေးလေ၏။

သူ့အတွင် အခြားသူများနှင့် ဆက်သွယ်မှုပြုရန် ရူးရူးဝါးဝါး ငိုကြွေးခြင်းကိုသာ တတ်နိုင်၏။

[illegible]

www.burmeseclassic.com



ထို့ကြောင့်ပင် သူသည် ကြိမ်ခြင်းကြီး ထဲရှိ အဝတ်ပုံကြား ထဲမှနေ၍

"အုဝဲ... အုဝဲ... အုဝဲ"

ဟု အသံပေးကာ ငိုကြွေးလေတော့၏။

ဤသည်မှာ ပွဲစားကြီး ဦးဇရာ၏ အိမ်တံခါးဝရှိ ကြိမ်ခြင်းကြီးထဲမှ (၂) လသားအရွယ် ကလေးငယ်၏ အချက်ပေးသံပင် ဖြစ်တော့၏။

အိမ်ကြီးထဲတွင် ပွဲစားကြီးနှင့် တပည့်ကျော်မောင်လုံးတို့ နှစ်ဦးတည်းသာရှိ၏။

ပွဲစားကြီး၏ကတော် ဒေါ်စိန်မှုန်နှင့် တစ်ဦးတည်းသော သမီးဖြစ်သူ မဟာသီတို့မှာ ညောင်တုန်းမြို့သို့ ဇာတ်ပွဲကြည့်ရန် ညနေစောင်းကတည်းက ထွက်ခွာသွားကြ၏။

ဇာတ်မင်းသားကြီး ဦးပိုးစိန်၏ အဆို၊ အငို၊ အပြောများနှင့် ကကွက်ဆန်းများကို တစ်ဝကြီး ကြည့်ရှုပြီး၊ နံနက်မိုးလင်းမှ ပြန်ရောက်ကြမည်ဖြစ်၏။

ပွဲစားကြီးသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည့် ကလေးငိုသံကြောင့်၊ အိပ်စက်ရာမှ လန့်နိုးပြီး၊ ကြေးခုတင်ကြီးထက်မှ ခုန်၍ ထလိုက်မိ၏။

သူ၏မျက်နှာတွင် ချွေးသီးကြီးများ စို့နေ၏။ နှုတ်မှလည်း



ထိတ်လန့်တကြားဖြင့်

"ဘုရား ဘုရား... ခုက္ခပါပဲ၊ ဟိုငမဲကောင်ကလေး ငါ့ဆီကို တကူးယ်ရောက်လာပြီထင်တယ်"

ဟု ရေရွတ်မိလေ၏။

ထိုသို့ ထိတ်လန့်တကြား ဖြစ်သွားသည်မှာ ပွဲစားကြီး အိပ်စက်နေစဉ် မက်ခဲ့သောအိပ်မက်ကြောင့်ဖြစ်၏။

ပွဲစားကြီးသည် နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေစဉ် လူတစ်ယောက်က သူ၏ကြေးခုတင်ကြီးအနီးသို့ ရောက်ရှိလာသည်ကို အိပ်မက်မြင်မက်လေ၏။

ထိုသူက ပွဲစားကြီးကို အသာအယာပင် လှုပ်နှိုးလေ၏။ ပွဲစားကြီးသည် မျက်လုံးဖွင့်လိုက်ရာ မြင့်မားလှသောအရပ်နှင့် လိုက်ဖက်စွာ ထွားကြိုင်းသော လူရွယ်တစ်ယောက်ကို တွေ့ရ၏။

ထိုသူသည် အပေါ်ပိုင်း ဗလာကျင်း၍ထား၏။ ပုဆိုးကွက်တုံးကြီးကို ကတောင်းမြှောင်အောင် ကျိုက်၍ထား၏။

အသားအရည်ကမူ နက်မှောင်လှ၏။ ပွဲစားကြီးက ထိုသူကို မြင်တွေ့လျှင် မျက်လုံးပြူးကျယ်ပြီး

"ဟော့... ဟော့... ဘယ်ကကူလီကုလား ငါ့အခန်းထဲရောက်နေတာလဲ၊ မင်းဘာလာလုပ်တာလဲ"

ဟု မေးမြန်းလေရာ လူရွယ်က ခြေနှစ်ဘက်ကိုခွဲ၍ လက်ပိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘာ

"ဟောဒီက ကျုပ်ရဲ့မျက်နှာကိုလည်း၊ သေသေချာချာ ကြည့်ပါဦးဗျာ၊ ကုလီကုလားမဟုတ်ပါဘူး၊ ဗမာလူမျိုး စစ်စစ်ပါ၊ ဘယ်လောက်တောင်စစ်သလဲဆိုရင် မုဆိုးဘို ရွာကလေးကို ရွှေဘိုလို့ သမုတ်ပြီး မြို့နန်းတည်ခဲ့တဲ့ ဦးအောင်ဇေယျခေါ် အလောင်းမင်းတရားကြီးရဲ့ အနွယ်အဆက်ထဲကပဲ၊ ကျုပ်ဟာ ရွှေဘိုမှာ ချက်မြှုပ်ခဲ့ တဲ့ ဗမာလူမျိုးစစ်စစ်ဗျ"

ဟု ပြောလေ၏။

ပွဲစားကြီးသည် ထိုအခါမှပင် လူရွယ်၏ခေါင်းနှစ်ဘက်မှ ထိုးကွင်းမင်ကြောင်းများကို သတိပြုမိ၏။

ထိုအခိုက် လူရွယ်ကဆက်၍

"ကျုပ်တို့ ဗမာလူမျိုးအချင်းချင်း အကူအညီတောင်းရ အောင် ပွဲစားကြီးဆီကို ရောက်လာတာပါ"

ဟု ဆိုလေ၏။

လူရွယ်သည် အသားအရည်က မည်းနက်သလောက် မျက်လုံး များက ရူးရူးတောက်ပြောင်နေ၏။

ပွဲစားကြီးသည် လူရွယ်၏အကြည့်ကြောင့် အလိုလိုပင် ကျောချမ်းလာသလိုခံစားရကာ ခေါင်းယမ်းပြီး



"မင်းကို ငါ ဘာအကူအညီမှ မပေးနိုင်ဘူး၊ ဒီလောက်အသားမည်းပြီး ဘီလူးစာစ်ကောင်လို ဖြစ်နေတဲ့ မင်းကို ငါ့အိမ်ထဲမှာ ထားရတာတင် မင်္ဂလာမရှိတော့ဘူး၊ မင်း အခုထွက်သွားစမ်း"

ဟု နှင်ထုတ်လေ၏။

လူရွယ်က တည်ငြိမ်စွာပင်

"*Whenever you see darkness, extraordinary opportunity for the Lighi to bum brighter* ခေါင်မျှားဟာ မှောင်မိုက်မှုကို မြင်ရတိုင်း၊ တောက်ပစွာလောင်ကျွမ်းမဲ့ အလင်းရောင် အတွက် ထူးကဲတဲ့အခွင့်အလမ်းတွေရှိနေတယ်ဆိုတာ မသိဘူး ထင်တယ်"

ဟု အင်္ဂလိပ် မြန်မာနှစ်ဘာသာဖြင့် ပြောလေရာ ပွဲစားကြီး သည်အူကြောင်ကြောင်ဖြစ်ပြီး

"မင်း ဘာတွေလာပြောနေတာလဲ၊ မင်းဟာ ငါ့အတွက် ဘာမှထူးကဲလာစရာအကြောင်းမရှိဘူး၊ မင်းကိုမြင်မြင်ခြင်းပဲ ငါ့ရင်ထဲမှာ မုန်းတီးစက်ဆုပ်စရာတွေ ဖြစ်လာတာတော့ အမှန်ပဲကွ"

ဟု ဒေါသတကြီးအော်ဟစ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

လူရွယ်က ခေါင်းတချက်ဆတ်ညိတ်ကာ

"Other are merely mirrors of you. You can vot love or hate Something about another person unless it reflects to you Something you love or hate in yourself၊ သူတစ်ပါးဟာ သင့်ရဲ့မှန်တွေပါပဲတဲ့၊ ကိုယ့်မှာရှိနေတဲ့ ချစ်စရာကောင်းတဲ့အချက်တွေ မုန်းစရာကောင်းတဲ့ အချက်တွေကို ရောင်ပြန်ထင်ဟပ်မှုမပါဘဲနဲ့ သူတစ်ပါးကို ချစ်လို့မုန်းလို့မရဘူးဆိုပြီး ပညာရှိ ဆရာတော်ကြီးတစ်ပါးက ဟောကြားခဲ့ဖူးတယ်"

ဟု ပြောပြန်၏။

ပွဲစားကြီးမှာ လွှန်စွာသိတ်ရှုပ်ထွေးကာ ခေါင်းအုံးအောက်မှ လိုင်စင်ဖြင့် ကိုင်ဆောင်သော ဆင်စွယ်ရိုးတပ်ခြောက်လုံးပြူးကို ယူ၍ လူရွယ်ထံတည့်မတ်စွာချိန်ရွယ်ပြီး

"မင်းဘာမှ မပြောနဲ့တော့ ဒီအခန်းထဲက ချက်ခြင်း ထွက်မသွားရင် ငါပစ်ဖောက်လိုက်မယ်"

ဟု ကြိမ်းဝါးလေ၏။

လူရွယ်က တုန်လှုပ်ဟန်မရှိဘဲ ဖြူဖွေးညီညာသော သွားများ ပေါ်အောင်ပြုံးကာ



"များရဲ့သေနတ်က အခုအချိန်မှာ အပ်တို တစ်ချောင်းလောက်တောင် အသုံးမဝင်ပါဘူးဗျာ"

ဟု ဆိုလေ၏။

ထိုအခါ ပွဲစားကြီးသည် မျက်လုံးကိုစုံမှိတ်ပြီး လူရွယ်ကို သေနတ်ဖြင့် ပစ်ခတ်လိုက်တော့၏။ သို့သော်ထင်မှတ်ထားသလို မဟုတ်ဘဲ ပွဲစားကြီး၏သေနတ်မောင်းခလုတ်သည် ထိတွေ့နေသည့် လက်ညှိုးမှာ အားစိုက်၍မရဘဲ၊ ဆံခြည်တစ်မျှင်စာမျှ ရွေ့လျားခြင်း မရှိဘဲ ဖြစ်နေ၏။

ထိုအခါ လူရွယ်က

"ပွဲစားကြီး၊ ဘာမှလုပ်လို့မရတဲ့အတွက် ကျုပ်စကား ကို ဆုံးအောင်နားထောင်စေချင်တယ်"

ဟု အမိန့်ပေးဟန်ဖြင့် ပြောလေ၏။

ပွဲစားကြီးသည် စိတ်ညို့ခံထားရသူလို မတုန်မလှုပ်ရှိနေ၏။ လူရွယ်ကဆက်၍

"ကျုပ်နာမည်က မေတ္တာလို့ခေါ်တယ်၊ မကြာခင်မှာ ခင်ဗျားအိမ်ကို ကလေးငယ်တစ်ယောက် ရောက်လာ လိမ့်မယ်၊ အဲဒီကလေးဟာ ကျုပ်ရဲ့ မျိုးဆက်သွေးဖြစ်တဲ့ ကျုပ်သားပဲ၊ ကလေးကို ခင်ဗျား ကောင်းကောင်းမွန်မွန် စောင့်ရှောက်စေချင်တယ်၊ တကယ်တော့ ဒါတွေ အားလုံး

www.burmeseclassic.com

ဟာ ကျုပ်စီရင်ဖန်တီးလို့မရသလို ခင်ဗျားလည်း စီရင်ဖန်တီးလို့မရဘူး၊ ကံအကြောင်းတရားရဲ့ တိုက်ဆိုင်မှုတွေပေါ့ဗျာ"

ဟု ပြောလေ၏။

ထိုအချိန်၌ ငမဲတူဟူသော လူရွယ်၏မျက်နှာသည် မှိုးသားများကဲ့သို့ မှိုင်းညို့၍နေ၏။ ပွဲစားကြီးသည် မဟုန်မလှုပ်ရှိနေရင် ငမဲတူ၏

"ကလေးကို ခင်ဗျား ကောင်းကောင်းစောင့်ရှောက်စေချင်တယ်"

ဟူသော စကားက နားထဲတွင်ပဲ့တင်ထပ်၍ရှိနေ၏။

ထိုအခိုက်တွင်ပင် ပွဲစားကြီးမြင်ကွင်းထဲမှ ငမဲတူသည် ဖျတ်ခနဲပျောက်ကွယ်သွား၏။

ထို့နောက်ပွဲစားကြီးသည် နောက်ဖေးချောင်တွင် အိပ်စက်နေသောမောင်လုံးထံသို့ လက်ဆွဲမီးအိမ်ကြီးကိုင်ကာ ရောက်ရှိလာ၏။

မောင်လုံးသည် ကလေးငိုသံကိုလည်း ကြားဟန်မတူ၊ ဆင်အော်၍ပင် နိုးမည့်ဟန်မရှိချေ။ ပွဲစားကြီး၏လှုပ်နှိုးမှုကြောင့် အိပ်မှုံစုံမွှားဖြင့် ထလာပြီးမှ ကလေးငိုသံကို သတိပြုမိလေ၏။

ထိုအခါ ပွဲစားကြီးက မောင်လုံး၏လက်တွင်းသို့ မီးအိမ်ကို ထည့်ကာ



"ဟောကောင်… အိမ်ရှေ့ကိုသွားကြည့်စမ်း၊ တံခါးဝမှာ ကလေးတစ်ယောက်ရှိလိမ့်မယ်၊ ငါ့အထင်မှန်ရင်တော့၊ အဲဒီကလေးဟာ မဲမဲကျုတ်ကျုတ်ကလေးဖြစ်မှာပဲ၊ အဲဒီကလေးကို မင်းခေါ်ပြီး တစ်နေရာမှာသွန့်ပစ်ခဲ့ပေတော့"

ဟု ပြောလေ၏။

မောင်လုံးက ခေါင်းကုတ်ပြီး

"ဆရာကြီး၊ ကလေးက ဘာကြောင့်ရောက်နေတာလဲ"

ဟု မေးမြန်းလေရာ ပွဲစားကြီးက ခေါင်းရမ်းပြီး

"ငါလည်းမသိဘူး၊ ကားလောကိုတောင် မကြည့်ရသေးဘူး၊၊ မင်းစကားမရှည်နဲ့၊ ငါပြောတဲ့အတိုင်းလုပ်၊ အကောင်းဆုံးက ရွှေဆိပ်မှာရှိတဲ့ ငါတို့ရဲ့ လှေတစ်စင်းထဲမှာ ကလေးကိုထည့်ပြီး ရေစီးနဲ့ မျှောချလိုက်ပေတော့"

ဟု နိုင်းစေလေ၏။

မောင်လုံးသည် ပွဲစားကြီးကို လွန်စွာကြောက်ရွံ့ရသော ငယ်မွေးခြံပေါက် တပည့်ဖြစ်၏။ ထို့ကြောင့်ပင် ပွဲစားကြီး၏အမိန့်အတိုင်း အိမ်တံခါးကိုဖွင့်လိုက်ပြီးနောက် အော်ကြီးဟစ်ကျယ်ဖြင့်

"ဟုတ်တယ် ဆရာကြီးရေ ကြိမ်ခြင်းထဲမှာ ကလေးတစ်ယောက်ရှိတယ်၊ မဲမဲတုတ်တုတ်ကြီးဗျ"

www.burmeseclassic.com

www.burmeseclassic.com



ဟု အိမ်တွင်းမှ ပွဲစားကြီးထံသတင်းပို့လေ၏။

ပွဲစားကြီးမှာ မိမိ၏အထင်မှန်ကန်သွားသောကြောင့် တုန်ရင်ကာ

*"ဒါဆိုရင် ငါပြောတဲ့အတိုင်း မြန်မြန်လုပ်စမ်းပါကွာ"*

ဟု ထပ်မံနိုင်းစေလိုက်တော့၏။

ပွဲစားကြီး၏အိမ်မှာ မြစ်ကမ်းနဘေးတွင်ပင် ဆောက်လုပ်ထားလေရာ လှေဆိပ်နှင့်မဝေးလှပေ။ မကြာမီမောင်လုံးပြန်ရောက်လာပြီး၊ အမိန့်အတိုင်းဆောင်ရွက်ပြီးကြောင်း သတင်းပို့လေ၏။

ပွဲစားကြီး၏အတွေးထဲတွင်မူ ငမဲတူ၏ မထီလေးစားဟန်ကိုသာ မြင်ယောင်နေ၏။

ထို့နောက်ပွဲစားကြီးသည် ဟက်ဟက်ပက်ပက်ရယ်မောပြီး

*"ဟား ဟား... ငမဲတူ မင်းဘာတတ်နိုင်သေးလဲ၊ ငါ့ရင်ထဲမှာ မင်းကိုမြင်မြင်ခြင်း၊ ဘာကြောင့်မုန်းတီးမိသလဲ ဆိုတာ တွေးလို့မရဘူး၊ အခုမင်းရဲ့သားဆိုတာကို ငါ ရွှန့်ပစ်လိုက်ပြီ၊ မင်းဘာတတ်နိုင်သေးလဲ၊ ဒါဟာ အရင်ဘဝက အတုံ့အလှည့်အာဃာတတွေပဲ ဖြစ်လိမ့်မယ်"*

ဟု ကြိမ်းဝါးလေ၏။

တပည့်ကျော်မောင်လုံးမှာမူ ပွဲစားကြီးအား ရုတ်တရက်ရှုံ့



သွပ်သွားပြီဟုထင်မှတ်ကာ ကြောင်ငေးငေးဖြင့်ကြည့်ရှုနေလေတော့၏။

ပွဲစားကြီးဦးရောသည် မဲတူကလေး၏ကိစ္စ ရှင်းလင်းသွားပြီဖြစ်သောကြောင့် စိတ်လက်ပေါ့ပါးစွာဖြင့်ပြန်လည် အိပ်စက်လေ၏။ မကြာမီငှင်းသည် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်၍ သွားလေ၏။

အရုဏ်တက်ချိန်တွင် အိပ်မက်မြင်မက်ပြန်၏။ ငမဲတူသည် လည်းရောက်ရှိလာပြန်၏။ ထိုအချိန်၌ ငမဲတူ၏မျက်နှာမှာ ရွှင်ပြနေ၏။

ပွဲစားကြီးကလည်း မဲ့ပြုံးပြုံးပြီး

*"ဘာတတ်နိုင်သေးလဲ၊ ကိုယ့်လူ မင်းသားကို ကျုပ်လက်မခံဘဲ ရွှန့်ပစ်လိုက်ပြီ"*

ဟု ဆီး၍ပြောလိုက်၏။

ငမဲတူက ခေါင်းယမ်းကာ သက်ပြင်းချပြီး

*"ကံအကြောင်းတရားရဲ့ တိုက်ဆိုင်မှုတွေကို ကျုပ်တို့ စီရင်ဖန်တီးလို့မရဘူးဆိုတာ ကျုပ်ပြောခဲ့ဖူးတယ်၊ ဒါကို ခင်ဗျားက သဘောမပေါက်ဘဲကိုး"*

ဟု ဆိုလေ၏။

ပွဲစားကြီးက ဟက်ခနဲရယ်ကာ

*"အဲဒီမင်းသား ငမဲတူကလေးကို လှေထဲမှာထည့်ပြီ ဧရာဝတီမြစ်ထဲမှာ မျှောလိုက်ပြီကွ၊ ဟား ဟား"...*

www.burmeseclassic.com

းအကြောင်းတရားက စီရင်လို့မရတော့ဘူး"

ဟု ပြောလိုက်ရာ ငမဲတူက

"ဒါဟာ ခင်ဗျားရဲ့အထင်သာဖြစ်တယ်၊ အမှန်တရား မဟုတ်ဘူးဗျ၊ အဲဒီအမှန်တရားဟာလည်း အချိန်တန်ရင် ပေါ်ပေါက်လာမှာပါ၊ ကျုပ်ထပ်ပြီးမှာပါရစေဗျာ၊ ကျုပ်သား ငမဲတူကလေးကို ခင်ဗျား သေသေချာချာ စောင့်ရှောက်စေ ချင်တယ်"

ဟု ပြောလေ၏။

ပွဲစားကြီးက ငမဲတူကို စူးစိုက်ကြည့်ပြီး တစ်စုံတစ်ရာကိုတွေး မိကာ

"ဘာကြောင့် အဲဒီကလေးကို ငါ့လက်ထဲ အတင်း ထိုးထည့်နေရတာလဲကွ၊ မင်းသားကို မင်းဘာသာ စောင့်ရှောက်ပါလား"

ဟု မေးမြန်းလေရာ ငမဲတူ၏မျက်လုံးအစုံက ရီဝေကာ

"ခင်ဗျားတို့ လူပိန်းတွေ နားလည်အောင်ပြောရရင်၊ အဲဒီကလေးဟာ ကျုပ်သားဆိုပေမဲ့၊ အခုအချိန်မှာ သူနဲ့ ကျုပ်ဟာ ဘယ်လိုမှ ထိတွေ့လို့မရတော့ဘူး၊ ကျုပ်နဲ့ သားဟာ ဘဝခြားသွားပြီဗျ"

ဟု အဖြေပေးလေ၏။

ထိုအခါ ပွဲစားကြီးကမျက်မှောင်ကျုတ်ပြီး

"ဒါဆိုရင်မင်းက သေသွားလို့၊ သရဲတစ္ဆေဖြစ်နေသလား၊ ဝိညာဉ်ဘဝကိုရောက်နေပြီလား"

ဟု ဆိုလိုက်ရာ ငမဲတူက တည်ငြိမ်စွာဖြင့်

"ကျုပ်သေသွားတာတော့ ဟုတ်ပါတယ်၊ ခင်ဗျား ပြောတဲ့ သရဲ၊ တစ္ဆေ၊ ဝိညာဉ်တွေဆိုတာ လူတွေ သတ်မှတ်ထားကြတာပါဗျာ၊ ကျုပ်ဟာ ခင်ဗျားတို့ မျက်စိတွေနဲ့ မမြင်ရတဲ့ အလွှာတစ်ခုထဲမှ ပုံသဏ္ဍာန် တစ်မျိုးနဲ့ ရှိနေတယ်၊ ဒီအလွှာမှာရှိနေတာတောင်မှ ခင်ဗျား တစ်ယောက်တည်းနဲ့သာ အိပ်မက်အဖြစ်နဲ့ပဲ ဆက်သွယ်နိုင် ခဲ့တယ်၊ ကျုပ်အတွက် အချိန်မရှိတော့ဘူး၊ မကြာခင် နောက်တစ်လွှာကို ကူးပြောင်းရတော့မယ်၊ ဒါဆိုရင် ခင်ဗျားကို အိပ်မက်နဲ့တောင် ဆက်သွယ်လို့မရတော့ဘူး၊ ပြီးတော့ ကျုပ်သားဆိုတဲ့ ငမဲတူကလေးနဲ့ သွေးသား သံယောဇဉ်အဖြစ်နောက်ဆုံး မျှင်မျှင်ကလေးကျန်ရှိနေသေး တဲ့ ကြိုးတစ်ချောင်းဟာလည်း ပြတ်တောက်သွားတော့ မယ်"

ဟု ပြောလေ၏။

ပွဲစားကြီးက မျက်နှာကိုရှုံ့မဲ့၍

www.burmeseclassic.com



"အခု မင်းက ငါ့ကို အိပ်မက်နဲ့ ဆက်သွယ်နေတာ ပေါ့၊ လုံးဝမဖြစ်နိုင်ဘူး၊ ဒါတွေကိုလည်း ငါက အယုံအကြည်မရှိဘူးကွ"

ဟု ဆိုလေရာ မေတ္တူက ပွဲစားကြီးကို ဘာမျှမသိနားမလည်သည့် ကျောင်းသားငယ်တစ်ယောက်ကို ဆရာကကြည့်ရှုပုံမျိုးဖြင့် ကြည့်ကာ

"လူ့လောကကြီးမှာ မတွေ့ကြုံဘူးတိုင်း မျက်လုံးစုံမှိတ်ပြီး မငြင်းဆန်သင့်ဘူးဗျ၊ အိပ်မက်နဲ့ဆက်စပ်ပြီး ကဗျာတွေရေးဖွဲ့ဖြစ်တဲ့စာဆိုတွေ၊ သံစဉ်တွေနဲ့ ထိတွေ့သွားတဲ့ ဂီတပညာရှင်တွေ၊ အမှန်တရားကို တွေ့သွားတဲ့ သိပ္ပံပညာရှင်ကြီးတွေစသည်ဖြင့် ရှိခဲ့ဖူးတဲ့ သက်သေသာဓကတွေ အများကြီးပဲ"

ဟု ပြောလေ၏။

ထိုအခါ ပွဲစားကြီးက

"ရှိရင်လည်း တိုက်ဆိုင်မှုပဲဖြစ်လိမ့်မယ်ကိုယ့်လူ"

ဟု ဆိုလေရာ မေတ္တူက လေသံအေးအေးဖြင့်

"(၁၈)ရာစုလောက်က၊ အလွန်ထင်ရှားတဲ့၊ အီတာလီလူမျိုး သီချင်းရေးဆရာ 'ဂျူးဆက်တာတီနီ' ဆိုတာ ရှိတယ်ဗျ၊ သူဟာအိပ်မက်ထဲမှာ သူ့ရဲ့တယောကို





စာတန်လို့ခေါ်တဲ့ နတ်ဆိုးတစ်ပါးကိုလှမ်းပေးလိုက်တယ်တဲ့၊ စာတန်က စိတ်ကူးကိုပါလွှန်မြောက်ပြီး လှပမှုအပြည့်ရှိတဲ့ တီးလုံးတီးကွက်တွေကို ကျွမ်းကျွမ်းကျင်ကျင်နဲ့ အိပ်မက်ထဲမှာ တီးခတ်ပြခဲ့တယ်၊ အဲဒီနောက် သူဟာ 'နတ်ဆိုးတီးလုံး'ကို သီကုံး ရေးစပ်တဲ့အခါ သူသီကုံးသမျှ တေးတွေထဲမှာ အကောင်းဆုံးဖြစ်ခဲ့တယ်၊ ဒါပေမဲ့ အိပ်မက်ထဲမှာ သူကြားခဲ့ရတဲ့ တီးလုံးရဲ့ခြေဖျားကို တောင်မမီဘူးလို့လည်း ဝန်ခံခဲ့တယ်ဗျ၊ ကမ္ဘာကျော်စာရေးဆရာကြီး 'ရောဘတ်လွီစတီဗင်ဆင်'ကလည်း သူ့ရဲ့ များပြားလှတဲ့စာပေအောင် မြင်မှုတွေရရှိခဲ့တာဟာ၊ နိုးကြားနေတဲ့စိတ်နဲ့ အိပ်မက်တွေကြားက တက်ကြွတဲ့ ပူပေါင်းလုပ်ဆောင်ချက်ကြောင့်ဖြစ်တယ်လို့ ပြောခဲ့တယ်၊ ဒါ့အပြင် သူဟာစီးပွားရေးအတွက် စာရေးစရာအကြောင်း ပေါ်လာပြီဆိုရင် လူတွေကြိုက်တဲ့ 'ဒေါက်တာဂျက်ကီးလ်နှင့် မစ္စတာဟိုက်တို့၏ ထူးဆန်းသောမှုခင်းဖြစ်ရပ်' ဆိုတဲ့ဝတ္ထုဟာ အိပ်မက်ကရလာတဲ့ ရလဒ်ဖြစ်တယ်တဲ့ သူ့မိခင်က အိပ်မက်ထဲမှာ သူ့ကိုခေါင်းညိတ်ခေါ်တယ်လို့မြင်မက်ခဲ့တယ်၊ အဲဒီအိပ်မက်ဟာ သူသေဆုံးတော့မဲ့ နိမိတ်ကို သတိမှတ်ပြီး မိတ်ဆွေတွေကို အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



တောင်းပြီး သူ့အသုဘအတွက် ရန်ပုံငွေတွေ ကောက်ခံထူထောင်ခဲ့တယ်၊ အဲဒီနောက် ဆုတောင်းပွဲပြုလုပ်ပြီး ဘုရားကျောင်းကအတွက်မှာပဲ လဲကျသေဆုံးသွားခဲ့တယ်၊ ဒါတွေအပြင် အိပ်မက်နဲ့ လက်တွေ့ဘဝဆက်စပ်ပုံတွေကို ကျုပ်ပြောပြရင် ကုန်နိုင်တော့မှာမဟုတ်ဘူး၊ အိပ်မက်ဆိုတာ သတင်းပို့ချက်တွေဖြစ်တယ်လို့ဆိုတယ်ဗျ၊ ဒါကို လူတွေက လက်ခံပြီး အဖြေထုတ်တဲ့အပေါ်မှာသာ သတင်းပို့ချက်တွေ ဖြစ်တယ်လို့ ဆိုတယ်ဗျ၊ ဒါကို လူတွေကလက်ခံပြီး အဖြေထုတ်တဲ့အပေါ်မှာသာ ကွဲပြား ခြားနားသွားတတ်တာမျိုးဗျ''

ဟု ရှည်လျားစွာပြောဆိုလေ၏။

ပွဲစားကြီးသည် မဲတူ၏စကားကို စူးစိုက်၍နားထောင်နေလေ၏။ ငမဲတူ၏စကားဆုံးလျှင် ပွဲစားကြီးကခေါင်းယမ်းပြီး

''မင်းပြောတာတွေက နားထောင်လို့ကောင်းသလိုပဲ၊ ဒါပေမဲ့ ငါမယုံဘူး၊ အဲဒီလိုပဲ မင်းရဲ့သား မဲတူကလေးကိုလည်း လက်မခံနိုင်ဘူး''

ဟု ပြောလိုက်၏။

ငမဲတူက နှုတ်ခမ်းကို တင်းတင်းစေ့ပြီး

''ခင်ဗျား ဒီကလေးကို လက်မခံလို့မရဘူးဗျ၊





ကျုပ်အပေါ်တင်ရှိနေတဲ့ အကြွေးတွေကို ခင်ဗျားဘက်က အဲဒီကလေးကို လက်ခံစောင့်ရှောက်ပြီး ကျေအောင်ဆပ်ရမယ်''

ဟု ဆိုလေရာ ပွဲစားကြီးက မျက်မှောင်ကြုတ်ပြီး

''မင်းကိုတောင် ငါမသိတာ၊ မင်းအပေါ်မှာ ဘယ်လိုအကြွေးမျိုးမှ ပေးဆပ်စရာမရှိဘူး''

ဟု ပြောလေ၏။

ငမဲတူက ဟက်ခနဲရယ်ကာ

''ခင်ဗျား လွန်ခဲ့တဲ့နှစ် (၂၀)ကျော်က မြန်မာပြည်မြောက်ဖျားကို ကုန်ရောင်းကုန်ဝယ် ခရီးလှည့်လည်သွားလာရင်း မိတ်ဆွေရင်းတစ်ယောက်အပေါ်သစ္စာဖောက်လုပ်ကြံခဲ့တဲ့ကိစ္စကို မှတ်မိဦးမယ်လို့ထင်တယ်၊ အဲဒီသူမှာ ကိုယ်ဝန်အရင့်အမာကြီးနဲ့ ဇနီးတစ်ယောက်ကျန်ခဲ့မှန်းလည်း ခင်ဗျားသိမှာပါ၊ အဲဒီအမျိုးသမီးဟာ ကျုပ်ရဲ့ မိခင်ပါပဲ''

ဟု ဆိုလေ၏။

ပွဲစားကြီးသည် ငမဲတူ၏စကားကြောင့် မျက်နှာမှာ သွေးဆုတ်သလိုဖြူရော်သွား၏ ငမဲတူကဆက်၍

''အဲဒီအကြွေးကို ကျုပ်သား ငမဲတူကလေးကို စောင့်ရှောက်ပြီး ဆပ်လိုက်ပါဗျာ၊ ဒါဟာ ခင်ဗျားကို ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



*ခြောက်လှန့်နေတာမဟုတ်ပါဘူး၊ ခင်ဗျားရဲ့အတိတ်က လှည့်ရစ်တွေက တစ်သက်လုံး အရိပ်လိုလိုက်ပြီး ခြောက်လှန့် နေတာဗျ၊ အတိတ်တစ္ဆေပေါ့ဗျာ၊ ဟား ဟား ဟား"*

ဟု ရယ်မောကာ ဖျတ်ခနဲပျောက်ကွယ်သွားလေ၏။

ငမဲတူ၏ရယ်သံကလည်း တဖြည်းဖြည်းဝေး၍တိတ်သွား၏။ ထိုအချိန်၌ပင် ရှုးရှုးဝါးဝါးအော်ဟစ်ငိုယိုလိုက်သော ကလေးငိုသံက ပွဲစားကြီး၏နားထဲသို့ဝင်ရောက်လာ၏။

ကလေးငိုသံကြောင့် ပွဲစားကြီးသည် အိပ်စက်ရာမှ နိုးလာပြန်၏။

သူ၏တစ်ကိုယ်လုံးချွေးတို့ဖြင့်ရွှဲနစ်လျက်ရှိ၏။ ကလေးငိုသံကအိမ်ပေါက်ဝမှ ထွက်ပေါ်နေဆဲဖြစ်၏။

ထိုအခါ ပွဲစားကြီးသည် လေသံတုန်ရင်စွာဖြင့်

*"မဲကောင်ကလေး၊ မဲတူလေး၊ ရောက်နေပြန်ပြီ"*

ဟု တစ်ကိုယ်တည်းရေရွတ်မိတော့၏။

ပွဲစားကြီးသည်ကလေးငိုသံကြောင့် စိတ်ရှုပ်ထွေးစွာဖြင့် အိပ်ရာမှနိုးထလာ၏။ ထို့နောက်ကပည့်ကျော် မောင်လုံးကိုပင်မနိုးတော့ဘဲ၊ လက်ဆွဲမီးအိမ်ကိုဆွဲကာ၊ အိမ်တံခါးကိုဖွင့်လိုက်တော့၏။

ထိုအခါပွဲစားကြီးကတော် ဒေါ်စိန်မှုန်၏မျက်နှာဝိုင်းဝိုင်းကြီးကို ဦးစွာ တွေ့လိုက်ရ၏။





ဒေါ်စိန်မှုန်သည် ကလေးငယ်တစ်ယောက်ကို ထွေးပွေ့ထား၏။ သူမ၏နောက်တွင် မကြာခင်ကမှ အသက် (၁၃)နှစ်ပြည့်ပြီးသွားပြီဖြစ်သော မဟာသံာရှိ၏။

သူတို့၏နောက်ပါးတွင် လှေသမား မြကြိုင်က လှော်တက်ကို ထမ်းကာ ရပ်တန့်နေ၏။

ဒေါ်စိန်မှုန်၏မျက်နှာမှာ ကလေးကို ထွေးပွေ့၊ ချော့မြူနေရင်း အိုင်ယာလန်ထီသုံးကြိမ်မျှ ဆက်၍ပေါက်လာသလို ရွှင်မြူးနေ၏။

မဟာသံာမှာမူလှပသော မျက်နှာနှင့် မလိုက်ဖက်စွာ နှုတ်ခမ်းကို တစ်တောင်လောက် စူ၍ထား၏။

ပွဲစားကြီးသည် ကလေးငယ်ကိုရှုးစိုက်ကြည့်မိပြီး

*"ဟုတ်တာပဲ၊ ငမဲတူကလေးပါလား"*

ဟု အံ့ဩတကြီးဖြင့်ကာ တစ်ဆက်ထဲပင်လေသံမာမာဖြင့်

*"မစိန်မှုန် ဒီကလေးကို ဘာလုပ်လာတာလဲ"*

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ မဟာသံာကမျက်နှာရှုံ့မဲ့ပြီး

*"အဖေကြည့်လုပ်ပါဦး၊ မေမေက မည်းမည်းတူတူ ကလေးကို အမေက မွေးစားမလို့ဆိုပြီး ခေါ်လာတယ်"*

ဟု တိုင်တန်းဟန်ဖြင့်ပြောလေ၏။

လှေသမားမြကြိုင်ကခေါင်းညိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆရာကြီး၊ ကျုပ်တို့အတ်ပွဲကအပြန်မှာ မျောလာတဲ့လှေတစ်စင်းကိုတွေ့တယ်၊ လှေပေါ်မှာ ဟောဒီကလေးလည်း ပါလာတယ်၊ ထူးဆန်းတာက အဲဒီလှေဟာ ကျုပ်တို့အိမ်က လှေဖြစ်နေတယ်ဗျာ၊ ကျုပ်လှေကိုပါ ကြိုးနဲ့တွဲပြီး ပြန်ဆွဲလာခဲ့တယ်"

ဟု ရှင်းပြလေ၏။

ပွဲစားကြီးသည် မေတ္တာကလေးမှာ အိမ်သို့ဆိုက်ဆိုက်မြိုက်မြိုက်ပြန်လည်ရောက်ရှိလာသောကြောင့် မည်သို့ပြုလုပ်ရမည်မသိဖြစ်နေ၏။

သူ၏ဝဝဖိုင့်ဖိုင့်ကိုယ်လုံးကြီးသည် တံခါးဝတွင်ကွယ်၍ရပ်တန့်နေသလိုရှိ၏။ ထိုအခိုက် ဒေါ်စိန်မှုန်က ပွဲစားကြီးကို တွန်းဖယ်၍ အိမ်တွင်းသို့ဝင်ရောက်ကာ

"ဟဲ့... မြကြိုင်လာစမ်း၊ ကလေးကိုနို့တိုက်ရအောင်၊ ရှာစွန်ခရာရှိတဲ့ ဆိတ်ကုလား မှုတ္တားဆီက နို့အောင်တဲ့ဆိတ်မ တစ်ကောင် သွားဆွဲလာခဲ့စမ်း၊ ဆိတ်မရဲ့တန်ဖိုး ကျသလောက်ပေးမယ်ဆိုတာလည်း ပြောလိုက်"

ဟု နှိုင်းစေလေ၏။ ပွဲစားကြီးက ဒေါ်စိန်မှုန်၏အနီးသို့ ရောက်လာပြီး

"မစိန်မှုန်၊ ကျုပ်မေးနေတယ်လေ၊ ဒီကလေးကို





ဘာလုပ်မလို့တုန်း"

ဟု ထပ်မံမေးမြန်းလေရာ ဒေါ်စိန်မှုန်က

"ကိုရေ၊ ရှင့်အသံကြောင့် ကလေးလန့်သွားပါဦးမယ်၊ အခုမှ အငိုတိတ်ကာစရှိသေးတယ်၊ ရှေ့ကလည်း ဒီလောက်မြင်တွေ့နေတာတောင် ဒုံးဝေးလိုက်တာ၊ ဒီကလေးကို ကျုပ်သားအမှတ်နဲ့ မွေးစားမလို့တော်ရေ"

ဟု အဖြေပေးလေ၏။ ထိုအခါ မဟာသီဘက နှုတ်ခမ်းရှုထားခြင်း လျော့ပါးမသွားဘဲ

"အမေတို့ကတော့ ဒီကျက်သရေမရှိတဲ့ မည်းမည်းတူတူကလေးကို မွေးစားဦးမယ်တဲ့၊ ငါက ဒီကလေးကို မောင်တော်ရတော့မှာပေါ့၊ ဟွန်း... ဝေးပါသေးတယ်"

ဟု နှုတ်ဖျားမှ ဆီမန်းမန်းသလို ပွစိပွစိဖြင့် ရေရွတ်ပြောဆိုကာ ခြေဆောင့်၍ အိမ်ပေါ်ထပ်သို့ တက်သွားလေ၏။ ပွဲစားကြီးက မေးစေ့ကို လက်ဖြင့်ပွတ်ကာ

"ဘယ်နှယ့်လဲ မစိန်မှုန်၊ သမီးက ဒီကလေးကို မောင်မတော်ချင်ဘူးလို့ ဆန္ဒပြနေပြီ"

ဟု စကားစလေရာ ဒေါ်စိန်မှုန်က ခေါင်းယမ်းပြီး

"တော်တို့သားအဖ အတ္တကြီးတာ ကျုပ်သိတယ်၊ ဒီကလေးကို တွေ့စကတည်းက တော့်သမီး



www.burmeseclassic.com

www.burmeseclassic.com



*တစ်လမ်းလုံး ကျုပ်ကို ရန်ရှာလာတယ်၊ အိမ်ရောက်တော့လည်း တော်က မျက်နှာရှစ်ခေါက်ချိုးကြီးနဲ့ ထပ်ပြီး ကလေးကို လက်မခံချင်ဘူးဆိုတာ ရိပ်မိတယ်၊ ဒီမှာ တော်တို့သားအဖကို ကျုပ် အပြတ်ပြောလိုက်မယ်၊ ကလေးကို ကျုပ် စောင့်ရှောက်မယ်လို့ ဆုံးဖြတ်ပြီးပြီ ဒါပဲ"*

ဟု ပြောဆိုလေ၏။

ထိုအချိန်၌ ကလေးငယ်သည် ပွဲစားကြီးကတော်၏လက်တွင်း၌ မော်မော့ပန်းပန်းနှင့် အိပ်ပျော်နေပြီဖြစ်၏။ ပွဲစားကြီးက ဇနီး၏ ဆန္ဒကို မလွန်ဆန်တော့ဘဲ

*"ကောင်းပြီလေ၊ ဒီကလေးကို မြကြိုင်တို့ လင်မယားလက်ထဲကို ထည့်လိုက်ပါ၊ မစိန်မှုန် ကလေးကို အနီးကပ် စောင့်ရှောက်နိုင်တာပဲ၊ ကျုပ်ကတော့ သားအဖြစ် ဘယ်တော့မှသတ်မှတ်မှာ မဟုတ်ဘူး"*

ဟု ပြောလိုက်တော့၏။

လှေသမားမြကြိုင်အား ပွဲစားကြီးကပင် ခြံဝင်းထဲ၌ အိမ်တစ်လုံးဆောက်ကာ မယားနှင့်အတူ နေထိုင်စေခြင်းဖြစ်၏။

ဒေါ်စိန်မှုန်သည်လည်း ကလေးကို အနီးကပ်စောင့်ရှောက်နိုင်မည်ဖြစ်သောကြောင့် ထိုအစီအစဉ်ကို လက်ခံလိုက်လေ၏။





ဤအချိန်မှအစပြု၍ ကလေးငယ်သည် ပွဲစားကြီး၏အရိပ်အောက်သို့ ရောက်ရှိခဲ့၏။ ပွဲစားကြီးသည် ကလေးငယ်ကို လက်ခံချင်သည်ဖြစ်စေ၊ လက်မခံချင်သည်ဖြစ်စေ လက်ခံလိုက်ရပြီဖြစ်၏။

ကလေးငယ်သည် ရုပ်ဆင်းအင်္ဂါနှင့်လိုက်ဖက်စွာပင် မဲတူကလေးဟုသာ အမည်တွင်၏။ ကိုယ်ခန္ဓာ အဆက်အပေါက်ကလည်း အရွယ်နှင့်မမျှအောင် ဖွံ့ဖြိုးကြီးမား၏။

မျက်နှာကမူ အစဉ်ပြုံးချိုနေ၏။ ရောဂါဘယလည်း ကင်း၏။ ဒေါ်စိန်မှုန်ကမူ ကလေးငယ်အပေါ် ပွဲစားကြီးနှင့် သမီးဖြစ်သူတို့က မေတ္တာမဲ့သလောက် ပိုတိုး၍ စေတနာထားလေ၏။

ထို့ကြောင့်ပင် မဲတူကလေး၏ ဝေယျာဝစ္စများကို လှေသမားမြကြိုင်၏မိန်းမနှင့် လွှဲမထားဘဲ ကိုယ်တိုင်လုပ်ကိုင်ကာ သားသည်မေတစ်ယောက်ပမာ ရှိနေလေ၏။

မကြာခဏလည်း ၎င်းက

*"မဲတူကလေးက ဘယ်လောက်တောင် သိမ်မွေ့ကောင်းသလဲရှင်၊ တခြားကလေးတွေလိုလည်း ကရိကထ မများဘူး၊ လူကြီးကိုလည်း ဒုက္ခမပေးဘူး"*

ဟု ချီးမွမ်းနေတတ်၏။

အပျိုဖော်ဝင်စ မဟာသီက မဲတူကြောင့် များစွာအရှက်ရသည်ဟု မကြာမတော ငြီးတွားတတ်သလို ပွဲစားကြီးကလည်း မဲတူကို



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းတခဲခဲနှင့် ရှိနေတတ်၏။

တစ်နေ့တွင် မဟာသိဒ္ဓာသည် ငမဲတူ၏ခြေထောက်၌ တစ်စုံ တစ်ရာကို မြင်တွေ့ပြီး မျက်လုံးမှ မီးဝင်းဝင်းတောက်မတတ် ဒေါသ တကြီးဖြစ်ကာ

*"အမေ... ငမဲတူ့ရဲ့ခြေထောက်မှာဆင်ထားတာ သမီး ငယ်ငယ်လေးက ဝတ်ခဲ့တဲ့ ရွှေခြေကျင်းကလေး မဟုတ် လား"*

ဟု မေးမြန်းလေ၏။ ဒေါ်စိန်မှုန်က ခေါင်းညိတ်ပြီး

*"ဟုတ်တယ်လေ၊ အမေဆင်ပေးထားတာ"*

ဟု အဖြေပေးလိုက်၏။

ဒေါ်စိန်မှုန်၏စကားမဆုံးမီပင် မဟာသိဒ္ဓာ၏လက်က ငမဲတူ၏ ခြေထောက်သို့ရောက်ရှိသွား၏။ သူမသည် ရွှေခြေကျင်းကို အားကုန် ပင် ဆွဲ၍ချွတ်လေ၏။

ငမဲတူသည် နာကျင်မှုကြောင့် စူးစူးဝါးဝါး ငိုကြွေးလေ၏။ ဒေါ်စိန်မှုန်သည် ရုတ်တရက်ပြုလုပ်လိုက်သော မဟာသိဒ္ဓာ၏ အပြုအမူ ကို မဟန့်တားလိုက်နိုင်ဘဲရှိ၏။

ထို့ကြောင့်ပင် မဟာသိဒ္ဓာ၏လက်တွင်းသို့ ရွှေခြေကျင်းတစ်ဖက် ရောက်ရှိသွားသည့်နည်းတူ ငမဲတူ၏ခြေထောက်တွင်လည်း သွေးများ ပင် စို့ကာ သေရာပါအမှတ်အသားတစ်ခု ဖြစ်ပေါ်ခဲ့၏။



ဤသည်မှာ နောင်တွင်ရရှိလာမည့် ငမဲတူ၏ရင်တွင်းမှ ဒဏ်ရာများအတွက် ရှေ့ပြေးအဖြစ် မပြောပလောက်သည့် ကိုယ်ခန္ဓာ ပေါ်မှ ဒဏ်ရာဒဏ်ချက်တစ်ခု စတင်ခြင်းသာဖြစ်တော့၏။

ပန်းအိမ် ကွန်ပျူတာ

www.burmeseclassic.com

www.burmeseclassic.com



မေတ္တူကလေးသည် တစ်နှစ်သားအရွယ်ကို ကျော်လွန်လာခဲ့၏။ တအောက်တောက်နှင့် လမ်းလျှောက်တတ်ပြီဖြစ်၏။ နှုတ်များမှလည်း မပီကလာ၊ ပီကလာဖြင့် စကားပြောဆိုနေပြီဖြစ်၏။

ထိုအခါ မေတ္တူကလေးက ပွဲစားကြီးကို

*"အဖေကြီး၊ အဖေကြီး"*

ဟု ခေါ်လေ၏။

ပွဲစားကြီးသည် ပက်လက်ကုလားထိုင်တွင် ရုပ်စုံကွမ်းအစ်ကြီးကိုဖွင့်၍ ကွမ်းဝါးရန်ပြင်နေ၏။ မေတ္တူ၏ခေါ်သံကြောင့် ကွမ်းအစ်ကြီးပင် လက်တွင်းမှလွတ်ကျမတတ်ဖြစ်သွား၏။



ဤအသံမှာ သူ့အတွက် မိုးကြိုးပစ်သံအလား၊ တွန့်ခနဲဖြစ်ကာ မေတ္တူကို မျက်ထောင့်နီကြီးနှင့်စိုက်ကြည့်ပြီး ဝုန်းခနဲထ၍ ထွက်သွားတော့၏။

ထိုသို့ခေါ်ရန် မေတ္တူကို ဒေါ်စိန်မှုန်က သင်ကြားပေးလိုက်ခြင်းဖြစ်၏။ ထို့နောက် မေတ္တူက မဟသ်ာကို

*"မမ၊ မမ"*

ဟု ခေါ်ပြန်၏။

ဤသည်မှာလည်း ဒေါ်စိန်မှုက သင်ကြားပေးလိုက်ခြင်းသာဖြစ်၏။ မေတ္တူ၏အသံကြောင့် မဟသ်ာသည် နှုတ်ခမ်းကို ထော်လေ၏။

ပြီးလျှင် မေတ္တူကို ရွံရှာစရာသတ္တဝါတစ်ကောင်အလား ကြည့်ရှုကာ ခြေဆောင့်၍ ထွက်ခွာသွားတော့၏။ ဒေါ်စိန်မှုန်သည် ထိုသားအဖ၏ မေတ္တူအပေါ် တုံ့ပြန်မှုကိုကြည့်ကာ သက်ပြင်းချပြီး

*"မေတ္တူရယ်... နင်ဘဝက ဟိုသားအဖနဲ့ ဘယ်လို ရောက်ကြောင့်လည်းမသိပါဘူး၊ သူတို့က နင်နဲ့ မျက်နှာချင်း မဆိုင်ချင်လောက်အောင် မုန်းတီးနေကြတယ်၊ ကိုရောက သူ့အလုပ်နဲ့သူ တစ်နေ့လုံး အပြင်ထွက်ပြီး သွားလာနေရတာရယ်၊ မဟသ်ာက ညောင်တုန်းမှာ ကျောင်းတက်နေတာရယ်ကြောင့် သူတို့နဲ့ဆုံဖို့ အချိန်နည်းနေလို့သာ*

www.burmeseclassic.com

www.burmeseclassic.com



တော်တော့တယ်”

ဟု ရေရွတ်မိလေ၏။ တစ်နေ့တွင် ပွဲစားကြီးက ဒေါ်စိန်မှုန်ကို

“ဒီမှာ မစိန်မှုန်၊ အဲဒီကလေး ကျုပ်ကို အဖေလို့ မခေါ်စေနဲ့၊ ပြီးတော့ သမီးကလည်း သူ့ကို အစ်မလို့ခေါ်တာ မကြိုက်ဘူး၊ ဘယ်ကရောက်လာမှန်းမသိတဲ့ ကလေကဝကလေးကို ကျုပ်သားအဖြစ် မသတ်မှတ်နိုင်ဘူး”

ဟု တားလေ၏။ ထိုအခါ ဒေါ်စိန်မှုန်က

“ရှင်တို့သားအဖ ကလေးအပေါ် သံယောဇဉ်ဖြစ်လာအောင် ကျုပ် မကြိုးစားတော့ပါဘူး၊ ဒါပေမဲ့ ဘယ်ကရောက်လာမှန်းမသိတဲ့ ကလေကဝကလေးလို့တော့ မစွပ်စွဲပါနဲ့၊ ကလေးက မျိုးကောင်းရိုးကောင်းပါ၊ သူ့အဖေက ကိုမဲတူ၊ အမေက မပိုးဉတဲ့ရှင့်၊ ဥတို့က ဟိုးရွှေဘိုဘက်က အလောင်းမင်းတရားကြီးရဲ့ အဆက်တွေတဲ့တော်ရေ”

ဟု ပြောလေရာ ပွဲစားကြီးမှာ မျက်လုံးပြူးကျယ်သွား၏။ ဒေါ်စိန်မှုန်က ဆက်၍

“ဒါတွေကို ကျုပ်သိနေလို့ တော်က အံ့သြနေတယ် မဟုတ်လား၊ သူ့ကိုစွန့်ပစ်ခဲ့တဲ့ကြိမ်ခြင်းကြီးထဲမှာ



ပုန်းသေတ္တာကလေး တစ်လုံးတွေ့တယ်လေ၊ သေတ္တာထဲမှာ ပတ္တမြားလက်စွပ်လေးတစ်ကွင်းနဲ့ စာတစ်စောင်ပါလာတယ်၊ စာကို သူ့မိခင် မပိုးဉဆိုတဲ့ အမျိုးသမီးက ရေးခဲ့တာလေ၊ ကိုမဲတူက အကြောင်းတိုက်ဆိုင်စွာ သေဆုံးသွားရပြီး မပိုးဉဟာလည်း အသက်အန္တရာယ်ကြောင့် ယောဒီကလေးနဲ့ ပြေးလွှားပုန်းရှောင်နေရရှာတဲ့ ဒုက္ခသည်တွေတဲ့၊ ဒီကလေးကို မပိုးဉ ကိုယ်တိုင် ကျုပ်တို့အိမ်ရှေ့မှာလာပြီးစွန့်ပစ်ခဲ့တာပါလို့ စာထဲမှာရေးထားသေးတယ်၊ အဲဒီစာကိုဖတ်ပြီးတော့ ဒီကလေးဟာ ကျုပ်နဲ့မတွေ့ခင်ကတည်းက အိမ်ကိုရောက်ခဲ့ပြီးပြီဆိုတာ သိလိုက်ရတယ်၊ သူ့ကို လှေတစ်စင်းနဲ့ ရေထဲမှာမျောနေတာကို ကျုပ်တို့က နောက်မှတွေ့ရတာကိုး၊ လှေကလည်း ကျုပ်တို့အိမ်က လှေပဲလေ၊ ဒါကြောင့် သူ့ကို အိမ်ကိုရောက်ပြီး တစ်ယောက်ယောက်ရဲလက်ချက်နဲ့ ပြန်ပြီး အစွန့်ပစ်ခံလိုက်ရတယ်ဆိုတာ ထင်ရှားနေတာပဲ၊ အဲဒီသူကလည်း ရှင်ပဲဖြစ်မှာပေါ့၊ ပြီးတော့ ကျွန်မ မောင်လုံးကိုမေးကြည့်လို့ အဖြစ်မှန်တွေကို သိပြီးပြီ”

ဟု ဆိုလေ၏။

ပွဲစားကြီးသည် အပြစ်ရှိသူတစ်ယောက်လိုဖြစ်ကာ နှုတ်ဆိတ်

www.burmeseclassic.com



နေလေ၏။

ဒေါ်စိန်မှုန်ကဆက်၍

*"အခုဆိုရင် မေတ္တာကလေးကို မိခင် မပိုးဥမှာ ဘယ်လောက်တောင် အရွှရာယ်တွေဝိုင်းနေသလဲ မသိဘူး၊ လူ့လောကကြီးထဲမှာ ရှိမှရှိသေးရဲ့လားလို့ ကျုပ် တွေးမိတယ်၊ မိခင်တစ်ယောက်က သူ့သားသမီးကို အကြောင်းကိစ္စ အရေးတကြီးမရှိဘဲနဲ့ ဒီလိုစွန့်ပစ်သွားပါမလားရှင်"*

ဟု ပြောဆိုပြန်၏။

ပွဲစားကြီးသည် မေတ္တာကလေး၏ ဘဝတစ်စွန်းတစ်စကို သိလိုက်ရပြန်၏။

သို့သော် သူသည် မေတ္တာကလေးကိုမြင်ရတိုင်း အတိတ်တစ္ဆေ၏ခြောက်လှန့်ခြင်းကို ခံနေရ၏။ အိပ်မက်ထဲမှ မေတ္တာကလည်း ကလေးကိုစောင့်ရှောက်ကာ အတိတ်အကြွေးကိုပေးဆပ်ရန် တောင်းဆိုသွားခဲ့၏။

ပွဲစားကြီးသည် စိတ်ကိုတင်းပြီးခေါင်းရမ်းကာ ခြောက်ကပ်ကပ်ရယ်မော၍

*"ဒီမှာ မစိန်မှုန်၊ မင်းကတော့ဘာမှ နားလည်မှာ မဟုတ်ဘူး၊ နားလည်အောင်လည်း ငါမပြောတတ်ဘူး၊ မင်းသိထားဖို့က အဲဒီကလေးဟာ ငါ့ကို အမြဲတမ်း စိတ်*





*ဒုက္ခရောက်နေစေမဲ့ကလေးကွ"*

ဟု ပြောလိုက်လေ၏။

မေတ္တာဟူသည် အသွားအပြန်ရှိသည်သာဖြစ်၏။ ပွဲစားကြီးသားအဖက မေတ္တာကို ပစ်ပယ်ထားကြ၏။

နောက်ပိုင်းတွင်း မေတ္တာကလည်း သူတို့ကို ခင်မင်ရင်းနှီးဟန်မရှိတော့ချေ။ မေတ္တာသည် ဒေါ်စိန်မှုန်ကို နေ့လယ်ဘက်တွင် မိခင်တော်စပ်ပြီး ညဘက်တွင် လေ့သမားမြကြိုင်၏ မိန်းမ မသိန်းလှကို မိခင်တော်စပ်ရ၏။

ထို့ကြောင့်ပင် သူမက

*"မေတ္တာရယ်၊ နင့်ဘဝက သနားစရာပဲ၊ ဒီလိုမွေးစားသားမျိုးလည်း ငါတစ်ခါမှ မတွေ့ဘူးပါဘူး"*

ဟု ပြောဆိုတတ်၏။

မေတ္တာသည် မသိန်းလှကို အဒေါ်ဟုပင်ခေါ်၏။ ထို့ကြောင့် တစ်ညတွင် မေတ္တာက မသိန်းလှကို

*"အဒေါ် ကျုပ်ကို သနားတယ်လို့ ခဏ ခဏ ပြောတယ်၊ သနားတယ်ဆိုတာဘာလဲ"*

ဟု မေးမြန်းလေ၏။

မသိန်းလှက

*"ဟဲ့... မေတ္တာရဲ့ သနားတယ်ဆိုတာ နင့်ဘဝ ကံဆိုး*



www.burmeseclassic.com

www.burmeseclassic.com



မိုးမှောင်ကျပြီး ဒီအိမ်ကိုရောက်လာတာကိုပြောတာပေါ့၊ နင့်အဖေကလည်း သေပြီတဲ့၊ နင့်အမေကလည်း အရှေ့ရာယ်တွေနဲ့တွေ့ပြီး ဘယ်ရောက်နေမှန်းမသိဘူးတဲ့၊ နင့်မှာ ဒီလိုသူဌေးအိမ်ရောက်လာပြီး မွေးစားခံရဖို့ အခွင့်အရေးရပေမဲ့၊ သူဌေးကမကြည်ဖြူတော့ နင့်မှာ မျက်နှာသာမရဘူးမဟုတ်လား၊ နင်ကငယ်သေးတော့ဘယ်သိမလဲ၊ ကြီးလာရင်တော့ အဲဒီသနားတယ်ဆိုတာကြီးကို ကောင်းကောင်းနားလည်လာလိမ့်မယ်"

ဟု ပြောလေ၏။

ငမဲတူက မျက်လုံးကလယ်ကလယ်ဖြင့်ခေါင်းယမ်းကာ

"အဲဒီသနားတယ်ဆိုတာကြီးကို ကျုပ်နားမလည်ဘူး၊ ကျုပ်ကိုအဲဒီလိုခေါ်တာ မကြိုက်ဘူးဗျ"

ဟု ဆိုလေ၏။

ငမဲတူဆော့ကစားတတ်သည့်အရွယ်သို့ ရောက်သောအခါ သူ၏ကမ္ဘာမှာ ပို၍ကျယ်ပြန့်လာ၏။

သူ့တွင်ကစားဖော်သူငယ်ချင်းများရရှိလာပြီဖြစ်၏။ ငမဲတူသည်ရွယ်တူကလေးများထဲတွင် ကိုယ်ခန္ဓာထွားကြိုင်း၍ ခေါင်းတစ်လုံး ပိုမြင့်နေ၏။

ထို့ကြောင့်ပင် တစ်ယောက်ကိုတစ်ယောက် ကျောပိုး၍





တွေပစ်တမ်းကစားကြသည့်အခါတိုင်း ငမဲတူမှာ ၊ ကျောပိုးခံရသည့်ဘက်မှ အမြဲနေရလေ၏။

သူ၏ကိုယ်ခန္ဓာကြီးကို အခြားကလေးငယ်များ မသယ်ပိုးနိုင်ကြချေ။ ငမဲတူငါးနှစ်သားအရွယ်တွင် ဧရာဝတီမြစ်အတွင်း၌ ကျင်လည်စွာရေကူးတတ်နေပြီဖြစ်၏။

ထို့ကြောင့် အခြားကလေးငယ်များနှင့် ရေထဲ၌ကူးခတ်ကစားကြသောအခါ ငမဲတူမှာ လိုက်သည့်ဘက်မှချည်းအမြဲနေရ၏။

ငမဲတူပြေးသည့်အလှည့်တွင်မည်သူမျှ မီအောင် မဖမ်းနိုင်ကြချေ။ ထို့ကြောင့်ပင် ငမဲတူသည် အဆင်ပြေသလိုပင် ကစားဖော်များနှင့် ပျော်ရွှင်စွာဆော့ကစားနေလေ့ရှိ၏။

ထိုကဲ့သို့ ဆော့ကစားသည့်အချိန်တို့က မကြာမီ လျော့ပါးသွားလေ၏။

တစ်နေ့တွင် ဒေါ်စိန်မှုန်က ငမဲတူ၏ဦးခွန်းဖုတ်မှ လက်လေးလုံးခန့်ရှည်ထွက်နေသည့် ဆံပင်တို့ကိုရှန်ပန်းနီစနှင့် ချည်နှောင်ပေးကာ ကမြစ်အင်္ကျီခေါ် ရှပ်လက်ရှည်အင်္ကျီနှင့်လုံချည်အနီကို ဝတ်ဆင်ပေးပြီး

"ငမဲတူကလေး ဒီနေ့ကစပြီးကျောင်းတက်ရမယ်၊ အမေနဲ့အတူ ရွာစွန်က ဆရာချစ်ကျောင်းကို လိုက်ခဲ့ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ခေါ်လေ၏။

ငမဲတူ၏ပခုံးထက်တွင် ချည်လွယ်အိတ်ကလေးတစ်လုံးကို လည်းလွယ်စေ၏။

ထို့နောက် ဒေါ်စိန်မှုန်က အသင့်ပြုလုပ်ထားသည့် ကန်တော့ပွဲနှင့်မုန့်သစ်သီးအချို့ကို ယူဆောင်၍ လက်တစ်ဘက်မှ ငမဲတူကို ဆွဲကာဆရာချစ်၏ကျောင်းသို့ ကျောင်းအပ်ရန်ထွက်ခွာလေ၏။

ပွဲစားကြီးနှင့် မဟာသာသည် အိမ်တွင်ရှိနေကြရာ ထိုအချင်းအရာကိုမြင်တွေ့ကြလျှင် ပွဲစားကြီးက

*"သမီးရေ… ဟိုငမဲတူကိုတော့ နင့်အမေက စာတွေဘာတွေ သင်ပေးဦးမယ်တဲ့"*

ဟု ငေါ့တော့တော့လေသံဖြင့် ပြောလေရာ မဟာသာကလည်း

*"အဖေကြည့်နေပါ၊ ငမဲတူကျောင်းက ငိုယိုပြီး ဘယ်အချိန်ပြန်လာမလဲဆိုတာ၊ ဆရာချစ်ကလည်း အရိုက်ကြမ်းပါပေ့"*

ဟု ဆိုလေ၏။

ဆရာချစ်၏ကျောင်းသည် မြန်မာစာသင်၊ မူလတန်းကျောင်း ဖြစ်၏။

တစ်နည်းအားဖြင့် အင်္ဂလိပ်ကိုလိုနီခေတ်အခါက ပညာသင်ကြားရေးတွင် အစိုးရအခန်းကဏ္ဍမှ ပါဝင်ခဲ့သော ကိုယ်ထူ





ကိုယ်ထ မူလတန်းကျောင်းကလေးသာဖြစ်၏။

ကျောင်းလခကို ရေဖိုးဟုခေါ်၍ တစ်လလျှင်တစ်မတ်ပေးရ၏။ ဆရာချစ်၏ကျောင်းတွင် ကျောင်းသားမှာ အခြားရွာနီးချုပ်စပ်များမှလာ၍ထားကြသောကြောင့်၊ အယောက်(၃၀)ကျော်၏။

ကျောင်းဟုဆိုသော်လည်း သစ်သားပျဉ်ထောင် တန်းလျားရှည်ကြီးဖြစ်၏။ ဆရာချစ်၏ အိမ်လည်းဖြစ်၏။

ဒေါ်စိန်မှုန်သည် ငမဲတူကို ကန်တော့ပွဲနှင့်ကျောင်းအပ်ပြီးလျှင် အိမ်သို့ပြန်သွားတော့၏။ ငမဲတူအတွက် ဆရာချစ်၏ကျောင်းသည်အရာအားလုံး အသစ်အဆန်းဖြစ်နေ၏။

အခြားကျောင်းသားများသည် ကျောင်းအပ်စဖြစ်သောကြောင့် အသားမကျဘဲ ငိုယိုနေကြ၏။

အချို့ကမူ ရရှိသည့်မုန့်ဖိုးပဲမိုးကလေးများကို ကိုင်၍ ဆရာချစ်၏မိန်းမရောင်းချသော မုန့်ဗန်းကြီးအနီးတွင် ဝိုင်းအုံနေကြ၏။

မုန့်ဗန်းထဲတွင် ဘယာကြော်၊ ထန်းလျက်ချောင်းကျော်၊ ခဲလံချောင်း(ကောက်ညှင်းကျည်တောက်)၊ မာလကာသီး၊ ဆီးယို၊ အုန်းမှုန်ကူစသည်ဖြင့် တစ်ပြားတန်မုန့်များစုံ လင်အောင်ရှိ၏။

ထို့အပြင် ကြံချောင်း၊ ငှက်ပျောသီးစသည်တို့လည်းရှိ၏။ မကြာမီဆရာချစ်၏မိန်းမ မုန့်ဗန်းခေါက်သံ ထွက်ပေါ်လာ၏။ မုန့်



www.burmeseclassic.com

www.burmeseclassic.com



များ တက်တက်ပြောင်သွားပြီဖြစ်၏။

ထို့နောက် ဆရာချစ်၏ ကျောင်းတက်ခေါင်းလောင်းသံကလည်း ထွက်ပေါ်လာ၏။ ကျောင်းသားများသည် ကြမ်းခင်းတွင် ခုံမှာ၍မရှိဘဲ တန်းစီ၍ထိုင်ရ၏။ စာရေးလျှင် ကြမ်းခင်းတွင် ဝပ်၍ရေးရ၏။

ဆရာချစ်သည် အသားအရေက ဖြူဖပ်ဖြူရောင်ဖြစ်ကာ အမြဲသာမ်း ချောင်းတဟွတ်ဟွတ်ဆိုးနေတတ်၏။ လူကောင်ကလည်း သေးကွေး၏။

မျက်လုံးအားနည်းသောကြောင့် ကျွဲကော်ကိုင်းမျက်မှန်ထူကြီးကို တပ်၍ထားရ၏။ လက်တွင်း၌ အမြဲလိုပင် ထားဝယ်ကြိမ်တစ်ချောင်းက ရှိနေတတ်၏။

ဆရာချစ်သည် စာပြချိန်တွင် ပိတ်ဖြူရင့်စေ့အင်္ကျီနှင့် 'ကာလနံ' ခေါ် ပိတ်ဖြူလုံချည်ကို ဝတ်ဆင်လေ့ရှိ၏။

ထို့နောက် ဆရာချစ်က ကျောင်းသားသစ်များ၏သင်ပုန်းတွင် ကိုယ်တိုင် ဝလုံးတစ်လုံးကို ရေးသားပေး၏။ နောက်စာကြောင်းများကို ကျောင်းသားများက ဆက်၍ရေးကြ၏။

ငမဲတူ၏သင်ပုန်းမှာ အနံ့တစ်ထွာ၊ အလျားတစ်တောင်ရှိသော သစ်သားသင်ပုန်းဖြစ်၏။ သူကို့အတွက် ကျောင်းသားလုံးပစ္စည်းမှာ သစ်သားသင်ပုန်း (သို့မဟုတ်) ကျောက်သင်ပုန်းနှင့် ကန့်ကူဆံ



ကျောက်တံတို့သာဖြစ်၏။

သစ်သားသင်ပုန်းမှာမူ မကြာခဏ မီးသွေးပွတ်၍ ထမင်းရည်သုတ်ကာ အခြောက်ခံ အသုံးပြုရ၏။ ကန့်ကူစံမှာမူ အကျိုးအပဲ့များဆိုလျှင် နစ်ပြားဖိုးမျှကို အုန်းမှုတ်ခွက်တစ်လုံးစာရ၏။ ကန့်ကူဆံတိုနေလျှင် သံဖြူအစွပ်တပ်၍ ရေးရ၏။

ငမဲတူသည် ဆရာချစ်နမူနာရေးပြထားသော သင်ပုန်း၏ထောင့်မှ ဝိုင်းစက်ညီညာသော ဝလုံးကလေးကို စူးစိုက်ကြည့်နေ၏။

သူ၏မျက်လုံးထဲတွင် ဝလုံးကလေးကို ဝလုံးဟု မမြင်ချေ။ ဆိတ်ချေးတုံး၊ လုံးလုံးဝိုင်းဝိုင်းကလေးဟုသာ ထင်မှတ်၏။

သူတို့သည် နေ့လည်မုန့်စားကျောင်းဆင်း၍ ကျောင်းပြန်တက်ရသောအခါ ၌လည်း ဝလုံးကိုသာရေးရ၏။ ငမဲတူသည် ညနေကျောင်းဆင်းခါနီးတွင် သင်ပုန်းအပြည့် သူ၏ဆိတ်ချေးတုံးကလေးများကို ညီညာစွာပုံဖော်ရေးထားပြီးပြီဖြစ်၏။

ငမဲတူမှာ ငယ်စဉ်ကတည်းက ဆိတ်နို့သောက်၍ ကြီးပြင်းခဲ့ရာ ဆိတ်ချေးတုံးများနှင့်ရင်းနှီးနေ၏။

ထို့ကြောင့်ပင် ဝလုံးကလေး များကို ဆိတ်ချေးတုံးအမှတ်နှင့် ဝိုင်းစက်စွာ ရေးသားထားသည်ကို ဆရာချစ်က ကြည့်ရှုပြီး မျက်လုံးပြူးကျယ်ကာ

*"ဟဲ့... ငမဲတူ၊ နင့်ဝလုံးတွေ ဝိုင်းလှချည်လား*

www.burmeseclassic.com



ဘယ်သူရေး ပေးတာလဲ"

ဟု မေးမြန်းလေ၏။ မဲတူက လက်ပိုက်၍

"ကိုယ့်ဘာသာရေးတာပါ ဆရာကြီး"

ဟု အဖြေပေးလေရာ ဆရာချစ်က မျက်မှောင်ကြုတ်ပြီး

"ဒါဆိုရင် ရေးပြီးသားတွေဖျက်ပြီး ငါ့ရှေ့မှာ အသစ်ရေးပြစမ်း"

ဟု စေခိုင်းလေ၏။

မဲတူကလည်း မဆိုင်းမတွပင် အသစ်ထပ်မံ၍ ဆိတ်ချေးတုံးကာ ... ပုံးကို ညီညာစွာ ပုံဖော်ပေးလိုက်၏။ ဆရာချစ်က သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ

"နင်က ဘယ်ဆိုးလို့လဲ၊ တခြားကလေးတွေ ဝလုံးရေးတာတင် တစ်ပတ်လောက်ကြာတယ်၊ ကဲ... ကဲ... နင့်ကို အနက်ဖြန့်ကစပြီး သင်ပုန်းကြီးတက်ပေးမယ်၊ အိမ်က တစ်မတ်နဲ့နှစ်ပြားသာ ယူလာခဲ့ပေတော့"

ဟု မှာလိုက်လေတော့၏။

ဒေါ်စိန်မှုန်သည် ထိုအကြောင်းကိုသိလျှင် ဝမ်းသာအားရနှင့် ရွာထဲရှိ တရုတ်ကုန်စုံဆိုင်မှ နှစ်ပြားတန် 'ခင်တဲဆိပ်' သင်ပုန်းကြီး စာအုပ်ကို ချက်ချင်းပင် ဝယ်ယူပေးကာ

"မဲတူကလေး... နင့်ကို လူတွေက အထင်သေး



ကြတယ်၊ အဲဒီတော့ စာတတ်အောင်သင်ပါ၊ ဒါမှ လူတွေ အထင်ကြီးတာကိုလည်း ခံရမယ်၊ ချမ်းချမ်းသာသာလည်း နေရမယ်"

ဟု ဆုံးမလေ၏။ ထိုအခါ မဲတူက

"အမေ... လူတွေ သနားတာနဲ့၊ အထင်သေးတာနဲ့ အတူတူပဲလား"

ဟု မေးမြန်းလေ၏။ ဒေါ်စိန်မှုန်က

"ဟုတ်တယ်၊ သနားတယ်ဆိုတာ ကိုယ့်မှာ တစ်ခုခုချို့တဲ့နေလို့၊ ချို့တဲ့တယ်ဆိုတာက ကိုယ်စွမ်း ဉာဏ်စွမ်းမရှိတာလို့သတ်မှတ်တယ်၊ မင်းမှာ အင်အားမရှိရင် ကိုယ်စွမ်းမရှိဘူး၊ စာမတတ်ရင် ဉာဏ်စွမ်းမရှိဘူး၊ အဲဒီလိုတွေမရှိရင်လည်း လူတွေက အထင်သေးတာပဲ"

ဟု နားလည်လွယ်အောင် ရှင်းပြလေ၏။ မဲတူက ခေါင်းညိတ်ပြီး

"ဒါဆိုရင် ကျုပ်ကို လူတွေ မသနားရအောင်၊ အထင်မသေးအောင် လုပ်မယ် အမေ"

ဟု ပြောလိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ဟု လျှောက်တင်လေ၏။ ရှင်ပဏ္ဍိတက မျက်လွှာချပြီး တည်ငြိမ်စွာဖြင့်

*"ဒကာမကြီး ကုသိုလ်အကျိုးတွေများများရအောင် ကိုရင်ကျင့်ဝတ်သိက္ခာထိန်းပြီး နေပါ့မယ်"*

ဟု မိန့်လိုက်လေတော့၏။

ညသို့ရောက်လျှင် ရှင်ပဏ္ဍိတသည် ဆရာတော်ကြီးနှင့်အတူ ရှည်လျားစွာ ဘုရားရှိခိုးပူဇော်ရ၏။ ထို့နောက် ဆရာတော်ကြီး၏ ကျောက်သရေခန်းအပြင်တွင် ကျိန်းစက်ရန်ပြင်လေ၏။

ရွာဦးကျောင်းမှာ သစ်ပင်ကြီးများ အုံ့ဆိုင်းပြီး ကျယ်ဝန်းသလောက် ကျောင်းကလည်း နှစ်ထပ်ကျောင်းဆောင်အိုကြီးဖြစ်၏။

ထိုသော် ကျောင်းတွင် ဆရာတော်ကြီးနှင့် ကပ္ပိယတစ်ယောက်၊ ကျောင်းသားငယ်လေးတစ်ယောက်သာရှိ၏။ ကပ္ပိယကြီးမှာ ကျောင်းအောက်ထပ်ရှိ မီးဖိုခန်းတွင် အိပ်စက်လေ၏။

ကျောင်းသားငယ်လေးမှာမူ ရှင်ပဏ္ဍိတနှင့် မလှမ်းမကမ်းရှိ ကျောင်းထောင့်တွင် အိပ်စက်လေ၏။

ဆရာတော်ကြီးက ဘုရားဝတ်ပြုပြီး၍ ကျိန်းစက်ရန် လက်ဆွဲမီးအိမ်ကို ငြိမ်းသတ်လိုက်လျှင်ပင် ကျောင်းသားငယ်သည် ရှင်ပဏ္ဍိတအနီးသို့ အိပ်ရာကိုပါရွှေ့၍ တဖြည်းဖြည်း တိုးကပ်လာတော့၏။

ဘုရားခန်းမှ ဆီမီးအလင်းရောင်နှင့် ရှင်ပဏ္ဍိတသည် ထို



အချင်းအရာကို ကောင်းစွာမြင်တွေ့နေရ၏။

ထိုအခါ အနီးသို့ရောက် လာသောအခါ ကျောင်းသားငယ်ကို လေသံထွက်သည်ဆိုရုံမျှနှင့်

*"ဟော... သံလုံး၊ ဘာဖြစ်လို့ ကိုရင့်အနား ကပ်လာတာလဲ"*

ဟု ဆီး၍မေးမြန်းလိုက်၏။ သံလုံးဟူသောကျောင်းသားငယ်ကလည်း လေသံတိုးတိုးဖြင့်

*"တပည့်တော်၊ သရဲကြောက်လို့ပါ၊ ဒီကျောင်းမှာ ပရိတ်ရွတ်တာတောင်မမှုတဲ့ ဘုန်းကြီးတစ္ဆေရှိတယ် ကိုရင်"*

ဟု ပြန်၍လျှောက်လေ၏။

သံလုံးသည် ရှင်ပဏ္ဍိတထက် အသက် (၁) နှစ်ခန့် ပို၍ကြီး၏။ သို့သော် လူကောင်ကမူ သေးကွေး၏။ သံလုံး၏စကားကြောင့် ရှင်ပဏ္ဍိတက နှုတ်ပေါ်လွှက်တင်ပြီး

*"ကိုရင်တော့ အဲဒါတွေကို အယုံအကြည်မရှိဘူး"*

ဟု မိန့်လေရာ သံလုံးက

*"မယုံမရှိနဲ့ ကိုရင်၊ ကျောင်းမှာ ခဏလာတည်းခိုပြီး သေဆုံးသွားတဲ့ ကုလားအဘိုးကြီးသရဲလည်း ရှိသေးတယ်၊ သူကတော့ ကျောင်းပေါ်မတက်ဘူး၊ ကျောင်းဝင်းထဲမှာပဲ ညသန်းခေါင်ဆိုရင် လှည့်ပတ်သွားလာနေတော့တာပဲ"*

www.burmeseclassic.com

www.burmeseclassic.com

[illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ရှင်ပဏ္ဍိတသည်လည်း ဆရာတော်ကြီး၏ မိန့်မှာချက်အတိုင်း ကျောင်းဝင်းထဲတွင် စကြံလျှောက်ရင်း ပုတီးစိပ်ရလေ၏။ အချိန် အတန်ကြာလျှင် ရှင်ပဏ္ဍိတ၏နောက်ပါးဆီမှ

*"ကိုရင်လေး၊ လျှောက်ထားစရာရှိလို့ပါဘုရား"*

ဟု လျှောက်တင်သံကို ကြားရ၏။ ရှင်ပဏ္ဍိတ၏ခြေလှမ်းတို့ တုန့်ခနဲရပ်တန့်ပြီး မျက်လွှာကို ဖွင့်လိုက်၏။

ပွဲစားကြီး၏တပည့်ကျော် မောင်လုံးနှင့် ကိုမြကြိုင်တို့ လင်မယားသည် မြေပြင်တွင် ရှင်ပဏ္ဍိတကို ဝတ်ဖြည့်နေကြ၏။ ထို့နောက် မောင်လုံးကစတင်ပြီး

*"ကိုရင် စိတ်ကိုနိုင်နိုင်ထားပြီး နားစိုက်ပါဘုရား"*

ဟု လျှောက်လေရာ ကိုမြကြိုင်က ခေါင်းပေါင်းတဘက်နှင့် မျက်နှာကို ပွတ်သပ်ကာ

*"ကိုရင်လေး… ဒကာမကြီး ဒေါ်စိန်မှုန် ညသန်းခေါင် ကျော်လောက်က ဆုံးသွားပြီဘုရား"*

ဟု လျှောက်တင်ပြန်၏။ မသိန်းလှကလည်း မျက်ရည်စက်လက်နှင့် လက်အုပ်ချီ၍

*"အစ်မ စိန်မှုန်၊ ညက လှေဆိပ်က စပါးလှေတွေ စောင့်ရင်း ဆိပ်ခံတံတားပေါ်က မူးတယ်၊ မူးတယ်ပြောပြီး ရေထဲကျသွားပါတယ် ဘုရား၊ ချက်ချင်းပဲ ရေထဲက*



*ဆယ်လိုက်နိုင်ပေမဲ့ အသက်ကတော့ ပါမလာတော့ဘူး"*

ဟု လျှောက်တင်ပြန်၏။

ရှင်ပဏ္ဍိတသည် လက်တွင်းမှ ကိုးလုံးပုတီးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်မိ၏။ ဆရာတော်ကြီး တရားပြခဲ့ဘူးသည့် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော ရှောင်လွှဲမရနိုင်သည့် လက္ခဏာရေးသုံးပါးကို နှလုံးသွင်းမိ၏။

သို့သော် ကိုရင်လေး၏ ပါးပြင်ပေါ်သို့ မျက်ရည်ပေါက်များက စီးကျလျက်သာရှိတော့၏။

ပန်းအိစံ ကွန်ပျူတာ

www.burmeseclassic.com



ရှင်ဝဏ္ဏီတော်သည် ဆေးစေ့ပေးသော ကျွန်းတောင်ကျွန်းကို ကိုးရှင်တွင်ရှိလျှင် တွေ့တွေ့စေလေတော့ပေးချိန်နေ၏။ ထိုကျွန်းတောင်ကျွန်း ပေါ်တွင် ဓာတလေးဝေ့စောင်နှင့် ပစ္စည်းများပေးပြီးတွင်ရှိလျှင်၏။

ထိုအရာများကို ကိုရှင်ဝေပေး၏ ငွေတော်စိုင်း ဒေါ်စိမ်းမှုန်က မကြာခဏ မြှုပ်ထားပြီးသည့်အချ၏။ ထိုအရာများသည် မိမိ၏ရှိနိုး ကိုးရှ က အိမ်ရှင်အတွ ထားရစ်ခဲ့ခြင်းသာဖြစ်၏။

ယနေ့တော့ အဒေါ်စိမ်းမှုန်၏ အသုဘအတွက် ရှက်လည်းကျွန်း သွတ်ပြီးကိုးရှ ထိုတွေ့ညီများသည် ကိုးရှင်ဝေတော်လတ်တွင်းသို့ အကြိမ် တိုင် ရောက်ရှိလာခဲ့၏။



ထုတ်ချိန်ရောက်လာ လောင်းပွဲက ပွဲတော်ကြီးပါလေပြီတောင်း ကုလားဝင်လာချိန်ကြီးပြီ။ ထိုနေ့မှ ပွဲတော်ကြီး ရက်ကိုတင်လာချိန်တောင်း ရှိလေပြီလေကို

"ပွဲတော်ကြီးလာတော့ ထိုကျွန်းသား ရှင်ဝဏ္ဏီကိုချိန်လာပြီ ပြီးကိုးပြီး လေ့ကျင်းလောက်ပြီးလျှင် မိမိဝယ်ပြီလေကျော့ အရာ ငါပြီးနှင့် ထိုကိုးကိုင် သားတော်ရောက်လာ့ ဆုံးပါလူ အတွင်း ထွက်လာပါလိမ့်မယ် ဘယ်လို အတွက်အကျော်မှာလူ့ လောင်ပြီးပွဲတော်ကို မိမိရဲ့ကိုးပြီးကိုင်တော့ ထိုကျွန်းလေလို ပြည့်စုံကြီးပါလား"

ဟုဆွေးမိလေ၏။

ဒေါ်စိမ်းမှုန် လောင်းပွဲကြီးပြီးကတည်းက ထိုရှင်ဝဏ္ဏီတော်၏ ကျွန်း ပင်ထွက်လွှင်ပေးတိုင်း ရောက်ဆုံးပွဲကြီးပြီ၏။ ထိုရှင်ဝဏ္ဏီသော ဝေညီမိန့်လိုက်၏

"ထိုရှင်ကို အထုပ်တော်ကြီးက ထဲ... ထပ် အကျိုးလေကျော့ သိုက်သင်းပေးခဲ့ပါလေပြီ ထိုရှင် အတွက် ထုတ်လာရ ရောက်လာလို့ ကြိုးပေးပါ"

ဟုမိန့်ဆိုလေ၏။

အထုပ်တော်ကြီးလည်း ရှင်ဝဏ္ဏီတော်၏ ညာဘက်လက်တော်ကြီး နှင့်ကြိုး သားတော်ရောက်တွင် ထိုကိုးကိုင် ရောက်လိုက်လာခဲ့ပြီး

www.burmeseclassic.com



ထိုအခါ ရှင်ပဏ္ဍိတက ဆရာတော်ကြီးအား ရိုသေစွာဖြင့်

"တပည့်တော်မှာ အဖေရင်းကလည်း သေသွားပြီလို့ သိရပါတယ်၊ အမေရင်းကလည်း သေမှန်း၊ ရှင်မှန်း မသိရသေးဘူး၊ ပြီးတော့ တပည့်တော်ရဲ့ ဘဝ နောက်ကြောင်းကလည်း ဘယ်လိုမှန်းမသိရဘူး၊ တပည့်တော်ခေါင်းထဲမှာ ဒီမေးခွန်းတွေရဲ့အဖြေကို မသိမချင်း ရှုပ်ထွေးနေဦးမှာပါဘုရား၊ ဒါကြောင့် ဒီလို မြင့်မြတ်တဲ့ဘဝမှာ တပည့်တော် ဘယ်လိုမှပျော်နိုင်မှာ မဟုတ်ပါဘူး"

ဟုပြန်၍ လျှောက်တင်ခဲ့၏။ ထိုအခါ ဆရာတော်ကြီးက

"ကဲ…ကဲ… ဒါဆိုလည်း ကိုရင် သာသနာ့ဘောင်မှာ ပျော်သလောက်နေပြီး လောကွတ္တရာစာပေတွေ လေ့လာပေါ့၊ အကျိုးမယုတ်ပါဘူး၊ မပျော်တော့လည်း လူဝတ်လဲပေါ့ကွယ်"

ဟုမိန့်လေတော့၏။

ရှင်ပဏ္ဍိတမှာလည်း လောလောဆယ် လူဝတ်လဲရန် မစဉ်းစားမိသောကြောင့် ရှင်ကျင့်ဝတ်နှင့်အညီ နေထိုင်ရင်း ဆရာတော်ကြီးထံတွင် လောကွတ္တရာစာပေများကို သင်ယူလေ့လာ၏။

ဤသို့ဖြင့် တစ်နှစ်ခန့်ကြာမြင့်ခဲ့၏။ ထိုအတောအတွင်း





ညဘက်၌ ဆရာတော်ကြီးက ကျိန်းစက်ရန် မီးအိမ်ကို ငြိမ်းသက်လိုက်သည့်အခါတိုင်း ကျောင်းသားသံလုံးကလည်း ရှင်ပဏ္ဍိတ အိပ်စက်ရာနေရာသို့ တိုးကပ်အိပ်စက်မြဲဖြစ်၏။

သရဲအကြောင်းများကိုလည်း ပြောမြဲဖြစ်၏။ ၎င်း၏စကား မဆုံးမီပင် ရှင်ပဏ္ဍိတသည်လည်း ကျိန်းစက်သွားမြဲဖြစ်၏။

တစ်ညတွင်လည်း ထုံးစံအတိုင်း သံလုံးက ရှင်ပဏ္ဍိတကို

"ကိုရင် ယုံချင်ယုံ မယုံချင်ရင် နေပေတော့၊ တပည့်တော် ညဦးပိုင်းက ကျောင်းဝင်းထဲမှာ အစိမ်းမကို မျက်မြင်တွေ့ခဲ့ရတယ်"

ဟုလျှောက်လေ၏။ ရှင်ပဏ္ဍိတက

"အဲဒီ အချိန်ဆိုရင် ကျောင်းဝင်းထဲမှာ မှောင်နေပြီပေါ့ သံလုံးရဲ့၊ အစိမ်းမကို ဘယ်လိုလုပ်မြင်ရတော့မှာလဲ"

ဟုမေးမြန်းလေရာ သံလုံးက ပိုင်နိုင်သောလေသံဖြင့်

"ဟဲဟဲ… ကိုရင် ဒီတစ်ခါတော့ မယုံလို့ မရတော့ဘူး၊ သက်သေသာဓကနဲ့ ပြလို့ရတယ်၊ အဲဒီအချိန်က တပည့်တော် ကျောင်းအောက်မှာ အပေါ့သွားပြီး ကပ္ပိယကြီး အခန်းဘေးက ဖြတ်ပြီး ကျောင်းထဲကိုအဝင်မှာ စိတ်ထဲမှာ မသင်္ကာဖြစ်လို့ နောက်လှည့်ကြည့်လိုက်တော့ ကပ္ပိယကြီး အခန်းက ထွက်နေတဲ့ မီးအလင်းရောင်နဲ့ မလှမ်းမကမ်းက



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ကျော်ဝင်းမောင်က အတွင်းဝန်ကြီး၏ထိုင်ခုံသဘောကို လှည့်ကြည့်လိုက်သည်၊ အမိန့်ပေး ဆင်တို့ ရှေ့မှော်ရှေ့စား အသေသတ် တိုက်ရ ပေါ်ပြူထိုင် ကျွမ်းကျင်ကို လေလှိုင်း လယ်၊ လေတွန်းလက်မှုန်း လှေတွေကြီး ရှေ့တွင်လိုက်ခွာ သည်၊ ပြီးတော့ လျှပ်စစ်ကြီးထိုင်ခွက်ကြီး အမိန့်ပေးကို လှည့်ကြည့်ကြပြန်ပြီး ထိုင်တော့ လျှပ်စစ်ကြီးက လေလှိုင်းတင် ထိုးကျိုးပါသည်၊ "ငါ့မှာလည်း ဆင်မှ၊ ဝင်းသိပ်ပြီး ပေါ်တင်ခုံ ထုတ်သည်၊ ဆိုသော်ငြိမ်း အပြင်မှ ရှေ့ မော်ကြည့်၊ ပေါ်ကြီး အတွင်းရေးဝင်လှည့်ပြင်ထိုင်မည် လျှင်းတော့မှ အတွင်းဝန်ကြီး ထိုင်ပြီးမှ ဆိုက် ငင်းလည်း ရှင်းလွန်း တွေ့ရှင်းသောသိ ပေးလို့ ထိုင်တင် ဖျက်ပိုင်ကောင်းသည် ထိုက်ပါ"

ဟုပြောလိုက်သည်။

အမိန့်ပေး ဦးမောင်ရည်ထိုရှက် လျှင်ပြည်ကြီးသည်၊ လေသံဝင် အလှပ် သိုးလေးကြောင့် ရှုပ်ထွေးသွားမှ မိမိတိဖြစ်သော ပြင်ပေးသည်။

ထိုသို့ရှက် ရှုတ်ခြည်းလည်းပြီးသော ရုပ်ထွေးက ရုပ်သံတွင် ပေါ်သည်။

အမှိုက်ပေး ညစ်ညမ်းနှိုင်းယှဉ်ပြီးသည်။ ဝင်ကိုညာ ပြ လောကကြောင့် ကျော်ဝင်းတစ်ကိုယ်လည်း ပိုမိုဝင်လာ၍ ရှင်းပေ



လေလောကသွားပြီ။

ထိုနောက် ရုပ်ထွေးသည် ပေါင်းစုံလောကသို့ တကိုယ် တည်းကို ဆိုလိုက်သည်။

ထိုလောက်ကြီးဆိုတာကို ကောင်းစွာ အသုံးချဖြစ်ရပေသော မျှလောက်ပြီး ပေါ်မိန့်နှင့် ကိုယ်ရုပ်တွေ့သားက ညာကျွန်ုပ်တော အကိုက်ပြန် တင်ပြလာနိုင်ပြီ။

ထိုနောက် ရုပ်ထွေးတို့၏ အမှုအရာကြောင့်

"အလုပ်လေးပြီပေ ကိုယ့်"

ဟု ပေါ်ထိုပေးသော် ရုပ်ထွေးတော့ အိမ်ရာ ပြင်းထွန်စွာ လျှောက် ဆောက်တင်လိုက်သည်။

"အမိန့် ဘောလ် ငါ့ကို ပြောပြဖြစ်တယ်"

ဟု ဆိုပြောလောက်သည်။

ထိုနောက်သည် ဖျော်ဖြေ့ကြားလျော်တော ရုပ်ထွေးတို့၏ ထင် ကိုပြီးသည်။

"ကျော်ဝင်း ကိုယ်ရုပ် ကမ္ဘာကြီးလောင်းခဲ့သည် အကြောင်း ဘယ်လိုမှ ပြောမပြရဘူးလို့ ပြောလာတယ် လောကကြီး ကမ္ဘာကြီးသိရင် တသည့် လောကကြီးကို အောင်မြင်ပြီ ပေါ်ကိုင်ပိုင်ပြီပေါ့၊ ပြီးတော့ ဘာလုပ်မယ် ညာလုပ်မယ် ကိုယ့်ရုပ် [illegible] ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟုလျှောက်လေရာ ရှင်ပဏ္ဍိတက ခေါင်းယမ်းပြီး

*"အဲဒီ ဘာမှန်းမသိ၊ ညာမှန်းမသိကြီးကို ရမ်းပြီး မကြောက်ချင်ဘူး၊ ကြောက်စရာ၊ ထိတ်လန့်စရာလို့ တိတိကျကျသိရင်လည်း ကြောက်လိုက်တာပေါ့၊ ဘာမှ မဟုတ်ရင်လည်း မကြောက်ရတော့ဘူးပေါ့"*

ဟု မိန့်လိုက်လေ၏။ သံလုံးက ရှင်ပဏ္ဍိတ၏လက်ကို လွှတ်ကာ

*"ကိုရင်ကို တားလို့လည်း ရတော့မှာမဟုတ်ဘူး၊ ကိုရင်က တပည့်တော်စကားကိုမှ မယုံကြည်ဘဲကိုး"*

ဟုရေရွတ်လေ၏။

ကျောင်းပေါ်တွင်နေရမည့် သံလုံးသည် ရင်တထိတ်ထိတ်ဖြင့် စောင်ကို ခေါင်းမြီးခြုံလိုက်ပြီးဆက်၍

*"ကိုရင် မြန်မြန်တော့ ပြန်ကြွလာခဲ့ဦးနော်၊ ဒီမှာ တပည့်တော် တစ်ယောက်တည်းကြောက်တယ်"*

ဟုမှာလေ၏။

ထိုအချိန်၌ ရှင်ပဏ္ဍိတသည် ခြေသံမကြားအောင် လှမ်းထွက်ခွာသွားပြီဖြစ်၏။

ထို့နောက် ၎င်းသည် ကျောင်းအောက်ထပ်သို့ ...၏။ ကပ္ပိယကြီး၏ အခန်းမှ ဟောက်သံကိုပင် ကြားရ ...



ရှင်ပဏ္ဍိတ ... ကျောင်းနောက်ဘက် တံခါးမင်းတုန်းကို အသံမမြည်စေရန် ကျိတ်၍ ဖွင့်လိုက်၏။ ဆိုကိစ္စကို ကပ္ပိယကြီး သိ၍ မဖြစ်ပေ။ သိလျှင် ဟန့်တားမည်မဟုတ်ပါလား။

ရှင်ပဏ္ဍိတသည် ကျောင်းပြင်သို့ရောက်လျှင် ဓာတိုက်ခတ်လာသော လေကြောင့် စိမ့်ခနဲ ဖြစ်သွား၏။ သို့သော် ၎င်းသည် လက်နှိပ်ဓာတ်မီးကို ခပ်အုပ်အုပ်ထိုး၍ သရက်ပင်ကြီးရှိရာသို့ ခြေလှမ်းပြင်လေ၏။

ရှင်ပဏ္ဍိတနှင့် သရက်ပင်ကြီးမှာ ခြေလှမ်းနှစ်ဆယ်ခန့်မျှသာ ဝေးကွာ၏။ သရက်ပင်ကြီးသည် ကျောင်းဝင်းထောင့် စည်းရိုးအစပ်တွင် ရှိ၏။

ထိုစည်းရိုးနေရာမှ သရက်ပင်ကြီးနှင့်ကပ်လျက်တွင် လူတစ်ကိုယ်ဝင်သာရုံ အပေါက်တစ်ပေါက်လည်းရှိ၏။ ထိုအပေါက်မှ ထွက်လျှင် တစ်ရွာလုံး အသုံးပြု၍ အားထားရသော အုတ်စီရေချိုးတွင်းရှိ၏။

ရှင်ပဏ္ဍိတသည် ရွာတွင်းသို့ ဆွမ်းခံထွက်ရာတွင် သံလုံးနှင့်အတူ ဆရာတော်ကြီးမသိအောင် ဖြတ်လမ်းဖြစ်နေသော ထိုလမ်းမှ သွားလာခဲ့ဖူး၏။

ထို့ကြောင့်ပင် ရှင်ပဏ္ဍိတ အနေနှင့် သရက်ပင်ကြီးရှိရာသို့ မျက်စိမှိတ်၍ သွားလာနိုင်အောင် မှန်းဆမိနေပြီဖြစ်၏။

၎င်းသည် သွားလာရင်းပင် ကျောထဲ၌ စိမ့်ခနဲ၊ စိမ့်ခနဲ ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ထို့ကြောင့် စိတ်တွင်းမှ

*"ဘာမှကြောက်စရာကို မမြင်ဘဲနဲ့ ဘာလို့ကြောက်ရ မှာလဲ၊ ကိုယ်က ကြိုပြီးကြောက်နေတော့ နစ်ခါနာတာပဲ မဟုတ်လား"*

ဟု အားတင်းလေ၏။ သရက်ပင်ကြီးသို့ရောက်ရန် ခြေလှမ်း ငါးလှမ်းမျှသာ လိုတော့၏။ ရှင်ပဏ္ဍိတ၏ ခြေလှမ်းကလည်း တစ်စုံ တစ်ယောက်က ဆွဲလိုက်သလို တုန့်ခနဲ ရပ်တန့်သွား၏။

ရှင်ပဏ္ဍိတ၏ နားထဲသို့ တိုးညှင်းစွာ ထွက်ပေါ်နေသော အသံကို ကြားနေရ၏။

ရှုးစိုက်၍ နားထောင်သောအခါ မိန်းမတစ်ယောက်၏ တသိမ့် သိမ့် ရှိုက်ငိုနေသံဖြစ်ကြောင်း ခိုင်မာသွား၏။ သံလုံးပြောသလိုပင် အစိမ်းမ ငိုရှိုက်နေသည်လားမသိ။

ရှင်ပဏ္ဍိတသည် လက်နှိပ်ဓာတ်မီးကို အသုံးမပြုတော့ဘဲ အနည်းငယ် တုန့်လုပ်သွားသော်လည်း၊ ခြေလှမ်းကို ဆက်၍လှမ်းမိ၏။ အသံက သရက်ပင်ကြီး၏ တစ်ဘက်မှ ပေါ်ထွက်နေခြင်းဖြစ်၏။

ဤသို့ဆိုလျှင် ကျောင်းခြံစည်းရိုး၏ အပြင်ဘက်မှ ဖြစ်ရ ပေမည်။ သရက်ပင်ကြီးနှင့်အနီးတွင် လူတစ်ကိုယ်စာ ဝင်သာရုံ စည်းရိုး ပေါက်ရှိ၏။

ရှင်ပဏ္ဍိတသည် ခွမ်းခံထွက်ရာတွင် ဖြတ်လမ်းလိုဖြစ်နေ



သော ထိုနေရာမှနေ၍ ရွာတွင်းသို့ သွားလာခဲ့ဖူး၏။ ၎င်းသည် သရက် ပင်ကြီးကို ကျောကပ်မိသည်နှင့် သင်းပိုင်ကို ပြင်ဝတ်၏။ ခါးပန်းကြိုး နှင့် ခပ်တင်းတင်း စည်းနှောင်လိုက်၏။

ထိုအခိုက်တွင်ပင် ရှင်ပဏ္ဍိတသည် မိန်းမ၏ ငိုရှိုက်သံနှင့် အတူ ယောကျ်ားတစ်ယောက်၏ မာမာထန်ထန်ပြောလိုက်သော စကားသံကိုပါ ကြားလိုက်ရ၏။

*"မင်းငိုနေတော့လည်း ပြဿနာကပြီးသွားမှာ မဟုတ်ဘူး မဟာသီ၊ ငါ့အနေနဲ့ မင်းကို ဘယ်လောက် တောင် စက်ခက်ခဲခဲလာတွေ့ရသလဲဆိုတာ နားလည်တယ် မဟုတ်လား၊ ငါ ဒီည ကပွဲယကြီးနဲ့ အတူအိပ်ပြီး မိုးမလင်းခင် ဘယ်သူမှမရိပ်မိအောင် ဒီရွာကပြန်ထွက် သွားရမယ်၊ ရှုသတ်ရစ်မပြေးဖြစ်ပြီး ပုလိပ်ကအရှိန်နေတဲ့ 'ကျော်စွာ' ဆိုတဲ့ လူတစ်ယောက်ရဲ့ ဘဝကို မင်း နားလည် ထားစမ်း၊ ငါဘယ်ဘဝရောက်ရောက် မင်းကိုမစွန့်လွှတ်နိုင် ဘူး၊ ငါ့ဘက်ကသစ္စာရှိသလို မင်းဘက်က သစ္စာမရှိရင် တော့ ကျော်စွာက အချစ်ကြီးသလို အမျက်လည်းကြီးတယ် ဆိုတာ မင်းကောင်းကောင်းသိစေရမယ်"*

ရှင်ပဏ္ဍိတသည် ကြားလိုက်ရသောစကားတို့ကြောင့် တုန့်လုပ်သွားမိ၏။ အစိမ်းမဟုထင်မှတ်မိသည့် အမျိုးသမီးမှာ မဟာသီ

www.burmeseclassic.com



ဖြစ်နေ၏။

ထို့အပြင် မဟာသီ၏အချစ်ရေး အရှုပ်အထွေးကိုလည်း မထင်မှတ်ဘဲသိလိုက်ရ၏။ သူမသည် ကျော်စွာဟူသော ဝရမ်းပြေးနှင့်သံယောဇဉ်ငြိတွယ်ကာ မထွေးနိုင်မအံနိုင်သော ဝေဒနာကိုခံစားနေရပေတော့မည်။

လွန်ခဲ့သောလအနည်းငယ်ကပင် မြို့တွင် ရှည်းစားထားသည်ဟု သတင်းကြားသောကြောင့် ပွဲစားကြီးက မဟာသီကိုကျောင်းမှ ထုတ်ပယ်ခဲ့၏။

အိမ်အလုပ်များဖြစ်သည့် စပါးစာရင်း၊ လယ်ထောက် စာရင်း သီးစားခစာရင်းများကိုသာ လုပ်ကိုင်စေ၏။

မဟာသီသည် ကိုကျော်စွာနှင့် တိတ်တဆိတ်တွေ့ဆုံရန် ကဗွီယကြီးကို အကူအညီတောင်းခဲ့ပုံရ၏။ မကြာမီ ရှင်ပဏ္ဍိတသည် ကျောင်းပေါ်သို့ပြန်လည်ရောက်ရှိလာ၏။ ထိုအခါ သံလုံးက

*"ကိုရင် အစိမ်းမကိုတွေ့ခဲ့တယ်မဟုတ်လား"*

ဟု အလောတကြီးမေးမြန်းလေ၏။

ရှင်ပဏ္ဍိတသည် မဟာသီ၏မျက်နှာကိုမြင်ယောင်ကာ သက်ပြင်းချပြီး

*"တွေ့ခဲ့တယ်၊ ဒါပေမဲ့ အဲဒီအစိမ်းမက ကိုရင့်ကို ခြောက်လှန့်ဖို့နေနေသာသာ သူ့အမူနဲ့သူ ဘယ်လိုရှာသိရမှန်း*





*မသိလို့ ငိုကြွေးနေတာကို တွေ့ခဲ့တယ်"*

ဟု အဖြေပေးလိုက်၏။

ထိုအခါ သံလုံးသည် အူကြောင်ကြောင်ဖြစ်သွား၏။ ထို့နောက် လျှင်မြန်စွာပင်စောင်ကို ခေါင်းမြီးခြုံလိုက်တော့၏။

နောက်တစ်နေ့ညတွင် သံလုံးသည် ပုံမှန်အတိုင်းပင်၊ ရှင်ပဏ္ဍိတ၏အနီးသို့တိုးကပ်ပြီး အိပ်စက်ရန်ရောက်လာပြန်၏။

သံလုံးကလေ သံတီးတိုးဖြင့်

*"ကိုရင်မနေ့ကလည်း အစိမ်းမနဲ့တွေ့ခဲ့ပြီးပြီနော်၊ ဒါပေမဲ့ ကိုရင်ပုံစံက သိပ်ပြီးယုံကြည်ပုံမရဘူး၊ ဒီနေ့လည်း ကျောင်းခြံဝင်းထဲမှာ လှည့်ပတ်သွားလာနေတဲ့ ကုလား သရဲကြီးကို တပည့်တော်မျက်မြင် တွေ့ခဲ့ရတယ်"*

ဟု လျှောက်တင်ပြန်၏။

ရှင်ပဏ္ဍိတက မျက်မှောင်ကြုတ်ပြီး

*"ဘယ်လိုတွေ့ခဲ့တာလဲ သံလုံးရယ်"*

ဟု မေးမြန်းလေရာ သံလုံးက ရှင်ပဏ္ဍိတထံအနီးသို့တိုးကပ်ကာ

*"ဒီလို ကိုရင်ရဲ့၊ ဒီညလည်း မနေ့ညကလို တပည့်တော် အိပ်ရာဝင်ခါနီး အပေါ့အပါးသွားတုန်း တွေ့ခဲ့ရတာပဲ၊ ကျောင်းပေါ်တက်ဖို့ လှေကားခြေရင်းအရောက်မှာ*



www.burmeseclassic.com

www.burmeseclassic.com



*ကပ္ပိယကြီးအခန်းထဲကို ဖြူဖြူအရိပ်ကြီး ဝင်သွားတာ တွေ့လိုက်ရတာပဲ"*

ဟု လျှောက်လေ၏။

ရှင်ပဏ္ဍိတ၏ စိတ်ထဲ၌ ဝရမ်းပြေးဖြစ်နေသည့် ကိုကျော်စွာ ဟူသောလူကို ဖျတ်ခနဲ တွေးမိ၏။ ကိုကျော်စွာသည် ယမန်နေ့ညက လည်း ကပ္ပိယကြီး၏ အခန်း၌ အိပ်စက်ပေလိမ့်မည်။ ယခုလည်း ရောက်နေပြန်ပြီလား မသိချေ။

ထို့နောက် ရှင်ပဏ္ဍိတက သံလုံးကို

*"ကပ္ပိယကြီးဆီကိုလာတဲ့ ဧည့်သည်တွေ ဘာတွေ ဖြစ်မှာပေါ့ သံလုံးရယ်"*

ဟုမိန့်လေရာ သံလုံးက ခေါင်းရမ်းပြီး

*"ကိုရင်ကလည်း ကပ္ပိယကြီးအကြောင်းကို သိရဲ့ သားနဲ့၊ ဘယ်သူနဲ့ အပေါင်းအသင်းလုပ်တာတွေဖူးလို့လဲ၊ သူ့ဘာသာ ကျောင်းဝေယျာဝစ္စတွေလုပ်ပြီးရင် အပင်တွေ၊ အရွက်တွေ၊ ထုလိုက်ထောင်းလိုက်နဲ့ အလုပ်ရှုပ်နေတာပဲ၊ ကိုရင် ဒီကျောင်းကိုမရောက်ခင်က တပည့်တော် ကပ္ပယိ ကြီးနဲ့ အတူတူအိပ်ရတာပေါ့၊ နေ့ဘက်လည်း သူ့ဆီ ဘယ်သူမှမလာဘူး၊ ညဘက်လည်း လာတာမတွေ့ဘူး"*

ဟုလျှောက်လေ၏။





ကပ္ပိယကြီးသည် ဆရာတော်ကြီးနှင့် ဆွေမျိုးတော်စပ်၏။ ၄င်းသည်သံလုံးပြောသလိုပင် မည်သူနှင့်မျှ အဆက်အဆံမရှိချေ။

အားလပ်ချိန်များတွင် ဆေးကျမ်းကလေးများ မတောက် တခေါက်ဖတ်၍ သစ်ဥ၊ သစ်ဖုများဖြင့် ဆေးဝါးဖော်စပ် နေတတ်သည် သာ ဖြစ်၏။

ဤသို့ဆိုလျှင် ယခုညရောက်ရှိလာသည့် အရိပ်ဖြူဖြူဟူ သည်မှာ မည်သူဖြစ်မည်နည်း။ ထို့ကြောင့် အရာရာကို စူစမ်းလေ့လာ ရာတွင် ဆိုင်းငံ့မထားတတ်သော ရှင်ပဏ္ဍိတက စိတ်မြန်လက်မြန်ပင် လက်နှိပ်ဓာတ်မီးကို ဆွဲလိုက်လေ၏။

သံလုံးက မျက်လုံးပြူးလိုက်ပြီး

*"ကိုရင် ကုလားသရဲကြီးကိုလည်း သွားကြည့်ဦးမယ် ပေါ့"*

ဟုမေးလျှောက်လေရာ ရှင်ပဏ္ဍိတသည် ခေါင်းညိတ်ပြကာ အိပ်ရာမှ ထလေ၏။

မကြာမီ ရှင်ပဏ္ဍိတသည် ကပ္ပိယကြီး၏အခန်းအနီးသို့ ရောက်ရှိလာ၏။ ကပ္ပိယကြီး၏ အခန်းမှ မီးရောင်ကိုမြင်ရပြီး စကားသံသဲ့သဲ့ကိုပါ ကြားရ၏။

ထို့နောက် ရှင်ပဏ္ဍိတသည် ကပ္ပိယကြီး၏ အခန်းတံခါးဝ မှနေ၍ အတွင်းသို့ကြည့်လိုက်ရာ၌ ကပ္ပိယကြီးနှင့်အတူ လူကြီး

တစ်ယောက်ကိုပါ တွေ့လိုက်ရ၏။

ထိုအချိန်၌ ကပ္ပိယကြီးကလည်း ရှင်ပဏ္ဍိတကို မြင်တွေ့သွားပြီး

*"ကိုရင်လေး ရောက်လာပြီကိုး၊ ထင်တော့ထင်သားပဲ၊ အရွယ်ငယ်ပေမဲ့ မကြောက်မရွံ့ စူးစမ်းလေ့လာတတ်တယ် ဆိုတာ၊ တပည့်တော် မနေ့ညကတည်းက သိပါတယ်၊ အခုလည်း သံလုံးက သရဲတွေ့တယ်ဆိုပြီး ဖောက်သည် ချလိုက်ပြန်ပြီထင်တယ်"*

ဟု ဆီး၍လျှောက်လေ၏။

ကပ္ပိယကြီးသည် ယမန်နေ့ညက ရှင်ပဏ္ဍိတ သရက်ပင်ကြီးအောက်သို့ ရောက်ရှိခဲ့သည်ကို သိနေဟန် တူ၏။ ထိုအခါ ညှို့သည် လူကြီးက အကြမ်းခွက်ကို မ၍

*"ရဲစွမ်းသတ္တိရှိဖို့အတွက် ငယ်စဉ်ကတည်းက လေ့ကျင့်ထားသင့်တယ်၊ ဒါပေမဲ့ ငယ်ရွယ်တဲ့အတွက် အတွေ့အကြုံရယ်၊ ဆင်ခြင်တုံတရားရယ် နည်းပါးလို့ အမှားအယွင်းတွေလည်း တွေ့နိုင်တယ်"*

ဟု ဝင်၍ပြောလေ၏။

ထိုလူကြီးခေါင်းတွင် ဆံပင်ဖြူတို့က ထိုးထိုးထောင်ထောင် ထွက်နေ၏။ မရိတ်မသင်ဘဲ ထားဟန်ရှိသည့် မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများကလည်း ထို့အတူဖြစ်၏။





အရောင်အဆင်းမပေါ်တော့သော လည်ဝိုက်ချည်ကြမ်းအင်္ကျီ ပွပွကြီးနှင့် လုံချည်ကို ဝင်ထားလေရာ ဆင်းရဲနွမ်းပါးဟန်ပေါက်နေ၏။

သို့သော် လူကြီး၏မျက်လုံး၊ နှုတ်ခမ်းတို့ကမူ ဆင်းရဲခြင်းကို အမှုမထားဘဲ သက်သောင့်သက်သာရှိဟန်ဖြင့် တည်ငြိမ်နေလေ၏။

ထို့နောက် ရှင်ပဏ္ဍိတက ကပ္ပိယကြီးကို

*"ကိုရင့် ကိုသံလုံးက ကျောင်းအောက်မှာ ကုလားသရဲကြီးကို တွေ့လိုက်တယ်ဆိုပြီး လျှောက်လို့ ကျောင်းအောက်ကို ဆင်းလာတာပါ"*

ဟု မိန့်လေရာ ကပ္ပိယကြီးက

*"ကိုရင် အခန်းထဲကိုကြွပါ၊ ဟောဒီ ဦးမော်လာကို မြင်ပြီး သံလုံးက ကုလားသရဲလို့ထင်သွားပုံရတယ်၊ သံလုံးဟာ အဲဒီလိုပဲ တပည့်တော်ကို သရဲတွေအကြောင်း အမျိုးမျိုးပြောပြီး သူ့ဘာသာ ကြောက်လန့်နေတတ်တယ်၊ မနေ့ညကလည်း သံလုံး အပေါ့အပါးသွားပြီး ကျောင်းထဲ ပြန်အဝင်မှာ တပည့်တော်ဆီကို လာသွားတဲ့ မဟာသီကို တွေ့လိုက်ပြီး ကိုရင်လေးကို အစိမ်းမတွေ့ခဲ့တယ်လို့ လျှောက်တယ်မဟုတ်လား၊ ဒါကြောင့်လည်း ကိုရင်*



www.burmeseclassic.com

www.burmeseclassic.com



သရက်ပင်ကြီးအောက် သွားကြည့်ပြီး အဖြစ်မှန်တွေ သိခဲ့ရတာပေါ့၊ အဲဒါတွေကို တပည့်တော် အခန်းထဲက အားလုံးမြင်ပြီးသိနေတာပါ”

ဟု ရှင်းပြလေ၏။

ရှင်ပဏ္ဍိတက ကွပ်ပျစ်တွင်ထိုင်ပြီး

“ဒါဆိုရင် အဲဒီကိုကျော်စွာဆိုတဲ့သူ ကပ္ပိယကြီး အခန်းမှာ ညအိပ်သွားမှာပေါ့”

ဟု မေးမြန်းလေရာ ကပ္ပိယကြီးက သက်ပြင်းချ၍

“ဟုတ်တယ် ကိုရင်၊ တပည့်တော်ကို မဟာသာက အကူအညီတောင်းတာနဲ့ သူတို့နှစ်ယောက်တွေဆုံဖို့ မနေ့က အကူအညီပေးခဲ့ရတယ်၊ ကိုကျော်စွာဟာ ဒီမှာညအိပ်ပြီး မနက်စောစောဘဲ ခရီးထွက်သွားတယ်၊ သူ့အကြောင်းတွေလည်း တော်တော်များများပြောသွားသေးတယ်”

ဟု လျှောက်လေ၏။

ထိုအခါ ရှင်ပဏ္ဍိတက

“အဲဒီသူဟာ လူသတ်ဝရမ်းပြေးလို့ သိရတယ်”

ဟု မိန့်လေရာ ကပ္ပိယကြီးက ခေါင်းညိတ်ပြီး

“ဟုတ်ပါတယ်၊ ကိုရင်က ဒါတွေလည်း သိထားတာပဲတော့”



ဟု ဆိုလေရာ ရှင်ပဏ္ဍိတက ကပ္ပိယကြီးကိုကြည့်ပြီး

“သာသနာ့ဘောင်နဲ့ လောကီအရှုပ်အထွေးတွေဟာ မအပ်စပ်ပါဘူး၊ ကိုရင် မထင်မှတ်ဘဲ သိခဲ့ရပေမဲ့ ဒါတွေကို ခေါင်းထဲက ထုတ်လိုက်ပါပြီ”

ဟု မိန့်လိုက်တော့၏။ ထိုအခါ ဦးမင်္ဂလာဟူသော လူကြီးက ရှင်ပဏ္ဍိတကို လက်အုပ်ချီပြီး

“တပည့်တော် လျှောက်တင်ပါရစေ၊ ကိုရင်လေး အကြောင်းကို ဟောဒီက ကပ္ပိယကြီးပြောပြလို့ သိခဲ့ပြီးပါပြီ၊ ဒီလို လောကီအရှုပ်အထွေးတွေကို အရွယ်နဲ့မလိုက်အောင် သိရှိခဲ့တဲ့အတွက် သာသနာ့ဘောင်မှာ အပြီးတိုင်နေဖို့ စိတ်ကူးထားပါသလား”

ဟု လျှောက်တင်လေရာ ရှင်ပဏ္ဍိတက

“ကိုရင့်ဘဝမှာလည်း အဲဒီ လောကီအရှုပ်အထွေးတွေ ရှိနေပါတယ်၊ အဲဒါတွေဟာ သာသနာ့ဘောင်မှာ မျော်မွေ့ဖို့ အတားအဆီးတွေပဲ၊ ကိုရင် မကြာခင် လူဝတ်လဲတော့မှာပါ”

ဟု မိန့်လိုက်၏။ ထိုအခါ ဦးမင်္ဂလာက ပြောင်းဖူးဖက် ဆေးလိပ် ကြီးကို မီးညှိဖွာရှိုက်ပြီး

“ဒီလိုတိကျတဲ့ ဆုံးဖြတ်ချက်ရှိတာ ကောင်းပါတယ်၊

*ဒါပေမဲ့ အဲဒီဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဖို့ နောက်တွန့်နေမယ်ဆိုရင်လည်း အချိန်တွေ အလဟဿ ဖြစ်သွားတတ်တယ်"*

ဟု ပြောလေ၏။

ရှင်ပဏ္ဍိတသည် ဦးမင်္ဂလာ မည်သည့်အဓိပ္ပါယ်နှင့်ပြောလိုက်မှန်း နားမလည်ချေ။ ထို့နောက် ၎င်းသည် ကပ္ပိယကြီး၏အခန်း၌ ခေတ္တမျှနေကာ ကျောင်းပေါ်သို့ပြန်၍တက်ခဲ့တော့၏။

ရှင်ပဏ္ဍိတ၏နားထဲတွင် ဦးမင်္ဂလာ၏စကားက ပဲ့တင်လျက်ရှိ၏။ ဦးမင်္ဂလာသည် အထက်အညာဒေသမှဖြစ်ပြီး အလုပ်အကိုင်ရှာဖွေရန် မိတ်ဆွေဖြစ်သူ ကပ္ပိယကြီးထံ လာရောက်တည်းခိုနေခြင်းဖြစ်သည်ဟု သိခဲ့ရ၏။

ထိုလူကြီး အသွင်အပြင်မှာ မထူးဆန်းသော်လည်း သူ၏စကားများမှာမူ စိတ်ဝင်စားဖွယ်ကောင်းသည်ဟု ထင်မြင်မိ၏။

သံလုံးသည် မအိပ်သေးဘဲ ရှင်ပဏ္ဍိတကို စောင့်၍နေ၏။ ထို့နောက် ၎င်းက

*"ဘယ်ရှိလဲ ကိုရင်၊ ကုလားသရဲကို တွေ့ခဲ့ရဲ့လား"*

ဟု မေးမြန်းလေရာ ရှင်ပဏ္ဍိတက ခေါင်းညိတ်ပြီး

*"တွေ့ခဲ့တယ်၊ ပြောင်းဖူးဖက်ဆေးလိပ်ကြီးဖွာလို့ ကပ္ပိယကြီးနဲ့တောင် ထိုင်ပြီးစကားပြောနေသေးတယ်"*



ဟု အဖြေပေးလိုက်၏။

သံလုံးသည် ရှင်ပဏ္ဍိတ၏စကားမဆုံးမီပင် စောင်ကိုခေါင်းမြီး ခြုံလိုက်တော့၏။ ထိုညက သံလုံးနည်းတူ ရှင်ပဏ္ဍိတသည်လည်း ကောင်းစွာ အိပ်စက်၍မပျော်ချေ။

ရှင်ပဏ္ဍိတ၏နားထဲတွင် ဦးမင်္ဂလာ၏စကားကိုသာ ကြားယောင်နေ၏။ ထိုစကားကိုလည်း ဉာဏ်မီသမျှ အထပ်ထပ်စဉ်းစားမိ၏။

အချိန်အတန်ကြာလျှင် ရှင်ပဏ္ဍိတသည် အဖြေတစ်ခုကို ရရှိသွားမှပင် ကျိန်းစက်လေတော့၏။

ပန်းအိစံ ကွန်ပျူတာ

www.burmeseclassic.com



ဦးမင်္ဂလာဟူသောလူကြီးသည် ကပ္ပိယကြီးထံတွင် တစ်ညမျှ အိပ်စက်ပြီး နောက်တစ်နေ့တွင် ထွက်ခွာသွားလေ၏။

ဦးမင်္ဂလာထွက်ခွာသွားပြီး (၃) ရက်အကြာတွင် ရှင်ပဏ္ဍိတသည် ဆရာတော်ကြီးထံမှောက် ရောက်ရှိလာ၏။ ထို့နောက် ၎င်းက ရှိသေစွာ လက်အုပ်ချီပြီး

*"အရှင်ဘုရား… တပည့်တော်ကို လူဝတ်လဲခွင့်ပြုပါဘုရား"*

ဟု ခွင့်တောင်းလေ၏။ ဆရာတော်ကြီးက ရှင်ပဏ္ဍိတကို စူးစိုက်ကြည့်ပြီး အခွင့်ပေးဟန်ဖြင့် ခေါင်းညိတ်ကာ





*"လောကီလူသား၊ ဆုံလည်နွားသို့ဆိုတဲ့ ရှေးပညာရှိတွေရဲ့ စကားလည်းရှိတာပဲ၊ ဒီသံသရာကြီးထဲမှာ တလည်လည်နဲ့ နစ်မွန်းချင်တဲ့သူတွေပဲ၊ ကဲ ကဲ… ကိုရှင်ကို လူဝတ်လဲဖို့ ဘုန်းကြီးအခွင့်ပေးပါတယ်"*

ဟု မိန့်လေ၏။

အချိန်များစွာမကြာမီ ရှင်ပဏ္ဍိတတဖြစ်လဲ ငမဲတူသည် ကျောင်းဝင်းထဲမှ ထွက်ခွာလာခဲ့၏။

ထို့နောက် သူသည် ငယ်စဉ်ကတည်းက နေထိုင်ခဲ့သော ပွဲစားကြီး၏ ခြံဝင်းထဲသို့ ခြေချမိပေပြီ။ သူ့ကို ဝမ်းသာအားရ ဆီးကြိုမည့် မွေးစားမိခင်ကြီးလည်း မရှိတော့ချေ။

အိမ်ကြီးရှေ့ မန်ကျည်းပင်ရိပ်မှ ကွပ်ပျစ်တွင် ပွဲစားကြီးနှင့် မဟာသာတို့က ငမဲတူကို စူးစိုက်ကြည့်လျက်ရှိ၏။ ငမဲတူသည် ၎င်းတို့၏ ရှေ့သို့ရောက်လာပြီး ခေါင်းကိုငုံ့ကာ

*"ကျုပ် ကိုရင်လူထွက်လာပါပြီ"*

ဟု ဆိုလိုက်လေရာ မဟာသာက

*"အင်းလေ… လူထွက်လာပြီဆိုတော့ လက်ခံရတော့မှာပေါ့၊ ဒါပေမဲ့ ဒီနေ့ကစပြီး ဟောဒီအိမ်ကြီးပေါ်ကို နင် ခြေတစ်ဖဝါးမှ မချရဘူး"*

ဟု အမိန့်ထုတ်လေ၏။ ပွဲစားကြီးက ကွမ်းကို စိမ်ပြေနပြေ



www.burmeseclassic.com

www.burmeseclassic.com



ရင်းမှ

"မဲတူ၊ ဒီမှာနေရင်ကော့ မင်း အလုပ်လုပ်ရမယ်"

ဟု ပြောလေ၏။ မဲတူက ခေါင်းညိတ်ပြီး

"ကျုပ် လုပ်ပါ့မယ်"

ဟု ဆိုလိုက်ရာ ပွဲစားကြီးက

"ကောင်းပြီလေ၊ မင်းအတွက် အလုပ်ကတော့ မယ်မယ်ရရ မရှိပါဘူး၊ တစ်ခါတလေ မြကြိုင်နဲ့အတူ ရှာနောက်လိုက်ရမယ်၊ လယ်ထဲမှာ လုပ်စရာရှိရင်လည်း မောင်လုံးက သင့်တော်သလို ခိုင်းလိမ့်မယ်၊ နေဖို့ကတော့ ငါ့ရဲ့ကမ်းနားက စပါးကိုဒေါင်တွေမှာစောင့်နေတဲ့ အစောင့်နဲ့ အတူ သွားနေပေတော့၊ ဒီအိမ်ကိုလည်း ငါတို့ သားအမိဆက မခေါ်ဘဲမလာရဘူး၊ သေသေချာချာစွတ်ထားနော်၊ ကဲ ကဲ··· သွားပေတော့၊ မင်းအဝတ်အစားကလေးတွေ မသိန်းရှာ လာပို့လိမ့်မယ်"

ဟု ပြောလေ၏။

မဲတူသည် ထိုနေရာမှ လှည့်ထွက်ခဲ့၏။ သူ့အတွက် ထိုနေရာ သည် သူစိမ်းပြင်ပြင်သာရှိတော့၏။

မသိန်းလှကဒ်မူ အိမ်ကြီးပေါ်တွင် ရိပ်ခနဲမြင်လိုက်မိ၏ လှသည် ပွဲစားကြီးရှေ့တွင် မိမိကို ခေါ်ရမ[illegible]ကူချေ။





ထို့နောက် မဲတူသည် အိမ်နှင့်မလှမ်းမကမ်းရှိ စပါးကိုဒေါင် ကြီးများဘက်သို့ ရောက်လာခဲ့၏။ စပါးကိုဒေါင်ကြီးများကို သူနိုး သူ့ဝှက်ရန်မှ ကင်းဝေးစေရန် ခြံစည်းရိုးမြင့်ကြီး ကာရံထား၏။

ထိုအထဲ၌ အစောင့်တဲကလေးတစ်လုံးလည်းရှိ၏။ ကိုဒေါင် စောင့် ကိုစိန်ထွားဟူသည့်လူမှာ အစဉ်အမြဲမူးယစ်နေမှန်း မဲတူ သိရှိထား၏။ ယခုတော့ မိမိမှာ ထိုသူနှင့်အတူနေရပေတော့မည်ဟု တွေးမိ၏။

သို့သော် မဲတူသည် အစောင့်တဲကလေးသို့ ရောက်သောအခါ အထင်နှင့်အမြင် တက်တက်စင်အောင်လွဲချော်သွားလေ၏။ တဲရှေ့ မီးဖိုတွင် မီးခိုးငွေ့တလူလူနှင့် ရေနွေးအိုးတည်ထား၏။

ဆလာအိတ်ကို အခင်းလုပ်ထားသည့် ပက်လက်ကုလားထိုင် တွင် လူတစ်ယောက်သည် အခန့်သားထိုင်၍ ပြောင်းဖူးဖက်ဆေးလိပ် ကို ဖွာကာ မဲတူကို ကြို့နေလေ၏။

မဲတူက ထိုသူ့ကို

"ဦးမင်္ဂလာပါလား"

ဟု ဆိုလိုက်ရာ ဦးမင်္ဂလာဟူသော လူကြီးက ခေါင်းညိတ်ပြီး

"မှန်တာပေါ့၊ ကိုရင်ရှာတွက် မဲတူရယ်၊ ကျုပ်ကို ဒီမှာတွေ့ လိုက်ရလို့ အံ့သြနေတယ်ထင်တယ်၊ အလုပ်ရှာ နေတဲ့သူအတွက် ဒီလိုထောင်စောင့်ဖို့ အစောင့်နေရာ



www.burmeseclassic.com

လစ်လပ်နေတာနဲ့ အခေါ်ဖြစ်သွားတာပေါ့၊ မူလအစောင့်ကတော့ အမြဲတမ်းမူးယစ်နေတဲ့အတွက် သူ့ငွေးက အလုပ်ထုတ်ပစ်လိုက်ပြီလေ"

ဟု ပြောလေ၏။ ငမဲတူက မြေပြောင်ပြောင်တွင်ထိုင်လိုက်ပြီး

"ကျုပ် ဦးမဂ်လာပြောသွားတဲ့စကားတွေ စဉ်းစားပြီး မပျော်မွေ့ဘဲနဲ့ သာသနာ့ဘောင်မှာနေရတာ အချိန်တွေ အလဟဿကုန်တယ်လို့ တွေးမိတယ်၊ ဒါကြောင့် လူထွက်လာတာပါ"

ဟု ပြောလိုက်၏။ ဦးမဂ်လာက

"အဲဒီလိုလူထွက်လာတော့ မင်းကို အိမ်ကလူတွေက စောစောစီးစီး အလုပ်တွေခိုင်းရတာပေါ့ကွာ၊ ဟား ဟား… ငါက နောက်တာပါ၊ ခက်ခဲကြမ်းတမ်းတဲ့ဘဝထဲ စောစောစီးစီး တိုးဝင်လာတော့ စောစောစီးစီး ထုသားပေသားကျတာပေါ့၊ မဟုတ်မှလွဲရော၊ မင်းကို အိမ်မှာ နေခွင့်မပေးဘဲ ငါနဲ့အတူနေရအောင် လွှတ်လိုက်တယ် ထင်တယ်"

ဟု မေးမြန်းလေရာငမဲတူက ခေါင်းညိတ်ပြလိုက်၏။ ထိုအခါ ဦးမဂ်လာက ငက်လက်ကုလားထိုင်မှထလာပြီး ငမဲတူ၏ ပခုံးကိုပုတ်ကာ



"ငါက ဒီဂိုဒေါင်တွေရဲ့ လုံခြုံရေးကိုစောင့်နေရတဲ့ အစောင့်ကွ၊ မင်းက နောက်ထပ်ရောက်လာတဲ့ ငါ့ရဲ့လက်ထောက်ပဲ၊ ဂိုဒေါင်ရဲ့ လုံခြုံရေးဆိုတာကလည်း သူခိုးသူဝှက်ရန်တင်မဟုတ်ဘူး၊ မီးဘေး၊ ဘင်ရေးလည်း ဂရုစိုက်ရမယ်ကွ၊ ဒီတော့ တွေဝေနေတဲ့စိတ်ကို အလုပ်နဲ့ ဖျောက်ပစ်ရမယ်၊ ကံမြက်စည်းတစ်ချောင်းကိုင်ပေတော့၊ အရာအားလုံးကို အောင်နိုင်တာ အလုပ်ပဲကွ"

ဟု ပြောလေ၏။

ထို့နောက် ငမဲတူသည် ရှောက်မဆိုက်ပင် ဦးမဂ်လာနှင့်အတူ ဂိုဒေါင်ဝင်းတစ်ခုလုံး အမှိုက်တစ်စပင်မရှိအောင် သန့်ရှင်းရေး လုပ်ရလေသော၏။

ထို့နောက် သူတို့နှစ်ဦးသည် မြစ်ဆိပ်တွင်ဆင်း၍ ရေချိုးကြ၏။ ရေချိုးရာမှ ပြန်ရောက်လျှင် မသိန်းလှကို တွေ့ရ၏။ မသိန်းလှသည် ဆန်တုပ်နှင့် ငါးခြောက်များယူဆောင်လာ၏။

ဤသည်မှာ ပွဲစားကြီးထောက်ပံ့လိုက်သည့် ငမဲတူအတွက် ရိက္ခာဖြစ်၏။ ထို့အပြင် မသိန်းလှသည် ငမဲတူ၏အဝတ်အစားများကိုလည်း လွယ်အိတ်ဟောင်းတစ်လုံးနှင့်ထည့်ကာ ယူလာ၏။

ငမဲတူသည် မိမိ၌ရှိနေသည့် ယွန်းသေတ္တာကလေးကို လွယ်အိတ်ဟောင်းထဲသို့ ထည့်သွင်းသိမ်းဆည်းလိုက်၏။ ယွန်းသေတ္တာထဲ

www.burmeseclassic.com



တွင် စာတစ်စောင်နှင့် ပတ္တမြားလက်စွပ်တစ်ကွင်းရှိ၏။

ထိုအရာများသည် သူ၏အတိတ်ဘဝအတွက် အမှတ်ရစရာများသာ ဖြစ်၏။ ငမဲတူသည် ထိုပစ္စည်းများကို ဦးမင်္ဂလာအား ပြသ၍ သူ၏ဘဝနောက်ကြောင်းကို ပြောပြခဲ့၏။ ဦးမင်္ဂလာက စိတ်ဝင်တစား နားထောင်ပြီးနောက်

"မင်းရဲ့ကျေးဇူးရှင် မွေးစားမိခင်ကြီး သေဆုံးသွားတဲ့အတွက် မင်းရဲ့ကံကြမ္မာအလှည့်အပြောင်းဟာ မကောင်းတဲ့ဘက်ကိုရောက်သွားပြီလို့ သတ်မှတ်ရမယ်၊ အဲဒီ မကောင်းတဲ့ကံကြမ္မာတွေ ပျောက်ပျက်အောင် ယတြာချေမှဖြစ်မယ်"

ဟု ဆိုလေ၏။ ထိုအခါ ငမဲတူက

"ဦးမင်္ဂလာ ခေါင်၊ ယတြာတွေလည်း ကျွမ်းကျင်တာပဲလား"

ဟု မေးမြန်းလေရာ ဦးမင်္ဂလာက ပြောင်းဖူးဖက်ဆေးလိပ်ကို ကိုင်၍

"ဒီလိုကွ၊ ယတြာဆိုတာ အဆိုးတွေ အညံ့တွေ ပျောက်အောင် ဗေဒင်ပညာနဲ့စီရင်တာကိုခေါ်တယ်၊ မင်းရဲ့ အဆိုးတွေ၊ အညံ့တွေအတွက် ဗေဒင်ပညာမလိုပါဘူး၊ ယတြာက မင်းကိုယ်တိုင်ပဲကွ၊ မင်းကိုယ်တိုင် စိတ်အား





ကိုယ်အားကို အစွမ်းကုန်ထုတ်ပြီးသုံးမယ်ဆိုရင် အဆိုးတွေ အညံ့တွေ မကြာခင်မှာ အဝေးကိုပြေးသွားမှာပဲ"

ဟု ပြောလေ၏။ ငမဲတူက နားမလည်ဟန်ဖြင့်

"ကျုပ်ရဲ့ယတြာဟာ ကျုပ်ကိုယ်တိုင်ပဲပေါ့"

ဟု ဆိုလေရာ ဦးမင်္ဂလာက ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ မင်းနားလည်အောင် အလွယ်ပြောရရင် လုပ်စရာရှိတဲ့အလုပ်တွေကို မညည်းမညူဘဲ ပြင်းပြင်းထန်ထန်လုပ်၊ အတွေးအခေါ် ဆင်ခြင်ဉာဏ်နဲ့ပြည့်စုံအောင် မျက်စိတွေ၊ နားတွေ ဖွင့်ပြီး လေ့လာစူးစမ်းပေါ့ကွာ၊ အဲဒါမှ အဆိုးတွေ၊ အညံ့တွေ၊ ပျောက်ကွယ်မသွားရင်တောင် အဲဒါတွေကို ဖြေရှင်းနိုင်တာပဲ၊ နည်းလမ်းတွေနဲ့ အဲဒါတွေရဲ့ ထိုးနှက်ချက်တွေကို ခံနိုင်ရည်ရှိတဲ့ စွမ်းအားတွေရလာမှာ အမှန်ပဲ၊ မင်းဘဝအတွက် ကောင်းမွန်ဖို့ ယတြာဆိုတဲ့ အစီအရင်ဟာ မင်းကိုယ်တိုင်ပါပဲကွာ"

ဟု ပြောလေတော့၏။

ထို့နောက် ဦးမင်္ဂလာသည် သူ့တို့နှစ်ယောက်အတွက် ညစာကို ပြင်ဆင်လေ၏။ ဦးမင်္ဂလာက မြေအိုးတစ်လုံးထဲ၌ ရေနွေးကို ဆူအောင်ကြို၍ ရေဆေးပြီးသား ဆန်အနည်းငယ်ကိုထည့်လေ၏။

ထို့နောက် အသင့်တုံးပြီးသား ငါးခြောက်တုံးကလေးများ



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပြန်၏။ အိုးကို ခေါက်ကြွမှုမွှေပြီးနောက် အာလူးများကိုထည့်ပြန်၏။

ပဲသီး၊ မုန်လာရွက် စသည်တို့ကို ထည့်ပြန်၏။ ထို့နောက် အနည်းငယ်မြည်း၍ ဆားကို သင့်သလိုထည့်ပြန်၏။ ပြီးလျှင် ဦးမင်္ဂလာက ထိုမြေအိုးကိုချကာ

"ကဲ… ငမဲတူရေ၊ ညစာအတွက် အသင့်ဖြစ်ပြီ"

ဟု ခေါ်လေတော့၏။ ထိုအခါ ငမဲတူက

"ဦးမင်္ဂလာက ထမင်းနဲ့ဟင်းကို တစ်ခါတည်းပေါင်းချက်တာကိုး၊ အဲဒီလိုလုပ်တဲ့အတွက် နံပါတ် (၁) အချိန်ကုန်သက်သာတယ်၊ နံပါတ် (၂) ဆန်ကုန်သက်သာတယ်၊ နံပါတ် (၃) ထင်းမီးလောင်တာကုန် သက်သာတယ်၊ နံပါတ် (၄) အိုးခွက်ပန်းကန် တိုက်ချွတ် ဆေးကြောရတာ သက်သာတယ်၊ နံပါတ် (၅) ဆန်ပြုတ်ဖြစ်တဲ့ အတွက် ကျန်းမာရေးနဲ့ညီညွတ်တယ်၊ နံပါတ် (၆)…"

ဟု ပြောလေရာ ဦးမင်္ဂလာက လက်ကာပြပြီး ရယ်မောကာ

"တော်ပါတော့ကွာ၊ မင်းပြောမှပဲ အဲဒါတွေကို ငါ သတိထားမိတော့တယ်၊ ဒါပေမဲ့ အမှန်ကလည်း အဲဒီဆန်ပြုတ်မဟုတ်၊ စွပ်ပြုတ်မဟုတ်၊ ဟင်းရွက်ပြုတ် မဟုတ်တဲ့အစာကို ငါကြိုက်တာကတော့ အဓိက အချိန်ကုန်သက်သာတာရယ်၊ အာဟာရပြည့်ဝတာရယ်



ကြောင့်ပါကွ၊ အဲဒီပအာကို နေ့စဉ်စားနေမယ်ဆိုရင် ဘယ်တော့မှ အစာအိမ်ရောဂါ မဖြစ်တော့ဘူးပေါ့"

ဟု ဆိုလေ၏။

ထို့နောက် ငမဲတူနှင့် ဦးမင်္ဂလာတို့သည် ညစာကို မြိန်ယှက်စွာ စားသောက်ကြ၏။ ဦးမင်္ဂလာက အနီးရှိ ခွက်တစ်လုံးထဲတွင် ငရုတ်သီးခြောက်နှင့် ဆားကိုထည့်၍ထား၏။

သူတို့သည် ပန်းကန်ထဲသို့ ဆားဖြူးကာ ငရုတ်သီးခြောက်ကို ကိုက်၍စားသောက်ကြလေရာ မကြာမီ ဆန်ပြုတ်တစ်အိုးမှာ တက်တက်စင်ပြောင်သွားတော့၏။

ပန်းအိစံ ကွန်ပျူတာ

www.burmeseclassic.com



ငမဲတူတို့သည် ညစာစားသောက်ပြီးလျှင် ဦးမင်္ဂလာက လသာမှန်အိမ်ကလေးကို မီးထွန်းညှိပြီး

"ကဲ... ငမဲတူရေ၊ မင်းအိပ်ချင်ရင် အိပ်လို့ရပြီ၊ တဲပေါ်မှာ အိပ်ရာလိပ်တစ်ခုအပို ရှိတယ်၊ အိပ်ရာလိပ်ကလည်း တွေတွေထူးထူး မဟုတ်ပါဘူးကွာ၊ ကပ္ပိယကြီးဆီက အလှူခံထားတဲ့ ဖောင်ကြမ်းတစ်ထည်ရယ်၊ ဂုန်နီအခင်းတစ်ခုရယ်၊ ဝါးဆစ်ပိုင်း ခေါင်းအုံးတစ်ခုပါပဲ"

ဟုပြောလေ၏။ ငမဲတူက မျက်မှောင်ကြုတ်ပြီး

"ဦးမင်္ဂလာက ကျုပ်အတွက် အိပ်ရာလိပ်တောင်



ပြင်ထားတယ်ဆိုတော့ ကျုပ်ဒီကိုရောက်လာမှာ သိနေပုံပဲ"

ဟုဆိုလိုက်ရာ ဦးမင်္ဂလာက ခေါင်းယမ်းပြီး

"မသိပါဘူးကွာ၊ လိုရမယ်ရ ဆောင်ထားတာပါ"

ဟု ပြင်းဆန်လေ၏။ ငမဲတူကလည်း ခေါင်းယမ်းပြီး

"မဖြစ်နိုင်ဘူးဗျ၊ ကျုပ်အခုမှ သတိထားမိတယ်၊ ကျုပ်ရောက်လာတော့ ဦးမင်္ဂလာရဲ့မျက်နှာဟာ ဘာမှ ထူးခြားပုံမရဘူး၊ ဒီကို ရောက်လာလိမ့်မယ်ဆိုတာ တွေးမိလို့ မထူးခြားတာပေါ့၊ ပြီးတော့ တဲရှေ့မှာ ထိုင်လို့ရအောင် လုပ်ထားတဲ့ ဝါးကုလားထိုင်ကလည်း ကျုပ်တို့အရွယ် ထိုင်နိုင်အောင် ဝါးတွေကို ဖြတ်တောက်ထားတဲ့ အပိုင်းအစတွေကိုတောင် ကျုပ် သန့်ရှင်းရေးလုပ်ရင်းနဲ့ မီးမွှေးလို့ရအောင် စုပုံထားသေးတယ်၊ အဲ... တဆက်တည်းပြောရရင် သန့်ရှင်းရေးလုပ်တဲ့ အနှံတံမြက်စည်း အရိုးကလည်း ဟိုက်ကိုပဲဗျ၊ သူလည်း အသစ်ပဲ၊ ဒါတာ ကျုပ်ကိုစောင့်ရှယ်ပြီး လုပ်ထားတယ်ဆိုတာ ထင်ရှားပါတယ်၊ ထပ်ပြီးပြောရရင် ကျုပ်အတွက် အိပ်ရာခင်းလုပ်တဲ့ ဂုန်နီအိတ်အခင်းတောင် ကျုပ်အရပ်နဲ့ သိပ်ကွာမယ် မထင်ဘူး၊ သွားကြည့်လိုက်ရင် အဖြေပေါ်မှာပါ"

ဟု ဆိုလေရာ ဦးမင်္ဂလာက ခေါင်းတဆတ်ဆတ်ညိတ်ကာ

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အင်းစိန်စီအိုင်ဒီပို့ပြီး စုံထောက်ပညာ သင်ပေးလိုက်ရင် လက်ရှိစုံထောက်တွင် ထမင်းငတ်သွားနိုင်တယ်၊ ဟုတ်ပါတယ်ကွာ၊ မင်း ဒီကိုရောက်လာ မယ်ဆိုတာ ငါ နေ့မှန်းမိလို့ကြိုပြီးစီစဉ်ထားတာပါ၊ မင်းရဲ့ အကြောင်းတွေကို ကပ္ပိယကြီးဆီက သိပြီးပါပြီ၊ မင်းဟာ သာသနာ့အောင်မှာ အပြီးတိုင်မနေဘဲ တစ်နေ့မှာ လူထွက်ဖို့ ရည်ရွယ်ချက်ရှိတာလည်းသိခဲ့လို့ မင်း လူမြန်မြန်ထွက် ဖြစ်အောင်တောင် တိုက်တွန်းခဲ့သေးတယ်၊ ဒါမျိုးက မလုပ် ကောင်းပါဘူး၊ အဲဒီနောက် မင်း ရဟန်းထွက်လာရင် ပွဲစားကြီး က လက်မခံဘဲ သူ့အရိပ်နဲ့ လွတ်တဲ့ နေရာမှာထားမယ် ဆိုတာလည်း စွေးလို့ရပါတယ်ကွာ၊ အဲဒီလိုတွေးမိတော့ ပွဲစားကြီးရဲ့အရိပ်ကလည်း လွတ်ရမယ်၊ သူ့ နိုင်းစေနိုင်အောင် လည်း လက်လှမ်းမီတာ ဒီရုံတောင်က အစောင့်တဲကလေးပဲ ရှိတာပေါ့"

ဟု ရှင်းပြလေ၏။ ငမဲတူလည်း ဦးမင်္ဂလာ၏အဖြေကို ကျေနပ်သွားလေ၏။

ထို့နောက် ငမဲတူက ဦးမင်္ဂလာကိုကြည့်ကာ

"ကျုပ်မှာ မွေးစားအမေဆုံးသွားတာနဲ့ မြို့ကိုတက်ပြီး ပညာသင်ဖို့ အခွင့်အရေးမရှိတော့ဘူး၊ ဒါပေမဲ့ အခုတော့



ဖြေသာပါတယ်၊ ဦးမင်္ဂလာနဲ့တွေ့လိုက်ရတော့ ကျုပ်အတွက် ကျောင်းအသစ်တစ်ခုကို ပြောင်းပြီးတက်ရသလိုပါပဲ၊ ဦးမင်္ဂလာ ကျုပ်ကို အင်္ဂလိပ်စာသင်ပေးပါ"

ဟု တောင်းဆိုလေ၏။ ဦးမင်္ဂလာသည် ကုလားထိုင်တွင် မှီကျနေရာမှ ထခုန်မတတ် မျက်လုံးပြူးကျယ်ကာ

"ငမဲတူ၊ ငါလို ဂိုထောင်စောင့်တစ်ယောက်က မင်းကို အင်္ဂလိပ်စာသင်ပေးရမယ် ဟုတ်လား"

ဟု အံ့သြတကြီး ရေရွတ်လေ၏။ ငမဲတူက တည်ငြိမ်စွာဖြင့်

"ညနေက ငါးခြောက်ထုပ်တဲ့အင်္ဂလိပ်သတင်းစာ စာရွက်ပိုင်းကလေးကို ဦးမင်္ဂလာအမှတ်တမဲ့ဖြစ်ပြီး မျက်မှောင်ကြုတ်လိုက်တာ တွေ့မိတယ်၊ သတင်းစာထဲမှာ ရေးထားတာကို တစ်ခုခုအရှိန်မကျဖြစ်တယ် မဟုတ်လား"

ဟု ဆိုလိုက်ရာ ဦးမင်္ဂလာက သက်ပြင်းချ၍

"ငါ မင်းနဲ့ကြာကြာနေရင် ငါဖုံးထားသမျှတွေ အားလုံးပေါ်တော့မှာပဲ၊ ဟုတ်ပါတယ်ကွာ၊ တစ်နေ့မှာ မင်းကို ငါ အင်္ဂလိပ်စာ သင်ပေးဖို့ ရည်ရွယ်ချက်ရှိပါတယ်၊ အဲဒီသတင်းစာဖြတ်ပိုင်းထဲမှာ အယ်ဒီတာက အင်္ဂလန် ဘုရင်မကြီးရဲ့ ဘုန်းတော်ဘွဲ့တွေကို အလွန်အကြူး မြှောက်ပင့်ပြီးရေးထားတဲ့ တစ်ခွန်းတစ်စတွေ့လိုက်ရလို့

www.burmeseclassic.com



မျက်မှောင်ကြုတ်မိတာပါ"

ဟု ဝန်ခံလေ၏။

ထိုအခိုက် ဖမဲတူက ဦးမဂ်လာ၏ ကုလားထိုင်အနီးရှိမြေပြင်တွင် ဆောင့်ကြောင့်ထိုင်ကာ

"အခုအချိန်ကစပြီး ဦးမဂ်လာဟာ ကျုပ်ရဲ့ဆရာဖြစ်သွားပါပြီ၊ အရာအားလုံးကို လမ်းညွှန်ပေးဖို့ ကိုယ့်ကိုယ်ကိုယ် အပ်နှံပါတယ်၊ ကျုပ်ကို စာသင်ပေးခဲ့တဲ့ ဆရာချစ်ကျောင်းမထွက်ခင်မှာ သဘာဝ လောကကြီးထဲမှာလည်း သင်ယူလေ့လာလို့မကုန်နိုင်တဲ့ပညာတွေရှိတယ်လို့ ဆုံးမစကားပြောလိုက်ပါတယ်၊ ဆရာဦးမဂ်လာ ကျုပ်ကို တပည့်အဖြစ်လက်ခံပါ"

ဟု ခွင့်တောင်းကာ ဦးချလေ၏။

ဦးမဂ်လာ၏မျက်နှာသည် တည်ငြိမ်နေရာမှ ရွှင်ပြလာ၏။ ထို့နောက် မျက်လုံးပေါက်များပိတ်အောင်ပင် ကျေနပ်စွာရယ်မောပြီး

"ကြိုက်သွားပြီဟေ့၊ တပည့်ကပြန်ပြီး ဆရာလုပ်တာဒီတစ်ခါပဲ ကြုံဖူးသေးတယ်၊ ဒါပေမဲ့ မင်းသိထားဖို့က ဆရာဆိုတာ လမ်းညွှန်သူပဲ ဖြစ်တယ်ကွ၊ အဲဒီလမ်းကို မင်းတို့ကိုယ်တိုင်လျှောက်မှဖြစ်တယ်၊ ပြီးတော့ပေးဝေသူပဲဖြစ်တယ်ကွ၊ မင်းတို့ လက်ခံယူနိုင်သလောက်သာ





ရမှာပဲ၊ ပြီးတော့ နှိုးဆော်သူပဲဖြစ်တယ်ကွ၊ မင်းကိုယ့်ကိုယ်တိုင်အားထုတ်ရမယ်၊ ပြီးတော့ မေးခွန်းသူပဲဖြစ်တယ်ကွ၊ မင်းတို့ကိုယ်တိုင် အဖြေရှာရမယ်"

ဟု ဆိုလေရာ ဖမဲတူက ရှုံးစိုက်နေအောင်ပြီး

"ကျုပ်ကို လမ်းညွှန်ပါဗျာ၊ အဲဒီလမ်းဟာ ဘယ်လောက်ပဲ ခက်ခဲကြမ်းတမ်းပါစေ၊ နောက်မတွန့်စတမ်း လျှောက်ပါ့မယ်"

ဟု ကတိပေးလေ၏။ ထိုအခါ ဦးမဂ်လာက

"ကောင်းပြီလေ၊ စိတ်အားထက်သန်နေသူအတွက် မဖြစ်နိုင်တဲ့ အရာဆိုတာမရှိဘူးတဲ့၊ မင်းကို ဒီညကစပြီး အင်္ဂလိပ်စာသင်ပေးပါ့မယ်၊

*"Tomorrw never comes"*

ဆိုတဲ့ အင်္ဂလိပ်စကားပုံရှိတယ်ကွ၊ အဓိပ္ပါယ်ကတော့ 'မနက်ဖြန်' ဆိုတာ တကယ်ရောက်လာတော့ 'ယနေ့' လို့ အခေါ်ခံရမှာပဲဖြစ်တယ်တဲ့၊ ဒါကြောင့် ဒီနေ့လုပ်စရာရှိတာကို ဒီနေ့ပဲ လုပ်ကြရအောင်၊

*"There is no time like the present"*

'ပစ္စုပ္ပန်နှင့်တူသော အချိန်သည်မရှိ'

ဆိုတဲ့ စကားပုံလည်းရှိသေးတယ်၊ ဒီညကစပြီး



www.burmeseclassic.com

"အချိန်မဆိုင်းဘဲ ကျက်ဖို့၊ မှတ်ဖို့သာ ပြင်ပေးတော့"

ဟု ဆိုလိုက်လေ၏။

ထို့နောက် ဦးမင်္ဂလာသည် ခရီးဆောင်ဘီဒိုအတွင်းမှ ကော်ပီစာအုပ်တစ်အုပ်နှင့် ခဲတံကိုထုတ်ယူပြီး ငမဲတူအား ပေးလေ၏။ ထိုအခါ ငမဲတူက

"ဒီဟာတွေကလည်း ကြိုပြီးစီစဉ်ထားတာလားလို့ မမေးတော့ပါဘူး"

ဟု ရေရွတ်လေရာ ဦးမင်္ဂလာသည် ဘာမျှမပြောဆိုဘဲ ပြုံးရုံသာ ပြုံး၍နေလေတော့၏။

✤ ✤ ✤



နောက်တစ်နေ့နံနက်စောစောတွင် ငမဲတူထံသို့ လှေသမားကိုမြကြိုင် ရောက်ရှိလာ၏။ ထိုသူက

"ငမဲတူရေ၊ မင်း ငါနဲ့လိုက်ပြီး တူလုပ်ဖို့ သူဌေးက အမိန့်ချလိုက်တယ်"

ဟု ပြောလေ၏။ ထိုအခါ ဦးမင်္ဂလာကလည်း

"ဘယ်အရာပဲဖြစ်ဖြစ် မင်းအတွက် သင်ယူရေးလာစရာ ချည်းပဲလို့မှတ်ပြီး သေသေချာချာလုပ်ပါ"

ဟု မှာလေ၏။

လှေသူသားမြကြိုင်မှာ ပွဲစားကြီး ဝယ်ယူထားသည့် စပါးများကို လှေဖြင့်သယ်ယူကာ ဂိုဒေါင်အရောက် ပို့ဆောင်ပေးရ၏

www.burmeseclassic.com



ထိုအခါ မေတူက ကိုမြကြိုင်နှင့်အတူ လှေကို ကူညီလှော်ခတ်ပေးရခြင်းသာဖြစ်၏။ စပါးများကို ဆိပ်ကမ်းမှ အတင်အချကိုမူ အခြားအလုပ်သမားများက လုပ်ဆောင်လေ၏။

ကိုမြကြိုင်၏လှေမှာ ဘောက်တူခေါ် ခတ်တက်နှစ်ချောင်းဖြင့် ခတ်ရသော သမ္ဗန်လှေအကြီးစားဖြစ်၏။ စပါးတင်းရေ တစ်ရာမျှ ဆန့်၏။

မေတူက ဒလှေဦးမှ တက်တစ်ချောင်းဖြင့် လှော်ခတ်ရပြီး တစ်ခါတစ်ရံ ထိုးဝါးကိုင်ရ၏။

ကိုမြကြိုင်နှင့်အတူ မလိုက်ရသောနေ့များတွင် ပွဲစားကြီး၏ ကပြည့်ကျော် မောင်လုံးရောက်လာပြီး

"မေတူ၊ အိမ်အတွက် ထင်းတိုက်ရအောင် လိုက်ခဲ့စမ်းပါ"

"လယ်ထဲက ရေနုတ်မြောင်းတွေ ဖော်ရမယ်"

"နွားစာမြက်ရိတ်ဖို့ လူမရှိဘူး"

ဟူ၍ အလုပ်များကို ခိုင်းစေတတ်၏။

ဤသို့ဖြင့် မေတူသည် နေ့လယ်ခင်းများတွင် အလုပ်တစ်ခုမဟုတ်၊ တစ်ခု လုပ်ကိုင်နေရတတ်ပြီး ညနေပိုင်းမှသာ ပြန်၍ရောက်လေ၏။

ထိုအခါ ဦးမင်္ဂလာက သူကြိုက်နှစ်သက်သည့် ဆန်ပြုတ်အိုးကို





တည်ကာ စောင့်နေမြဲဖြစ်၏။ ညစာစားသောက်ပြီးလျှင် မေတူကို အင်္ဂလိပ်စာ သင်ကြားပေးမြဲဖြစ်၏။

တစ်နေ့တွင် မေတူက လယ်ထဲမှ မောမောပန်းပန်းနှင့် ပြန်လာပြီးနောက် ဝါးကုလားထိုင်တွင် ခြေပစ်လက်ပစ်ထိုင်ကာ ဆန်ပြုတ်အိုးကို မွှေနေသော ဦးမင်္ဂလာအား

"ကျုပ်တို့ နောက်နေ့တွေဆို ဆန်ပြုတ်နဲ့ သုံးလေးရက် ကင်းကွာပြီး ဟင်းကောင်းထမင်းကောင်းတွေ စားရတော့မယ်ဗျို့၊ မဟာသီ မင်္ဂလာဆောင်တော့မယ်"

ဟု သတင်းပေးလေ၏။

ဦးမင်္ဂလာက ယောက်မကိုချကာ

"ပွဲစားကြီးက သူ့သမီးရဲ့ မင်္ဂလာဆောင်ကို အလောတကြီး စီစဉ်လိုက်ပုံထောက်တော့ တစ်ခုခုတော့ တစ်ခုခုပဲ ယော့"

ဟု ပြောလေရာ မေတူက ကိုကျော်စွာဟူသည့် လူအကြောင်း တွေးတောမိပြီး

"မဟာသီမှာ ကိုကျော်စွာဆိုတဲ့ ရည်းစားရှိတယ်၊ အဲဒီလူဟာ ဝရမ်းပြေးတစ်ယောက်ပဲ၊ မဟာသီက သူ့ကို သစ္စာဖောက်ရင် သူ ဘယ်လိုမှ အခဲကျေမှာမဟုတ်ဘူးလို့ ကြိမ်းဝါးထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလေ၏။ ဦးမင်္ဂလာက မှတ်ဆိတ်မွေးငုတ်တိုများကို ပွတ်သပ်ပြီး

"ကျော်စွာဟာ ဝရမ်းပြေးတစ်ယောက်ဆိုတော့ ဒီမင်္ဂလာပွဲကို အလွယ်တကူ မနှောင့်ယှက်နိုင်ပါဘူး၊ ပြီးတော့ ပွဲစားကြီးကလည်း ဒါတွေကို ကြိုပြီးသိထားမှာပါ"

ဟု ပြောလေ၏။ ငမဲတူက ဆက်၍

"ကြားရတဲ့သတင်းအတိုင်းဆိုရင် သတို့သားက ညောင်တုန်း စက်ပိုင်သားတဲ့၊ မင်္ဂလာပွဲကို ရွာမှာပဲ စီးနိုးတိတ် အကြီးအကျယ်လုပ်ပြီး မြို့မှာလည်း တစ်ပွဲ ထပ်လုပ်ဦးမယ်တဲ့"

ဟု ဆိုလိုက်၏။ ဦးမင်္ဂလာက ဆံနှံပြုတ်အိုးကို မီးဖိုမှချ၍ ရေနွေးအိုးကိုတင်ကာ

"မင်္ဂလာပွဲကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ဆောင်တာနဲ့ အိမ်ထောင်ရေးသာယာပြီး ကြာရှည်ခံတာကတော့ တခြားစီပဲကွ၊ လူတွေဟာ အတွင်းစိတ်တွေ လိုက်လျောညီထွေရှိမှသာ ကြာရှည်လက်တွဲလို့ရမှာပဲ၊ တတ်နိုင်လို့ အပေါ်ယံ ရွှေမှုံကြဲတဲ့ကိစ္စတွေကို ရှေ့တန်းတင်နေတာဟာ တကယ့်ကို ရယ်စရာကောင်းပါတယ်ကွာ၊ လူတွေအားလုံးဟိုင်းပြီး





ဒီလင် ဒီမယား အိုအောင်မင်းအောင်ပေါင်းရပါစေလို့ ကောင်းချီးပေးလိုက်လို့ကော တည်မြဲနိုင်ပါ့မလားကွ"

ဟု ပြောလေ၏။

မဟာသိန်း၏ မင်္ဂလာပွဲမတိုင်မီ (၃) ရက်အလိုကပင် ငမဲတူနှင့် ဦးမင်္ဂလာတို့သည် အလုပ်ရှုပ်နေကြပြီဖြစ်၏။

ထိုအချိန်ရောက်မှပင် ငမဲတူသည် ပွဲစားကြီး၏အိမ်ရိပ်သို့ ခြေချခွင့်ရလေ၏။ အိမ်ရှေ့တွင် မဏ္ဍပ်ကြီးကို ဟီးနေအောင်ထိုးကြ၏။

မန္တလေးမှ စပ်ယှဉ်းချီဆရာကြီးနှင့်အဖွဲ့ကိုပင်ခေါ်၍ မဏ္ဍပ်ကို အလှဆင်စေ၏။

အိမ်ကြီးကို ဆေးချေးအသစ်သုတ်ကြ၏။ ခြံဝင်းတစ်ခုလုံး အမှိုက်သရိုက်မရှိအောင် ရှင်းလင်းကြ၏။ ခြံဝင်းအတွင်းရှိ သစ်ပင်ကြီးများကို ထုံးဖြူသုတ်ကြ၏။

ရွာရှိ ကာလသား၊ လူငယ်၊ လူရွယ်အားလုံး ထင်းခွဲ၊ ရေခပ် အလုပ်များဖြင့် မင်္ဂလာပွဲအကျိုး ကြိုး၍ပြင်ဆင်ကြ၏။ ထိုအချိန်၌ သတို့သား၏ ဆွေမျိုးသားချင်းများကလည်း ပျော်ပွဲစားထွက်သလို ကြိုထင်၍ ရောက်လာကြ၏။

ငမဲတူနှင့် ဦးမင်္ဂလာမှာ မင်္ဂလာပွဲအတွက် ချက်ပြုတ်ရန် မြေကျင်းမီးဖိုကြီးများကို အုတ်စီ၍ ရွှံ့စေးမြေဖြင့်မံကာ ပြုလုပ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ပွဲစားကြီးမှာမူ ခေါင်းပေါင်းစတလူလူဖြင့် မင်္ဂလာပွဲအတွက် စီစဉ်ရင်း မအားလပ်အောင်ရှိနေ၏။ သို့သော် မေတ္တာနှင့် ဦးမင်္ဂလာ တို့ထံသို့ ယောင်၍မျှပင် ခြေဦးမလှည့်ချေ။

နိုင်းစရာရှိလျှင် မောင်လုံး သို့မဟုတ် ကိုမြကြိုင်မှတစ်ဆင့် နိုင်းစေတတ်၏။

မဟာသီကိုမူ ထိုကဲ့သို့ လှုပ်ရှားသွားလာနေသည်ကို မတွေ့ ချေ။ သတို့သားမှာမူ ရောက်စကလိုမဟုတ်ဘဲ ဟိုနေရာစပ်စပ် ဒီနေရာစပ်စပ် ဝင်၍နိုင်းစေတတ်၏။

ထိုသူမှာ မဟာသီထက်ပို၍ အသက်ကြီးဟန်တူ၏။ ၎င်း အသားအရည်ကလည်း မေတ္တာလိုပင် နက်မှောင်နေ၏။ ထိုကဲ့သို့ မိုက်မှောင်နေသည့်အထဲတွင် ရွှေများကို မြင်မကောင်းအောင် ဝတ်ဆင်ထားလေ၏။

မေတ္တာသည် စိတ်တွင်းမှနေ၍ မဟာသီက မိမိကို အသား မည်းနက်၍ ရွံရှာသည်ဟု ပြောခဲ့သည်ကို အမှတ်ရမိကာ ပြုံးမိလေ၏။

ဦးမင်္ဂလာကမူ ပွဲစားကြီးကိုကြည့်၍

*"မေတ္တာ၊ ပွဲစားကြီးလည်း သူ့သမီးရဲ့ပွဲပြီးရင် သူ့ပွဲလုပ်လိမ့်မယ်ထင်တယ်၊ အဲဒါကလည်း သိပ်မကြာ တော့ဘူး ထင်ပါရဲ့ကွာ၊ သတို့သားနဲ့ပါလာတဲ့ ဧည့်သည် တွေထဲက အသက် (၃၀)ကျော်လောက်ရှိတဲ့ အသားဖြူဖြူ*





*လုံးကြီးပေါက်လှ မိန်းမတစ်ယောက်က သူ့ကို တို့ကနန်း၊ ဆိတ်ကနန်းလုပ်ပြီး ပြောဆိုနေတာကို သွားကြီးအဖြဲသားနဲ့ ကျေနပ်နေပုံရတယ်ကွ၊ အဲဒီမိန်းမရဲ့မျက်လုံးတွေကလည်း သမင်မရဲ့မျက်လုံးလို ဝိုင်းစက်ပြီးကြည်လင်နေတာ တွေ့တယ်မဟုတ်လား၊ သူ့ပုံစံက မုဆိုးရဲ့မြားချက်ကို အထိခံချင်နေပုံရတယ်ကွ၊ ဟိုမုဆိုးဖိုကြီးကလည်း ပစ်မှာ ပဲကွ၊ ဒီကလည်း မရှောင်ဘဲနေမှာပဲကွ၊ အဲဒီတော့ ထိကြမှာ ပေါ့ကွာ၊ ထိရင်တော့ ငြိပြီး နောက်တစ်ပွဲ ကျိန်းသေပါပြီ ကွာ"*

ဟု ဆိုလေ၏။

ဦးမင်္ဂလာ၏ စကားအတိုင်းပင် ပွဲစားကြီးနှင့် ထိုအမျိုးသမီး သည် လေပေးဖြောင့်နေကြ၏။ ပွဲစားကြီး၏ ရုပ်သွင်မှာလည်း ရွှင်လန်း ကြကာ လူငယ်တစ်ယောက်လိုရှိ၏။

သူ၏ အသက်ကြီးရင့်မှုကိုမူ ဖုံးကွယ်ရန် အရောင်နှ၊ အဆင်နှ လေးများကိုသာ ပွဲနေပွဲထိုင်ကဲ့သို့ ဝတ်ဆင်ထား၏။ ပွဲစားကြီးသည် သက် (၅၀)ကျော်မှ အံပေါ်နေလေပြီ။

မေတ္တာနှင့် ဦးမင်္ဂလာသည် မီးဖိုကြီးများကို ချွေးတလုံးလုံးဖြင့် လုပ်လျက်ရှိ၏။ မေတ္တာက ရွံ့စေးမြေများကို ရေဖြန်း၍ စီးပိုင်နေစေ အထပ်ထပ် ခြေဖြင့်နင်းရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်္ဂလာက ထိုရွှံ့စေးများကို အုတ်စီသရိုးကိုင်နေလေ၏။ ထိုအခိုက်တွင် ငမဲတူသည် ရွှံ့စေးတုံးကြီးကို ဦးမင်္ဂလာအနီးတွင် ဘုတ်ခနဲပစ်ချလေရာ နံဘေးမှ ကလေးတစ်ဦး၏ ထိတ်လန့်တကြားဖြင့်

"ဟာ… ငါ့အကျီတွေ ရွှံ့တွေပေကုန်ပြီ"

ဟု အော်ဟစ်သံကို ကြားလိုက်ရတော့၏။

ထိုသူမှာ ငမဲတူနှင့် ရွယ်တူခန့်ရှိမည့် ကောင်လေးတစ်ယောက်ဖြစ်၏။ သူတို့နှင့် ရွယ်တူကောင်လေးသုံးယောက်ကိုလည်း တွေ့ရ၏။ ဦးမင်္ဂလာက လှည့်ကြည့်ပြီး

"မင်းကတော့ ပြဿနာပဲ ငမဲတူ၊ အဲဒါ သတိုးသားနဲ့ ပါလာတဲ့ နည်းသည့်တော်ကြီးတွေကွ"

ဟု ဆိုလေ၏။

ရွှံ့ပေသွားသော ကောင်လေးသည် ငမဲတူကဲ့သို့ ဘွားကြိုင်းလေ၏။ ၎င်းက အကျီ၊ ဘောင်းဘီများကို ကိုင်တွယ်ကာ မျက်နှာရှုံ့မဲ့ပြီး ငမဲတူကို

"ဟေ့ကောင်… မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ ငါ့အဝတ်တွေ ဘယ်လောက်အဖိုးတန်သလဲဆိုတာ မင်းနားမလည်ဘူးလား"

ဟု ဒေါသတကြီး မေးမြန်းလေ၏။ ငမဲတူက

"မင်း အကျီဘောင်းဘီတွေ ငါ ပြန်ပြီး လျှော်ဖွပ်ပေး





ပါ့မယ်ကွာ၊ ဒီလိုဖြစ်အောင် ငါ သက်သက်လုပ်တာ မဟုတ်ပါဘူး"

ဟု ရှင်းပြလိုက်၏။ ထိုကောင်လေးက ခေါင်းယမ်းပြီး ခါးထောက်ကာ

"ဒီလိုလုပ်ပေးလို့ ငါက ဘယ်ကျေလိမ့်မလဲကွ၊ ငါတို့လာတာ မြင်ရဲ့သားနဲ့ မင်းရွှံ့စေးတုံးကြီးပစ်ချလိုက်တာ မဟုတ်လား"

ဟု ပြောလေရာ အနီးရှိ ကောင်လေးတစ်ယောက်ကလည်း

"ဟုတ်တယ်၊ ဒီကောင်သား ငမဲကောင် သက်သက်လုပ်ပါးဝတာ"

ဟု ဝင်၍ပြောလေ၏။ ကျန်တစ်ယောက်ကလည်း

"ဒါဆို မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမလိုက်ပေါ့ကွ"

ဟု မြှောက်ပင့်ပေးပြန်၏။ ငမဲတူက ခေါင်းယမ်းပြီး

"ငါ တောင်းပန်ပါတယ်"

ဟု ဆိုလေရာ ကောင်လေးက ခြေမြန်လက်မြန်ဖြင့် ငမဲတူ၏ ဆံပင်ထုံးစေ့ကို ခွပ်ခနဲထိုးချလိုက်ပြီး

"အဲဒီလိုတောင်းပန်လို့ ရကိုးလားကွ၊ ဒီအဝတ်တွေက မင်းထက် အဖိုးတန်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ငမဲတူက နာကျင်မှုကို ကြိတ်၍ခံလိုက်ပြီး မည်သည့်စကားမျှ မဆိုတော့ဘဲရှိ၏။ သို့သော် သူ၏ရင်ထဲတွင် ဒေါသတို့က လှိုင်းထန်နေ၏။

မျက်နှာကမူ တည်ငြိမ်စွာဖြင့် အပြစ်ကို ကျေကျေနပ်နပ်ကြီး ခံယူလေ၏။ ထိုအခါ အခြားကောင်လေးတစ်ယောက်က ငမဲတူ၏ ကျောကို ဘုန်းခနဲ ခြေဖြင့်ကန်လိုက်ပြန်၏။ အခြားတစ်ယောက်ကလည်း ထင်းချောင်းကိုဆွဲ၍ ရိုက်နှက်ပြန်ပြင်၏။

ထိုအခါမှပင် ငမဲတူက လှုပ်ရှားလာပြီး ရွံ့ပေသွားသည့်ကောင်လေး၏ လည်တိုင်ကို ဆတ်ခနဲချုပ်ကိုင်ပြီး

"ယောကောင်တွေ တော်သော့၊ ဒီထက်ထပ်ပြီးလွန်လာရင် ငါ့ကို အဆိုးမဆိုနဲ့"

ဟု အော်ဟစ်လိုက်၏။ ကောင်လေးများ ရပ်တန့်သွားကြ၏။

ထိုအချိန်၌ ဦးမင်္ဂလာသည် ပြောင်းဖက်ဆေးလိပ်ကြီးကိုဖွာကာ ငမဲတူ၏ရန်ပွဲမှာ သူနှင့် ဘာမျှမသက်ဆိုင်သလို ရှိနေ၏။

ငမဲတူ၏နှုတ်ခမ်းမှာ ကောင်လေး၏လက်သီးချက်ကြောင့် သွေးတို့ ယိုစီးလျက်ရှိ၏။ ကောင်လေးမှာလည်း ငမဲတူ၏လက်တွင်း၌ မလှုးသာ မလွန့်သာဖြင့် မျက်လုံးပြူးကျယ်နေပြီဖြစ်၏။

ထိုအခိုက်တွင်





"ဟော့ကောင်... ဒါ ဘာလုပ်တာလဲ၊ လွှတ်လိုက်စမ်း"

ဟူသော အသံနှင့်အတူ သတို့သားသည် အူယားဖားလျား ပြေးလွှားကာ အနီးသို့ ရောက်ရှိလာ၏။

ပွဲစားကြီးနှင့် အခြားသူများလည်း သူတို့ရန်ပွဲကို သိရှိသွားကြ၏။ ငမဲတူသည် ကောင်လေးကို လွှတ်ပေးလိုက်ပြီဖြစ်၏။

သို့သော် သတို့သား၏ ထင်းချောင်းဖြင့် စိတ်ရှိလက်ရှိ ရိုက်နှက်ခြင်းကို ခံရလေ၏။ ပွဲစားကြီးကမူ ကျေကျေနပ်နပ် ကြည့်ရှုနေလေ၏။

သတို့သားသည် ငမဲတူကို အားရအောင်ရိုက်နှက်ပြီးမှ ကောင်လေးများကိုခေါ်ကာ ထွက်ခွာသွားလေတော့၏။ ထိုအခါ ပွဲစားကြီးက ငမဲတူကို လှမ်း၍

"နောက်တစ်ခါဆိုရင် မင်းကို ငါကိုယ်တိုင် ဆုံးမမယ်"

ဟု ကြိမ်းဝါးလေ၏။

ထိုနေရာတွင် လူရှင်းသွားမှပင် တွေတွေငေးငေးကြီးရပ်နေသော ငမဲတူကို ဦးမင်္ဂလာက

"ထိုက်သင့်တဲ့အပြစ်ဒဏ်ကို ခံမယ်လို့ မင်းက ဆုံးဖြတ်လိုက်တာကိုး၊ ဒါပေမဲ့ လူတိုင်းဟာ တရားမျှတမှု



www.burmeseclassic.com

www.burmeseclassic.com



*မရှိတတ်ကြဘူးဆိုတာလည်း မင်းအနေနဲ့ သင်ခန်းစာယူရလိမ့်မယ်၊ ပြီးတော့ မင်းမှာ လိုအပ်ရင် တုံ့ပြန်တိုက်ခိုက်တတ်တဲ့ စိတ်ရှိနေတာကို သိလိုက်ရတဲ့အတွက် ယောက်ျားတိုင်းတတ်ထားအပ်တဲ့ တိုက်ခိုက်ရေးပညာသင်ပေးဖို့ ငါ ဆုံးဖြတ်ထားတယ်၊ အဲဒါဟာ သူတစ်ပါးကို စော်ကားရန်စဖို့ မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ဖို့နဲ့ သူတစ်ပါးအကျိုးကို ဆောင်ရွက်ဖို့ပါပဲ"*

ဟု ပြောလေတော့၏။

❋ ❋ ❋

ပန်းအိမ် ကွန်ပျူတာ

[illegible]





မေတ္တာသည် မဟေသီ၏ မင်္ဂလာပွဲပြီးသည်အထိ မောက်ထွေ့မည်သည့်အနှောင့်အယှက်ကိုမျှ မတွေ့ရကြောချေ။

မဟာသီဝတို့ လင်မယားသည် ဗျားရှည်ဆမ်းခရီးအဖြစ် အထက် မြန်မာပြည်ရှိ ဘုရားများအား လှည့်လည်ဖူးမြော်ရန် ထွက်ခွာသွားကြ ၏။

ထိုအခါ ဿောင်တုန်းမြို့မှ "မြမြ" ဟူသော အသားဖြူဖြူနှင့် လုံးကြီးပေါက်လှမိန်းမသည် ပွဲစားကြီးထံသို့ မကြာခဏ လာရောက်လည်ပတ်လေ၏။ မြမြသည် ဿောင်တုန်းဈေးကြီးထဲတွင် အထည်ဆိုင်ခင်းထားသူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ဦးမင်္ဂလာသည် မေတ္တာကို သိုင်းပညာ စတင်သင်ကြားပေးလေ၏။ မေတ္တာသည် တစ်နေ့လုံး ပွဲစားကြီး၏အလုပ်များကို လုပ်ကိုင်ပေးရလေရာ ညပိုင်းမှသာ အားလပ်၏။

ထိုအချိန်ကလေးကိုပင် အနားမယူဘဲ အင်္ဂလိပ်စာသင်ကြားပြီး သိုင်းပညာ လေ့ကျင့်လေ၏။ တစ်ညတွင် ဦးမင်္ဂလာက

*"ဟို မြမြဆိုတဲ့မိန်းမတော့ ပွဲစားကြီးဆီကို ချောင်းပေါက်မတတ်ရောက်နေပြီကွ၊ မဟာသီဟတို့ ဘုရားဖူးက ပြန်မရောက်ခင် ပွဲစားကြီးရဲ့ မင်္ဂလာသတင်းကို ကြားရလိမ့်မယ်"*

ဟု ပြောကာ နိမိတ်ဖတ်လေ၏။

ဦးမင်္ဂလာ၏စကားအတိုင်းပင် နောက်ရက်အနည်းငယ်အကြာတွင် ပွဲစားကြီးနှင့် မြမြတို့သည် အကျဉ်းရုံး၍ လက်ထပ်လိုက်တော့၏။

ထိုသို့လက်ထပ်ပြီး ရက်အနည်းငယ်အကြာတွင် မဟာသီဟတို့ ဖနီးမောင်နှံသည် ဘုရားဖူးမှ ပြန်လည်ရောက်ရှိလာ၏။ မဟာသီဟသည် မြမြကို မီခင်နေရာတွင် အစားမထိုးနိုင်ချေ။

ထို့ကြောင့် သူမသည် ပွဲစားကြီးနှင့် ကတောက်ကဆဖြစ်လေ၏။ မြမြကိုလည်း ဖခင်မြှူဆွယ်ပြီး သိုက်တူးသူဟု မဟာသီဟက စွပ်စွဲ၏။





ထိုအခါ ပွဲစားကြီးက သမီးထက် မယားအချောအလှကပို၍ အရေးကြီးသည်ဟု ဆုံးဖြတ်၏။ ထို့နောက် မဟာသီဟအတွက် ရသင့်ရထိုက်သည်များကို ခွဲဝေပေးလိုက်၏။

မဟာသီဟကလည်း မြမြရှိနေသရွေ့ ဖခင်ကြီးနှင့် ခွေခန်းမျိုးခန်း ဖြတ်မည်ဟု ကြိမ်းဝါးကာ ယောက်ျားရှိရာ ညောင်တုန်းမြို့သို့ ကောက်ကောက်ပါအောင်လိုက်သွားတော့၏။

ထိုအဖြစ်အပျက်များကို ဦးမင်္ဂလာနှင့် မေတ္တာတို့သည် အစမှ အဆုံးတိုင် ကြားသိနေရ၏။

ထို့ကြောင့် ဦးမင်္ဂလာက

*"မေတ္တာရေ… ပွဲစားကြီးနဲ့မြမြတော့ ညားသွားပြီကွ၊ မဟာသီဟလည်း ထွက်သွားပြီကွ၊ မြမြအတွက်တော့ ကားတစ်စီးရဲ့ကံသရဏ် ပါပဲကွာ၊ သူကတော့ ပျော်မွေ့ကြီး မောင်းတော့မှာပဲကွ၊ ဒါပေမဲ့ အဲဒီကားကြီးဟာ တစ်နေ့မှာ အင်ဂျင်ကျပြီး သိပ်မောင်းလို့မကောင်းတာကို သိလိမ့်မယ်ကွ၊ အဲဒီတော့ မြမြဟာ နောက်ကားတစ်စီးကို မောင်းဖို့ကြံရလိမ့်မယ်၊ အဲဒီအချိန်မှာ မြမြဟာ သားကောင်မဟုတ်တော့ဘူး၊ ကျွမ်းကျင်တဲ့မုဆိုးဘဝကိုရောက်သွားပြီ၊ သူက သားကောင်ကို ပြန်ပြီးရှာဖွေတော့မယ်၊ အဲဒီတော့ ရေကြီးပေါ်ကို လှေငယ်တင်တဲ့ ဇာတ်လမ်းတွေ ပေါ်လာတော့မှာ*



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွာ"

ဟု ပြောသေး၏။ ငမဲတူက ဟက်ခနဲရယ်ပြီး

"ဦးမင်္ဂလာရဲ့စကားက ကားတွေ၊ လှေမှတ်နေတာ ပါပဲလား၊ အဓိကကတော့ ဒေါ်မြမြဟာ ဖောက်ပြန်တယ်တဲ့ မိန်းမလို့ ဆိုလိုတာ မဟုတ်လား"

ဟု ပြောလိုက်ရာ ဦးမင်္ဂလာက မုတ်ဆိတ်မွေးဝတ်သီဖြူဖြူများကို လက်ဖြင့်ပွတ်သပ်ကာ

"အဲဒီလို တဲ့တိုးကြီးပြောရမှာ မကောင်းလို့ပေါ့ကွာ၊ မြမြရဲ့မျက်လုံးတွေကို ငါ သေသေချာချာ ကြည့်ပြီးပြီကွ၊ သူ့ရဲ့မျက်လုံးတွေက တစ်ခုခုကို အမြဲတမ်းရှာဖွေနေပုံပဲကွ၊ ပြီး ဟဲ... ဘာကို ရှာဖွေနေသလဲဆိုတာတော့ မပြောကောင်းလို့ မပြောတော့ပါဘူးကွာ"

ဟု ဆို၍ စကားကို ရပ်တန့်လေ၏။

ငမဲတူနှင့် ဦးမင်္ဂလာတို့မှာမူ မည်သည့်အပြောင်းအလဲမှု မရှိချေ။

ဦးမင်္ဂလာသည် ဓနလယ်ဘက်မျှသာ ကိုဒေါင်မှ စပါးများ အသွင်းအထုတ် လုပ်သည်ကို စောင့်ကြပ်ကြည့်ရှုပြီး ညဘက်တွင် ကိုဒေါင်၏ လုံခြုံရေးကို တာဝန်ယူရသည့်သာဖြစ်၏။

ဓနလယ်ဘက် ကိုဒေါင်တွင် စပါးအသွင်းအထုတ်လုပ်သော အခါ တစ်ခါတစ်ရံ ပွဲစားကြီးရှိနေတတ်၏။ တစ်ခါတစ်ရံတွင် မောင်လုံးရှိနေတတ်၏။



ပွဲစားကြီးကတော့ မြမြမှာမူ မည်သည့်အလုပ်ကိုမျှ စိတ်ဝင်စားခြင်းမရှိဘဲ သူ့ကိုယ်သူ လှပစေရန်သာ ဂရုစိုက်နေတတ်၏။

ဤသို့ဖြင့် နှစ်နှစ်ဆိုသောအချိန်သည် ကုန်ဆုံးသွားခဲ့၏။ ထိုအချိန်ထိ မဟာသ်ာသည် ပွဲစားကြီးထံသို့ တစ်ခေါက်မျှ ရောက်မလာခဲ့ချေ။ သူမ၏စကားအတိုင်းပင် ပွဲစားကြီးကို ဆွဲဆောင်မျှားနိုင်ခြင်းဖြစ်တော့ ဟန်ရှိ၏။

တစ်ညတွင် ငမဲတူက ဦးမင်္ဂလာအား ပွဲစားကြီး၏မိန်းမ ဒေါ်မြမြအကြောင်းအား သတင်းပေးလေ၏။

"ဦးမင်္ဂလာရဲ့စကားအတိုင်းပြောရရင် ဒေါ်မြမြ အခုမောင်းနေတဲ့ ကားကြီး အင်ဂျင်ကျသွားပြီ ထင်တယ်ဗျ၊ အဲဒီတော့ သူ့အတွက် ကောင်းလို့ကောင်းမဲ့ နောက်ကား တစ်စီး ရှာရတော့မယ် မဟုတ်လား၊ အဲဒီမှာ သူ့ရဲ့ သားကောင်ကဘယ်သူဖြစ်မလဲဆိုတာ ကျုပ်ရိပ်မိနေပြီဗျ ဟဲ ဟဲ... ဒေါ်မြမြရဲ့ လောကလေးပေါ့ဗျာ"

ဦးမင်္ဂလာသည် ငမဲတူ၏စကားကို ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ခဲကာ နားထောင်နေလေ၏။ ထိုအခါ ငမဲတူဘက်လှည့်၍ ကြည့်လေရာ ငမဲတူက

www.burmeseclassic.com

www.burmeseclassic.com



"ပွဲစားကြီးရဲ့တပည့် ကိုမောင်လုံးဖြစ်လိမ့်မယ် ထင်တယ်၊ ကိုမောင်လုံးဟာ အခုရက်ပိုင်းမှာ ဘိုကေကို လည်း ကောနေအောင်ဖြီးတယ်ဗျ၊ အဝတ်အစားကလည်း တောက်တောက်ပြောင်ပြောင်နဲ့၊ သူ့လို အသုံးအစား လက်ဖွာတဲ့သူဟာ တစ်ယောက်ယောက်ရဲ့ အထောက်အပံ့ မပါဘဲနဲ့ ဒီလိုမနေနိုင်ဘူးဗျ၊ ကိုမောင်လုံးက ပွဲစားကြီးနဲ့ တစ်အိမ်တည်း နေတာမဟုတ်လား၊ ကိုမြကြိုင်နဲ့ ဒေါ်သိန်းရှာတို့ကလည်း ခြံဝင်း ထဲမှာ အိမ်ကလေးတစ်လုံးနဲ့ သတ်သတ်နေပြီး အကြောင်းကိစ္စရှိလို့ ပွဲစားကြီးနိုင်းမှသာ အိမ်ကိုလာရတာဗျ၊ ဒေါ်သိန်းလှကလည်း ပွဲစားကြီးရဲ့ မီးပိုချောင်ကိစ္စပြီးတာနဲ့ အိမ်ပြန်ရတာပဲ၊ အိမ်မှာ ကိုမောင်လုံး က အချိန်ပြည့်ရှိနေတာ မဟုတ်လား၊ ဒေါ်မြမြရဲ့ ပစ္စည်းတွေ ဟာ သူ့ရဲ့ ဖြစ်ရမှာပေါ့"

ဟု ပြောလေရာ ဦးမင်္ဂလာက

"ဒါမျိုးက ရမ်းပြီးမပြောကောင်းဘူးကွ"

ဟု ဆိုလေ၏။ ငမဲတူက

"ရမ်းပြောတာမဟုတ်ဘူးဗျ၊ ဒေါ်သိန်းလှကလည်း ကျုပ်ကို သတင်းပေးတယ်၊ ဒေါ်မြမြဟာ ဇက်ကြော တက်တယ်ဆိုပြီး ကိုမောင်လုံးကို ဇက်ကြောဆွဲနှိုင်းတယ်





တဲ့၊ မကြာခဏ နင်းနှိပ်နိုင်းတတ်တယ်တဲ့၊ မြို့တက်ပြီး ဈေးဝယ်ရင်လည်း ကိုမောင်လုံးကို အပေါ်ခေါ်သွား တတ်သေးတယ်တဲ့၊ ကိုမောင်လုံးရဲ့လက်မောင်း တုတ်တုတ်ကြီးတွေ ကိုင်ကြည့်ပြီးလည်း ရယ်နေတတ် သေးတယ်တဲ့ဗျ"

ဟု ပြောပြန်၏။ ထိုအခါ ဦးမင်္ဂလာက

"ဒါတွေကို ပွဲစားကြီးမသိဘဲနေမှာမဟုတ်ဘူး၊ သူလည်း မှုဆိုးပဲကွာ၊ ဒီကိစ္စကိုရှင်းဖို့ တစ်ချက်ကောင်းပစ်ဖို့ စောင့်နေတာဖြစ်လိမ့်မယ်၊ အချိန်တန်ရင်တော့ အဖြေထွက် လာမှာပါကွာ"

ဟု ဆိုလေတော့၏။

ဦးမင်္ဂလာ၏စကားအတိုင်းပင် သုံးလေးလအကြာတွင် အဖြေ ထွက်လာ၏။ ပွဲစားကြီးသည် အိမ်မွေးခြံပေါက်မောင်လုံးအား စပါးဖိုး ငွေများကို အလွဲသုံးစားလုပ်သည်ဟုဆိုကာ အိမ်မှနှင်ထုတ်လိုက် သလေ၏။

ထိုသတင်းကိုကြားလျှင် ဦးမင်္ဂလာက ငမဲတူကို

"ပွဲစားကြီးတော့ တစ်ချက်ကောင်းပစ်လိုက်ပြီဟေ့"

ဟု ဆိုလေ၏။

ထိုအခါ ပွဲစားကြီးက မောင်လုံးနေရာတွင် ဦးမင်္ဂလာအား



www.burmeseclassic.com

အစားထိုးကာ နိုင်းစေလေ၏။ ထိုအခါ မေတ္တူသည် စပါးကိုထောင်များကို နေ့ရောညပါ စောင့်ကြပ်ရန် တာဝန်ယူရ၏။

ဦးမင်္ဂလာမှာမူ တစ်နေ့လုံး ပွဲစားကြီး၏ နိုင်းစေသမျှကို လုပ်ကိုင်ပေးကာ မေတ္တူနှင့် ညဘက်ရောက်မှသာ ဆုံတွေ့တော့၏။ ထို့နောက် ဦးမင်္ဂလာက

"မေတ္တူ မင်းအတွက် အပြင်အလုပ်တွေမရှိတော့ဘူး၊ ဂိုထောင်မှာ စောင့်ရတယ်ဆိုတာလည်း ဘာမှပင်ပင်ပန်းပန်း လုပ်ရတာမှမဟုတ်တာ၊ ဒါပေမဲ့ မင်း အရင်ကထက် ပိုပြီး ပင်ပင်ပန်းပန်း ကြိုးကြိုးစားစား အားထုတ်ရတော့မယ်၊ ဒီအချိန်ဟာ မင်းအတွက် အချိန်ကောင်းပါပဲကွာ၊ မင်းရဲ့ အင်္ဂလိပ်စာလေ့လာမှုနဲ့ သိပ္ပံပညာလေ့ကျင့် ရေးတွေအတွက် အစွမ်းကုန်ကြိုးစားပေတော့"

ဟု ပြောလေ၏။ ထိုအခါ မေတ္တူက

" ကျုပ်အတွက် တစ်ယောက်တည်းနေရပေမဲ့ ဘယ်တော့မှ ပျင်းရိငြီးငွေ့တာတွေ ဖြစ်လာမှာမဟုတ်ဘူးဗျ။ နစ်ဆတိုးပြီးကြိုးစားမယ်လို့ ဆုံးဖြတ်ထားပါတယ်၊ ဒီလိုနေနိုင်အောင် ကျွေးမွေးထားတဲ့ ပွဲစားကြီးရဲ့ကျေးဇူးကို လည်း မမေ့ပါဘူး၊ သူတို့က ကျုပ်ကို ပစ်ပယ်ထားပေမဲ့ ကျုပ်ဘက်က ကျေးဇူးတရားကို အမြဲအမှတ်ရနေမှာပါ၊





အင်း... ပြီးတော့ ဒေါ်မြမြဟာ အခုအဝိုင်းရုပ်နေမှာ မဟုတ်ဘူးထင်တယ်၊ ဟဲ ဟဲ... အခု ဘူတာမောင်းနေတဲ့ကားက မရှိတော့ဘူးဆိုတော့ နောက်ထပ်ကားတစ်စီးရှာမှတော့မယ်ဗျ။ အဲဒီကားဟာ ဦးမင်္ဂလာမဖြစ်ပါစေနဲ့လို့ဆုတောင်းနေရတယ်"

ဟု ပြောလိုက်ရာ ဦးမင်္ဂလာသည် မျက်လုံးပေါက်များပိတ်မတတ် တခွီးခွီးရယ်မောကာ

"ဟား ဟား ဟား... ငါလို ဆံဖြူအဘိုးကြီးကို တရင်းမသွင်းပါဘူးကွာ၊ ပွဲစားကြီးကလည်း သူ့မိန်းမကို အလစ်ပေးတော့မှာ မဟုတ်သလို မြမြလည်း ကားမောင်းတာ ဝါသနာပါပေမဲ့ ရုပ်ရဲ့ဦးမယ် မထင်ပါဘူးကွာ"

ဟု ဆိုလေတော့၏။

www.burmeseclassic.com



အချိန်တို့သည် တရွေ့ရွေ့ကုန်ဆုံးလာခဲ့၏။ ငမဲတူနှင့် ဦးမင်္ဂလာတို့ စတင်တွေ့ဆုံခဲ့သည့်နေ့မှစ၍ ရေတွက်လျှင် (၅) နှစ် တင်းတင်း ပြည့်ပြီဖြစ်၏။

ငမဲတူ၏အသက်လည်း (၁၆) နှစ်ရှိပြီဖြစ်၏။ ထိုအချိန်အတွင်း ငမဲတူသည် အခြားကလေးများနှင့် ကွဲပြားစွာ ကြီးပြင်းခဲ့ရ၏။ သူသည် စပါးကိုထောင်ဝင်းထဲရှိ အစောင့်တဲ၌သာ အချိန်ကုန်ခဲ့၏။

ထိုနေရာကလေးကသာ သူ၏ကမ္ဘာဖြစ်၏။ ထိုအထဲ၌ ဦးမင်္ဂလာသည် သူ၏ဆရာဖြစ်သလို မိတ်ဆွေကောင်းလည်းဖြစ်၏။





ထို့အပြင် သူ့ဘဝအတွက် လမ်းညွှန်သူလည်းဖြစ်၏။ ပွဲစားကြီးအနေနှင့် ဦးမင်္ဂလာအား မောင်လုံးထက်ပို၍ အားကိုးရသော ကြောင့် ကောင်းစွာထောက်ပံ့လေ၏။

ငမဲတူသည် ပွဲစားကြီး၏အရိပ်အောက်တွင်နေရသော်လည်း ပွဲစားကြီး၏အိမ်သို့ တစ်နှစ်နေ၍ တစ်ခေါက်ပင် ရောက်ရှိခြင်းမရှိချေ။ ဒေါ်မြမြနှင့်လည်း ဆုံတွေ့ဖူးခြင်းပင်မရှိချေ။

တစ်ခါတစ်ရံတွင်မူ ဦးမင်္ဂလာက ပွဲစားကြီးထံတွင် ခွင့်တောင်းကာ ငမဲတူနှင့်အတူ ညောင်တုန်းမြို့သို့ အလည်အပတ်ထွက်တတ်၏။ ထိုအခါ ကိုမြကြိုင်က ဂိုထောင်ကို စောင့်ရှောက်ပေးလေ၏။

ထိုအတောအတွင်း မဟာသာသည် သူမ၏စကားအတိုင်းပင် ပွဲစားကြီးနှင့် အဆက်အသွယ်ဖြတ်ထားလေ၏။

ငမဲတူသည် သူ၏ အသက် (၁၆)နှစ် တင်းတင်းပြည့်သောနေ့တွင် အတိတ်ကို အမှတ်ရစရာဖြစ်သော ပတ္တမြားလက်စွပ်ကို မိုးကြိုး အနက်ရောင်နှင့်တွဲကာ လည်ပင်းတွင်ဆွဲလိုက်၏။

ပြီးနောက် ဦးမင်္ဂလာကို

*“ကျုပ်ဘဝအတွက် အချိန်ကျပြီလို့ထင်တယ်”*

ဟု ပြောလေရာ ဦးမင်္ဂလာက ပတ္တမြားလက်စွပ်ကို ရှုံးစိုက် ကြည့်ပြီး

*“မင်း ဘာကိုဆိုလိုတာလဲ ငမဲတူ၊ မင်းဘဝအတွက်*



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကျ ပြီဆိုတာ ပတ္တမြားလက်စွပ်နဲ့သက်ဆိုင်နေတယ် မဟုတ်လား''

ဟု မေးမြန်းလေ၏။ ငမဲတူက

''ဒါဟာ ကျုပ်ရဲ့မျှော်လင့်ချက်ပါပဲ၊ ငယ်ငယ် ကတည်းက ခက်ခဲရတဲ့အိပ်မက်ပါပဲ၊ အချိန်မတိုင် အရွယ်မတိုင်သေးလို့ စောင့်နေရတာပါ၊ ကျုပ်မှာ ပဟေဠိလို ဖြစ်နေတဲ့ မိဘရင်းတွေရဲ့အကြောင်းကို ဖော်ထုတ်ဖို့ တာဝန်ရှိပါတယ်''

ဟု ဆိုလေ၏။

ဦးမင်္ဂလာ၏မျက်နှာမှာ တည်ငြိမ်သွား၏။ မျက်လုံးကမူ အဓိပ္ပါယ်ဖော်ရခက်ကာ ရီဝေနေ၏။ ထို့နောက် တစ်စုံတစ်ရာကို တွေးမိဟန်ဖြင့် နှစ်နှစ်ခြိုက်ခြိုက်ပြုံးကာ

''မင်းရဲ့ဆုံးဖြတ်ချက်ကို ငါ့အနေနဲ့ ဘာမှမပြောတော့ ပါဘူး၊ ဒီအချိန်ကိုလည်း ငါ စောင့်မျှော်နေခဲ့တာပါ၊ မင်းဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပြီလို့ ယုံကြည်မှုရှိနေခဲ့လို့ ဒီလိုဆုံးဖြတ်တယ် ဆိုတာ ငါ သိပါတယ်''

ဟု ပြောလေ၏။ ငမဲတူက ခေါင်းညိတ်ပြီး

''ဟုတ်ပါတယ်၊ ကျုပ် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိအောင် ဦးမင်္ဂလာပဲ လေ့ကျင့်သင်ကြားပေးခဲ့တာ မဟုတ်





လား၊ ပြီးတော့ ကျုပ်ရင်ထဲ ဦးမင်္ဂလာနဲ့ပတ်သက်ပြီး ဖြစ်ပေါ်နေတဲ့ ပဟေဠိတွေ ရှိနေသေးတယ်''

ဟု ဆိုလိုက်၏။

ဦးမင်္ဂလာသည် ငမဲတူကို စူးစိုက်ကြည့်လိုက်ကာ နားစွင့်နေ၏။ ငမဲတူကဆက်၍

''ဦးမင်္ဂလာဟာ ကျုပ်ကို ဘာကြောင့် (၅)နှစ်လုံးလုံး အနစ်နာခံပြီး စောင့်ရှောက်သွန်သင်ခဲ့သလဲဆိုတာပါပဲ၊ ဦးမင်္ဂလာရဲ့ အစည်အဆွေး၊ အရည်အချင်းမျိုးနဲ့ သူတစ်ပါးရဲ့ အခစားလုပ်ကိုင်နေတာဟာ တွေးစရာဖြစ်ခဲ့တယ်၊ နောက်ပိုင်းမှာ ကျုပ် သေသေချာချာ စဉ်းစားနေမိတော့က တော့ ဦးမင်္ဂလာရဲ့ ဘဝနောက်ကြောင်းကို ဘာကြောင့် လျှို့ဝှက်ထားသလဲဆိုတာပဲ''

ဟု ပြောလေ၏။

ထိုအခါ ဦးမင်္ဂလာက ပြုံးနေရာမှ ရယ်မောပြီး

'' ဟား ဟား… ငမဲတူ ကိုယ်ကျိုးစွန့်ပြီး လူတစ်ယောက်ရဲ့ ဘဝကိုစောင့်ရှောက်ခဲ့တာ ဘယ်လို အကြောင်းပြချက်မျိုးပေးရဦးမှာလည်းကွာ၊ ငါ့ဘဝရဲ့ နောက်ကြောင်းဆိုတာလည်း ကြီးမားတဲ့အမည်၊ စက်ကြီးတစ်ခုနဲ့ လူကြီးတစ်ယောက်လို့သာ အသိမှတ်



www.burmeseclassic.com

www.burmeseclassic.com



*ထားပါကွာ၊ ကဲ… ရှည်ရှည်ဝေးဝေးတွေမစဉ်းစားနဲ့တော့၊ ဟောဒီမှာ ငါ့ရဲ့လုပ်အားခတွေကို (၅)နှစ်လုံးလုံး စုဆောင်းပြီး ရွှေဒင်္ဂါးပြားကလေးတွေနဲ့ လဲလှယ်ထားခဲ့တာ၊ အဲဒါ မင်းစွန့်စားသွားလာရမဲ့ခရီးလမ်းအတွက် ငါရည်ရွယ်ထားခဲ့တာပဲ၊ ငြင်းဖို့တော့စိတ်မကူးပါနဲ့"*

ဟု ပြောကာ ကုတ်အင်္ကျီအတွင်းအိတ်ထဲမှ လက်ကိုင်ပဝါဖြင့် ထုပ်ထားသော ဈာတံဆိပ်၊ ရွှေဒင်္ဂါး (၅) ပြားကို ပေးလေ၏။

ဦးမင်္ဂလာသည် မဲတူ၏လက်တွင်းသို့ ရွှေဒင်္ဂါးပြားများကိုထည့်၍ ဆက်ပြီး

*"မင်းက လူ့ဘဝကြီးထဲကိုဝင်ပြီး စွန့်စားသွားလာတော့မယ်ဆိုတော့ မင်းရဲ့ခံနိုင်ရည်ကို စမ်းသပ်ဦးမယ်၊ မင်းကို စာမေးပွဲစစ်ရဦးမယ်ကွ"*

ဟု ဆိုလေ၏။ ငမဲတူက နားမလည်ဟန်ဖြင့်

*"ကျုပ်ကို ဘယ်လိုစမ်းသပ်မှာလဲ"*

ဟု မေးမြန်းလေရာ ဦးမင်္ဂလာက ခေါင်းယမ်းပြီး

*"အချိန်တန်ရင် မင်းသိရမှာပေါ့ကွာ၊ နောက်တစ်နေ့မှာ ပွဲစားကြီး ခိုင်းထားတဲ့ကိစ္စနဲ့ညောင်တုန်းကိုသွားရမယ်၊ ငါ ပြန်လာရင် အဲဒီ စမ်းသပ်မှုအတွက် လိုအပ်တဲ့ပစ္စည်းတွေ ပါလာလိမ့်မယ်၊ အဲဒီတော့မှ ဘယ်လိုလုပ်မလဲဆိုတာ*





*သိရမှာပေါ့ကွာ"*

ဟု ဆိုလေတော့၏။

နောက်တစ်နေ့တွင် ညောင်တုန်းသို့ ထွက်ခွာသွားသော ဦးမင်္ဂလာသည် နေ့လယ်ပိုင်း၌ ပြန်ရောက်လာ၏။

ဦးမင်္ဂလာသည် ပြန်ရောက်လျှင်ရောက်ခြင်း မီးဖိုနံဘေးတွင် ဘုန်းကြီးကျောင်းမှဝင်၍ ငှားရမ်းလာသော အသုံးမပြုတော့သည့် သပိတ်ဟောင်းတစ်လုံးနှင့် တကုတ်ကုတ် အလုပ်ရှုပ်နေလေ၏။

ငမဲကူက စိတ်ဝင်တစားဖြင့်

*"ဦးမင်္ဂလာ… သပိတ်ဟောင်းကြီးကို အောက်က ဆီမီးခွက်ထားပြီး မှိုင်းခံနေပါလား၊ ဘာလုပ်ဖို့လဲ"*

ဟု မေးမြန်းလေရာ ဦးမင်္ဂလာက ဆီမီးခွက်ပေါ်မှမှောက်၍ အုပ်ထားသော သပိတ်ကိုလှန်၍ အတွင်းမှ မှိုင်းခံကိုတုတ်ဖြင့်ခြစ်ကာ

*"မင်းရဲ့အရည်အချင်းကို စမ်းသပ်ဖို့အတွက် ဆေးဖော်နေတာကွ"*

ဟု အဖြေပေးလေ၏။

ဦးမင်္ဂလာသည် သပိတ်မှ မှိုင်းများလိုသလောက်ရလျှင် စက္ကူဖြင့်ထုပ်ထားသော အမဲရောင်အမှုန့်ကလေးများနှင့် ရောစပ်ပြန်၏။

ယင်းအခါ ဦးမင်္ဂလာက ငမဲတူ မမေးမြန်းမီကာပင်

*"ဒါ ငါးဆီညီးခြေကို အခြောက်လှန်းပြီး အမှုန့်*

www.burmeseclassic.com



*လုပ်ထားတာကွ"*

ဟု အဖြေပေးပြန်၏။

မှိုင်းနှင့် သည်းခြေအမှုန့်များ ရောနှောပြီးနောက် ဦးမင်္ဂလာသည် မီးဖိုပေါ်၌ စလယ်ဝင်မြေအိုးကို ရေတစ်ဝက်ထည့်၍ တင်လေ၏။

ကိုဒေါင်ခြံစည်းရိုးတွင် နွယ်တက်နေသော ကြက်ဟင်းခါးရွက်အရင့် လက်တစ်ဆုပ်စာခန့်ကိုလည်း နူး၍ ထိုအိုးထဲသို့ထည့်လေ၏။

အိုးမှရေများ ပွက်ပွက်ဆူလာလျှင် မှိုင်းနှင့်သည်းခြေရော၍ ထုပ်ထားသော အထုပ်ကလေးကို အိုးထဲကို ထည့်ပြန်၏။ အိုးထဲတွင် ရေသုံးပုံတစ်ပုံမျှကျန်သောအခါတွင် ထိုအထုပ်ကလေးကို သယ်ယူ၍ နေလှန်းကာ ထားလိုက်လေ၏။

မေတ္တူသည် ဘာမျှမေးမြန်းခြင်းမပြုတော့ဘဲ ဦးမင်္ဂလာ၏ လုပ်ပုံကိုင်ပုံများကိုသာ ကြည့်ရှုနေလေ၏။

ထို့နောက် ဦးမင်္ဂလာက မရိုးဆောင်အိတ်တွင်းမှ လက်ကိုင်ပဝါဖြင့်ပတ်ထားသော ကြေးချောင်းကဲ့သို့ရှည်မျောမျော အချောင်းကလေးများကို ယူပြန်၏။

ကြေးချောင်းကလေးများမှာ သုံးချောင်းရှိ၏။ ထိုအချောင်းများကို ဦးမင်္ဂလာ ကိုင်မြှောက်ပြီး မေတ္တူကို

*"မင်း ဒါတွေကိုမြင်ရင် သဘောပေါက်သွားမှာပေါ့"*





ဟု ပြောလေ၏။

ထို့နောက် ဦးမင်္ဂလာသည် အခေါင်းပါဟန်ရှိသော ကြေးချောင်းကလေးများကို ဝက်အူရစ်ကဲ့သို့လှည့်၍ တစ်ခုနှင့်တစ်ခု ဆက်စပ်လိုက်လေရာ တစ်ပေကျော်ခန့် အရှည်ဖြစ်ပေါ်သွား၏။

ထိုအခါ မေတ္တူက သေချာစွာ ကြည့်ရှုပြီး

*"ကျုပ် သိပြီဗျ၊ ဆရာတော်ကြီးကျောင်းမှာ မြင်ဖူးတယ်၊ ဒါ ဆေးမင်ကြောင်ထိုးတဲ့စုတ်မဟုတ်လား၊ အဲဒီစုတ်ကို သယ်ဆောင်သိမ်းဆည်းရလွယ်ကူအောင် သုံးပိုင်းပိုင်းထားတယ်၊ ဟောဒီထိပ်က အခေါင်းကျစ်နဲ့ အလေးချိန်စီးအောင်လုပ်ထားပြီး ခြသေ့်ရုပ်ကလေးပါတဲ့ အပိုင်းကိုဒင်ဂလို့ခေါ်တယ်၊ အခေါင်းပွနဲ့ ဝက်အူရစ်နှစ်ဖက်ပါတဲ့ အပိုင်းကို မေ့အင်းလို့ခေါ်တယ်၊ အောက်ဆုံးပိုင်းမှာ အခေါင်းကျဉ်ပြီး အလယ်ကကားကား အဖျားတရှူးရှူးနဲ့ သန်လျက်ပုံမကျတကျနဲ့ ထိပ်ဖျားကို ဓားကောက်လျှောက်ခွဲထားတဲ့ အကွဲကြီးတစ်ခုရဲ့ထိပ်မှာ ထပ်ပြီးခိတ်ခွဲထားတဲ့ အပိုင်းကို စုတ်လို့ခေါ်တယ်၊ ခိတ်ခွဲထားတဲ့ အရေအတွက် လေးခုရှိရင် လေးခွစုတ်၊ ဆယ့်ခြောက်ခုရှိရင် ဆယ့်ခြောက်ခွစုတ် လို့ခေါ်တယ်၊ လေးခွစုတ်ကိုတော့ စီမှေ့ဆရာတွေ၊ ပယောဂဆရာတွေ အသုံးပြုပြီး ရှစ်ခွကနေ ဆယ့်ခြောက်ခွ၊*



www.burmeseclassic.com

www.burmeseclassic.com



*စုတ်တွေကိုတော့ ထိုးကွင်းမင်းကြောင်ထိုးရာမှာ အသုံးပြု တယ်လို့ ကျုပ်ကို ဆရာကတော်ကြီးက မိန့်ဖူးတယ်၊ အခု ဦးမင်္ဂလာရဲ့လက်ထဲကစုတ်ဟာ ဆယ့်ခြောက်ခွစုတ် ဆိုတော့ ဘာပဲဖြစ်ဖြစ် ကျုပ်ကို ထိုးကွင်း မင်းကြောင်ထိုးဖို့ ပြင်ဆင်နေပြီဆိုတာ သိလိုက်ပါပြီဗျာ"*

ဟု ဆိုလေတော့၏။ ထိုအခါမှပင် ဦးမင်္ဂလာက ရယ်မောပြီး

*"မှန်လိုက်လေ ကိုယ့်လူရယ်"*

ဟု ဝန်ခံလေ၏။ ထိုအခါ မေဲတူက

*"ကျုပ်ကို ဝိဇ္ဇာသိဒ္ဓိ၊ ကာယသိဒ္ဓိတွေများ လုပ်ပေးဦး မလို့လား"*

ဟု မေးမြန်းလေရာ ဦးမင်္ဂလာက ခေါင်းယမ်းပြီး

*"နိုး နိုး… ငါဟာ မင်းရဲ့စိတ်တည်ငြိမ်မှုနဲ့ ခံနိုင်ရည်ကို စမ်းသပ်ပြီး မှတ်ကျောက်တင်တာသာဖြစ်တယ်၊ ထိုးကွင်းမင်းကြောင် ထိုးနှံရတဲ့ရည်ရွယ်ချက်တွေ အများကြီးရှိလိမ့်မယ်၊ ငါ့ရဲ့ရည်ရွယ်ချက်ကတော့ မင်းကို စာမေးပွဲစစ်ဖို့ပဲ"*

ဟု အဖြေပေးလေ၏။

မေဲတူသည် ထိုးကွင်းမင်းကြောင်ထိုးပြီးနောက် ကတောင်းကို ခြောင်အောင်ကြိုက်၍ ကိုယ်အထက်ပိုင်းဗလာနှင့် ခြေနှစ်ဘက်ကို





ခွဲကာ လက်ပိုက်ရပ်နေဟန်ရှိသော မိမိ၏ရုပ်သွင်ကို မြင်ယောင်မိ၏။

ထိုအခါ တစ်စုံတစ်ရာက လှုံ့ဆော်လိုက်၍ သွေးများဆူပွက်လာသလို ခံစားရ၏။

သူသည် ထိုခံစားမှုကို အမျိုးအမည် မဖော်ပြတတ်သော်လည်း ကျေနပ်ပီတိ ဖြစ်မိလေ၏။

ထို့နောက် မေဲတူက ဦးမင်္ဂလာကို

*"ကြိုက်သလိုသာ လုပ်ပါတော့ဗျာ၊ ကျုပ်ဘက်ကတော့ အဆင်သင့်ပါပဲ"*

ဟုပြောဆိုလေ၏။

တစ်နည်းအားဖြင့် ဦးမင်္ဂလာ၏ စမ်းသပ်စစ်ဆေးမှုကို ခံနိုင်ခြင်းသာဖြစ်၏။

ပန်းအိမ် ကွန်ပျူတာ
[illegible]



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက် အရုဏ်တက်ချိန်တွင် ဦးမင်္ဂလာက ဗေမဲတူကို ကောင်းစွာ ကိုယ်ရေးကိုယ်တာသန့်စင်စေ၏။

ထို့နောက် ဦးမင်္ဂလာက

"တကယ်ဆိုရင် ဒီလိုတိုးကျွင်းမင်းကြောင်းအိုးနံ့တောကို အလေးအနက်ထားပြီး တခမ်းတနားပြုလုပ်ကြတာကွ၊ အစျင်ဆုံး ထိုးကျွင်းမင်းကြောင်းဆရာက ရေနံမက်ကား သဲဖြူခင်း၊ သောင်လေးထောင့်မှာ ငှက်ပျောပင်စိုက်ပြီး ဂါထာမန္တာန်ရွတ်ဖတ်ကြတာတွေ၊ ပရိတ်ရွတ်ကြနှုန်းတာမျှ၊ ဆန်မုန့်ပေါက်ပေါက်ကြဲတာတွေ ပြုလုပ်ရတယ်၊ ဆိုကျွင်း



မင်းကြောင်းထိုးမဲ့ အဆောက်အဦးကိုလည်း ဖွင့်ပြုမွှဲဖိုးတယ်ကွ၊ အဲဒီဖွင့်စာကိုလည်း သူတို့ သတ်မှတ်ထားတဲ့ နေ့နံနံ့ ရှိတဲ့ မိန်းမပျိုတစ်ဦးတည်းက အပြီးရက်လုပ်ပေးရတယ်၊ အမိုးရဲ့ပတ်လည်မှာလည်း ဂြိုဟ်ကြီးရှစ်လုံးရဲ့ နာမ်သင့်ဖြစ်တဲ့ အုန်း၊ ကုံကော်၊ ဆီး၊ ဝါး၊ ဒန်း၊ ပေါက်၊ ရှား၊ သီး စတဲ့ အညွန့်တွေ၊ အခက်တွေလည်း အစီအစဉ်အတိုင်း စိုက်ထူခဲ့ရတယ်၊ အကာအရံကလည်း တင်းတိမ်စောင်တွေ ပြုလုပ်ရတယ်၊ အဲဒီတင်းတိမ်စောင်တွေကိုလည်း သတ်မှတ်တဲ့နေ့နံရှိတဲ့ မိန်းမပျိုတွေကပဲ ရက်လုပ်ပေးရတယ်၊ တင်းတိမ်တွေ တစ်ထည်နဲ့ တစ်ထည် ဆက်တွယ်ပြီး ကာရံတဲ့နေရာမှာ ပရိတ်ချည်ကိုသုံးရတယ်၊ အတွင်းပိုင်းမှာတော့ ပရိတ်ရေတွေ ရွဲနေအောင်ဖြန်းထားလို့ စိုနေတဲ့ သဲဖြူပေါ်မှာ ငှက်ပျောရွက်တွေကို ထူထူခင်းရတယ်၊ အဲဒီ ငှက်ပျောရွက်တွေကို အလယ်ကြောခွာပြီး ဆီမွှန်းသုတ်ထားသေးတယ်"

ဟု ဗေမဲတူကို ပြောလေ၏။ ထိုအခါ ဗေမဲတူက ဦးမင်္ဂလာ ပြင်ဆင်ထားသည်များကိုကြည့်၍

"ကျုပ်တို့ကတော့ သဲဖြူပေါ်မှာ အလယ်ကြောခွာထားတဲ့ ငှက်ပျောရွက်တွေကိုပဲ ခင်းထားတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလေရာ ဦးမင်္ဂလာက

"ငါတို့က ဘယ်လိုလောကီအစီရင်မျိုးမှမပါဘဲ သီးသန့်စာမေးပွဲစစ်တာလေကွာ"

ဟု ပြောလေ၏။

ထိုအခါ ငမဲတူကလည်း စကားမဆက်တော့ဘဲ မီးဖိုပေါ်မှ ကောက်ညှင်းပေါင်းအိုးကိုသာ ကြည့်ရှုနေလေ၏။ ကောက်ညှင်းပေါင်း ရလျှင် ငါးခြောက်ဖုတ်နှင့် နံနက်စာစားပြီး ငမဲတူကို ထိုးကွင်း မင်ကြောင်ထိုးနှံမည်ဖြစ်၏။

ထိုအခိုက် ဦးမင်္ဂလာက ဆက်၍

"ဒီအလုပ်ကို ဘယ်လောက်တောင် တခမ်းတနား လုပ်ကြသလဲ ဆိုရင် အဲဒီတင်းတိမ်ကာရံထားတဲ့ ခေါင်းရင်းပိုင်းမှာလည်း သစ်ပင်၊ ဝါးပင်တွေနဲ့ တိုင်ထောင် ထားတဲ့ စင်ကလေးပေါ်မှာ ဆေးဘုရား၊ ဆင်းတုတော် တစ်ဆူ ပူဇော်ထားပြီး ဆေးမျိုးစုံ၊ စုတ်မျိုးစုံ၊ နှာမ်သင့်ပန်း တွေနဲ့ ညောင်ရေအိုးတွေ တင်ထားရတယ်၊ စင်အောက်မှာ ဖျင်ဖြူ၊ ဖျင်နီတွေနဲ့ ငှက်ပျောပွဲ၊ အုန်းပွဲတွေရှိသေးတယ်၊ ဆီမီးခွက်တွေလည်း ထွန်းညှိထားရတယ်၊ စင်ရဲ့တိုင်နှစ်တိုင် မှာလည်း မင်ခံပုဆိုးလွှားဖို့ ကြိုးတန်းထားရတယ်၊ အဲဒီကြိုးဟာလည်း ခုနစ်ချောင်းသမ်း အပျိုစင်တွေဆီက

ချည်စတွေတောင်းပြီး ကျစ်ထားတဲ့ကြိုးဖြစ်တယ်၊ မင်ခံ ပုဆိုးဆိုတာ ထိုးကွင်းမင်ကြောင်ထိုးရာမှာ ဝတ်တဲ့ပုဆိုး ပေါ့ကွာ၊ တင်းတိမ်ကာရံထားတဲ့ ထိုးကွင်းမင်ကြောင် ထိုးမဲ့နေရာကို အပေါက်နှစ်ခုဖြူလုပ်ထားတယ်၊ လက်ဝဲ ပေါက်ကဝင်ပြီး အထိုးနှံခံမဲ့သူကို ဝဲမှောင်လို့ခေါ်ပြီး လက်ယာပေါက်ကဝင်ပြီး အထိုးနှံခံမဲ့သူကိုတော့ ယာမှောင် လို့ခေါ်တယ်၊ ဝဲမှောင်ကတော့ အရာအပထိုးနှံမဲ့သူဖြစ်ပြီး ယာမှောင်ကတော့ အကျအနထိုးနှံမဲ့သူဖြစ်တယ်ကွ၊ ဒါက ထိုးကွင်းမင်ကြောင်ထိုးနှံမဲ့ဂုံရဲ့ အခင်းအကျင်းပဲရှိသေး တယ်ကွ၊ ငမဲတူ… မင်းအနေနဲ့ဆိုရင် ဝဲမှောင်သမား လုပ်မလား၊ ယာမှောင်သမားလုပ်မလားလို့ ငါသိချင် တယ်"

ဟု မေးမြန်းလေ၏။ ငမဲတူက မဆိုင်းမတွပင်

"ယာမှောင်သမားပေါ့ဗျာ၊ လုပ်မဲ့လုပ် အကျအနပဲ လုပ်မယ်ဗျ"

ဟု အဖြေပေးလေ၏။

ထိုအချိန်၌ ကောက်ညှင်းပေါင်းရပြီဖြစ်၏။ ငမဲတူနှင့် ဦးမင်္ဂလာတို့သည် ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ဖုတ်ကို စားသောက်ကြလေ၏။

www.burmeseclassic.com



ထို့နောက် ဦးမင်္ဂလာက ဆေးနှင့်စုတ်တံကိုပြင်ဆင်ပြီး မဲတူ ကို

"မင်းစိတ်ထဲမှာ မြင်ယောင်ကြည့်လိုက်စမ်းပါကွာ၊ ငါပြောခဲ့တဲ့ အဲဒီထိုးကွင်းမင်ကြောင်ထိုးမဲ့ရုံရဲ့ အပြင်ဘက်မှာလည်း ကာလသား၊ ကာလသမီးတွေက အုန်းအုန်းကျွက်ကျွက်နဲ့ ရှိနေကြတယ်၊ အတီးသမားတွေကလည်း စိတ်အားတက်ကြွအောင် ဗိုန်းမောင်းတိုက်ပြီး တီးခတ်ပေးနေကြတယ်၊ အထဲက ညည်းညူသံတွေ၊ စုတ်သပ်သံတွေကြားရင် ပရိသတ်တွေက သရော်တဲ့အနေနဲ့ 'အချာပဝရချီ' ဘုန်းတော်ဘွဲ့ကို ဖျက်ထားတဲ့ မျောက်မင်းအွန်ကို တီးနိုင်းခတ်ကြတယ်ကွ၊ မင်ကြောင်အထိုးခံရတဲ့သူဟာ ဘယ်လောက်သတ္တိကောင်းသူ ဖြစ်ဖြစ် တစ်ချက်မတွန့်၊ တစ်ချက်တွန့်သွားနိုင်တယ်ကွ၊ ဒါကြောင့် မင်ကြောင်ဆရာနဲ့အတူ နှသင့် နှမ်းသင့်လူလေးယောက်ထားရတယ်၊ ကိုင်ပေး ထိန်းပေးဖို့ပေါ့ကွာ၊ တချို့လည်း မင်ကြောင်ဆေးတွေနဲ့ သွေးသံကရဲ့ရဲ့ဖြစ်ပြီး မင်ကြောင်ရုံထဲက ကပ်နဲ့ထမ်းထုတ်ရတာရှိသလို တချို့ကိုလည်း လူတွဲနဲ့ထုတ်ရတယ်၊ တချို့ကတော့ အံခဲပြီး အကူအတွဲ မပါဘဲ ထွက်လာနိုင်တယ်၊ အလှအပထိုးနှံတဲ့ ဝံမှောင်သမား





တွေကတော့ ဘယ်လိုပဲထွက်ထွက် စာမဖွဲ့ပေမဲ့ ယာမှောင်သမားတွေကိုတော့ ဘယ်လိုထွက်သလဲဆိုတဲ့အပေါ်မှုတည်ပြီး သတ်မှတ်ကြသေးတယ်ကွ၊ သူတို့ဟာ အမြင်ရောက်ပြီဆိုတာနဲ့ လက်ခမောင်းသံ တဖျောင်းဖျောင်းပေးကြတယ်၊ ငါဟဲ့ . . ယောက်ျား၊ ယှဉ်ရဲသူထွက်ခဲ့စမ်း၊ ငါလို လူ ရှိမျိုးရှိသေးလား၊ ငါဟာ ယောက်ျားစစ်စစ်ဖြစ်ပြီပေါ့လို့ ကြွေးကြော်တဲ့ သဘောပေါ့ကွာ၊ တပ်ပေါ်မှာတင်လာတဲ့ သူတောင် အဲဒီလို လက်ခမောင်းသုံးကြိမ်ခတ်တယ်၊ အဲဒီလိုလူမျိုးကို 'အဝါခတ်' လို့ ခေါ်ကြတယ်၊ လူတွဲနဲ့ လက်ခမောင်းခတ်တဲ့သူကိုတော့ 'အမြှောင်ခတ်' လို့ ခေါ်တယ်၊ 'အကူအတွဲမပါဘဲ လက်ခမောင်းခတ်နိုင်တဲ့သူကို တော့ 'ထီးထီးခတ်' ဒါမှမဟုတ် 'အထီးခတ်' လို့ ခေါ်ကြတယ်၊ သူတို့ဟာ မင်ခံပုဆိုးကို လက်ပေါ်မှာ ခေါက်တင်ပြီ တခြားပုဆိုး အသစ်တစ်ထည်ကို ခါးတောင်းကြိုက်ပြီး ထွက်လာတဲ့အခါ တစ်ကိုယ်လုံး သွေးတွေနဲ့ဖုံးနေတဲ့ ယောက်ျားကောင်းတစ်ယောက်ရဲ့ တည်ကြည်ခန့်ငြားတဲ့ အသွင်က အထင်းသားပေါ်နေတယ်၊ မိန်းမပျိုလေးတွေက လည်း အဲဒီလိုလူမျိုးကိုမှ လေးစားအားထားလောက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝကြောင်မော် အဖြစ် သတ်မှတ်ကြတယ်ကွ"

ဟု ပြောလေ၏။

ငမဲတူသည် ငှက်ပျောရွက်ထုထူများပေါ်တွင် လဲလျောင်းလျက်ရှိပေပြီ။ ဦးမင်္ဂလာကလည်း ထိုးကွင်းမင်ကြောင်ထိုးရန် ဆေးခွက်နှင့် စုတ်ကို အသင့်ပြင်လေတော့၏။

ထို့နောက် ငမဲတူ၏ခါးကို တစ်ပတ်ပတ်မိရန် စတင်ထိုးနှံလေ၏။ ဦးမင်္ဂလာသည် လက်မှလည်း စုတ်နှင့်ပေါက်လို့၊ ဆေးခွက်ကလေးမှ ဆေးကိုတို့လိုက်နှင့် အဆက်မပြတ် လှုပ်ရှားနေသလို နှုတ်များမှလည်း မနားတမ်းပြောဆိုနေလေတော့၏။

"ကိုယ်ခန္ဓာအထက်ပိုင်း၊ ကုပ်နဲ့လည်ပင်းကစပြီး ခါး၊ ပေါင်၊ ခြေသလုံးပါမကျန်ဘဲ ခြေမျက်စိအထိ အရုပ်တွေ ထိုးနှံတာကို ခြေစိုက်ထိုးတယ်လို့ခေါ်တယ်ကွ၊ ချိုင်းအောက် လက်လေးလုံးလောက်ကစပြီး ဒူးခေါင်းဖုံးရုံပဲ ထိုးတာကိုတော့ 'နံထောင်' လို့ ခေါ်တယ်ကွ၊ ချက်ဖုံးရုံလောက်ကစပြီး ဒူးအထိထိုးနှံတာကိုတော့ 'ခါးကျ' ထိုးတယ်လို့ ခေါ်တယ်ကွ၊ ဒူးလည်းမဖုံး၊ ချက်လည်းမဖုံးဘဲ၊ ချက်အောက်ကနေ ဒူးခေါင်း (ခုံညင်း)အထိ ထိုးနှံတာကိုတော့ 'ခါးကြောင်' လို့ခေါ်တယ်ကွ၊ ပြီးတော့ မြင်းစီးတဲ့သူတွေဟာ ပုဆိုးမတင်ထားတဲ့ ပေါင် ပည့်





လောက်ပဲ၊ အသားပေါ်တဲ့အတွက် အဲဒီအသားလောက်မှာပဲ လှုမြင် ကောင်းအောင် ထိုးနှံတာကိုတော့ 'ပေါင်တို' (သို့) မြင်းစီးလို့ခေါ် တယ်ကွ၊ 'သတ္တိကြောင်မျိုး၊ မြင်းစီး၊ ပေါင်တိုထိုး' ဆိုတဲ့ စာချိုးတောင် ရှိသေးတယ်၊ ထိုးကွင်း မင်ကြောင် ထိုးပုံထိုးနည်းတွေကတော့ သတ်မှတ်ချက် ရေရေရာရာမရှိပါဘူးကွာ၊ နှစ်သက်သလို ထိုးနှံနေကြတာပါပဲ၊ ငမဲတူရေ၊ မင်းကိုတော့ ချက်အထက်ကနေ ဒူးခေါင်းဖုံးရုံအထိ ထိုးတဲ့ 'ခါးကျ' ထိုးမှာကွ၊ ငါ့မျက်စိထဲမှာတော့ ခါးကျက ကြည့်အကြောင်းဆုံးပဲလို့ ထင်တာပါပဲကွာ"

ငမဲတူသည် ပထမဆုံးစုတ်ထိုးချက်မှာပင် နာကျင်သော အရသာကို ကောင်းစွာမြည်းစမ်းမိ၏။ အသည်းခိုက်အောင် နာကျင်ခြင်းဆိုသည်ကိုလည်း မေက်တွေ့သိရှိသွား၏။

သူသည် အံကိုတင်းတင်းကြိတ်ကာ မေးကြောကြီးများထောင်နေအောင် ရှိ၏။ သို့သော် ညည်းညူညံ့ပြုရှ၍ တစ်စက်မျှမထွက်မိအောင် စိတ်ကို တင်း၍ထားလေတော့၏။ ဦးမင်္ဂလာကမူ

"အင်း၀ခေတ်လောက်ကဆို ယောကျာ်းပျို တစ်ယောက်က မိန်းမပျိုတစ်ယောက်ကို ချစ်စကား၊ ကြိုက်စကားပြောတာတောင် ထိုးကွင်းမင်ကြောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆုံဖြတ်တယ်ကွ၊ မိန်းကလေးက ရည်းစားစကားပြောလာတဲ့ ယောက်ျားလေးကို ထိုးကွင်းမင်ကြောင်မရှိရင် နင်ငါ့ကိုချစ်တယ်ဆိုတာ တကယ်လား၊ တကယ်ဆိုရင် ထိုးကွင်းမင်ကြောင်ထိုးပါဦးဟယ်လို့ ပြောလွှတ်တတ်တယ်၊ ထိုးကွင်းမင်ကြောင် ရှိရင် စိတ်ကစားတဲ့အရွယ်ဖြစ်လို့ စကားမတည်ဘဲ ကလေးစကားပြောတယ်လို့ ယူမှတ်ထားကြတယ်၊ တရားဝင်ပြောစကားမဟုတ်ဘူးပေါ့ကွာ၊ ထိုးကွင်းမင်ကြောင်ထိုးပြီးမှ ကလေးဘဝလွန်မြောက်လို့ လူကြီးအဖြစ်ရောက်သွားပြီး ချစ်စကား၊ ကြိုက်စကားတွေကို လက်ခံတော့တယ်တဲ့ကွ၊ 'ပေါင်ဖြူခြင်း၊ သေမင်းခေါ်တတ်တယ်' လို့ မိန်းကလေးတွေက ပြောတတ်ကြတယ်၊ မယားကလည်း ပေါင်ဖြူဖြူ၊ ယောက်ျားကလည်း ပေါင်ဖြူဖြူဖြစ်လို့ ထိုးကွင်းမင်ကြောင်မရှိတဲ့သူကို အိမ်ထောင်ဘက်မရွေးနိုင်ဘူးလို့ ပြင်းတာပေါ့ကွာ" ဟု ပြောဆိုနေလေတော့၏။





ဦးမင်္ဂလာသည် ငမဲတူကို ထိုးကွင်းမင်ကြောင်ထိုးနှံလျက်ရှိ၏။ ခံရသူမှာလည်း မသက်သာလှသလို ထိုးနှံပေးသူမှာလည်း ပင်ပန်းလှ၏။

ထို့ကြောင့် ဦးမင်္ဂလာက ငမဲတူအား

"တကယ်ဆိုရင် ထိုးကွင်းမင်ကြောင်ဆရာမှာ အကူလက်ထောက်ထားရတယ်ကွ၊ တချို့နေရာတွေ ထိုးနှံတဲ့အခါ လူအရေပြားကို လိုသလိုဆွဲဆန့်ပြီး ထိုးရတယ်၊ အဲဒါကို လက်ထောက်အကူအညီယူရတယ်၊ ထိုးနှံပြီးသားစုတ်ပေါက်ရာတွေမှာ မင်နဲ့သွေးတွေဟာ ဖုံနေတတ်တော့

www.burmeseclassic.com



အဲဒါတွေကိုလည်း လက်ထောက်က မှန်းတမ်း အဝတ်သန့်သန့်နဲ့ သုတ်သင်ပေးနေရတတ်တယ်၊ ထိုးကွင်းဆရာကလည်း အထိုးခံရသူက အနာကျင်လို့ ညည်းညူနေပေမဲ့ အရမ်းထိုးရတာတော့ မဟုတ်ဘူးကွ၊ လူ့ရဲ့အရေခွံပါးပါးလေးပေါက်တယ်ဆိုရုံလောက် ချိန်ဆပြီးထိုးရတာဖြစ်တယ်၊ အဲဒီလို ထိုးကျင့်ရဖို့ ကျောက်ပြင်ပေါ်မှာထားတဲ့ ကွမ်းရွက်ကို စုတ်နဲ့ အသံမမြည်တဲ့အထိထိုးပြီး လေ့ကျင့်ရတယ်၊ ကွမ်းရွက်ပေါက်ပြီး ကျောက်ပြင်ကို စုတ်သွားနဲ့ထိခတ်နေသရွေ့တော့ လူကိုမထိုးနိုင်သေးဘူး၊ ပြီးတော့ ခေါင်းအုံးပေါ်မှာ ကွမ်းရွက်နှစ်ထပ်ခံပြီး စုတ်နဲ့ အထိုးကျင့်ရမယ်၊ အပေါ်ကွမ်းရွက်မှာသာ စုတ်ရာထင်ပြီး အောက်ခံကွမ်းရွက်မှာ စုတ်ရာမထင်အောင် လေ့ကျင့်ရတယ်ကွ"

ဟု ပြောဆိုနေလေ၏။

ထိုးကွင်းထိုးခံသူအနေနှင့် ဦးစွာ ဝမ်းလျားမှောက်၍ နေရ၏။ ထိုမှ တစ်ဘက်စီစောင်း၍ ဝဲဘောင်အတွင်းပိုင်း၊ ယာပေါင်အတွင်းပိုင်းများကို ထိုးနှံခံရ၏။

နောက်ဆုံး၌ ပက်လက်အနေအထားဖြင့် အဆုံးသတ်လေ၏။ ဦးမင်္ဂလာသည် ငမဲတူ၏ပေါင်၊ တင်ပါး စသည့်နေရာများတွင် နီးချွေကို မင်စွတ်ကာ 'စာရံ' များ မှတ်သားထားပြီးဖြစ်၏။



'စာရံ' ဟူသည့် ထိုးကွင်းအရုပ်များကို ပတ်ရံထားသော စက်ဝိုင်းပုံ (သို့) ဘဲဥပုံသဏ္ဌာန်ရှိသည့် ထောင်လိုက်မျဉ်းဖြတ်များကို ခေါ်၏။

စာရံများအတွင်းမှနေ၍ ငှုံးရုပ်၊ ငါးရုပ်၊ ငါးခေါင်း၊ ငါးမြီး၊ ကခေါင်း၊ ခေါင်းလည်ပြန်၊ ခွပ်ခေါင်း၊ ဝက်ကုန်း၊ ငှက်ဆင်၊ ငှက်တက်၊ ကြာပွင့်၊ ဘီလူးဒူးထောက်၊ ဘီလူးပန်းဆွဲ၊ ဘီလူးလေးတင်၊ သန်လျက်ထမ်းဘီလူး၊ ဘီလူးနှစ်ထပ်၊ ဇော်ဒူးထောက်၊ ငှက်ကုန်း၊ မျောက်၊ ကိန္နရာနှစ်ထပ် စသည်ဖြင့် အုပ်အမျိုးပေါင်း (၆၀)ကျော် ထိုးနှံမည်ဖြစ်၏။

စာရံများသုံခုဆိုင်၊ လေးခုဆိုင်သော နေရာများ၌ အကြားအလပ် မရှိစေရန် 'နေကွက်' ဟူသည့် ကြာပွင့်၊ ခရုပ်ထွေး၊ နေခြည်၊ စပါးနှံ၊ သစ်ခက်၊ သစ်ရွက်၊ စိန္နူ၊ ပန်းပု၊ ပန်းဆိုင်၊ ရာဖမတ်၊ ပန်းဖူး၊ ပန်းနွယ် စသည်ဖြင့် စိတ်ကူးဉာဏ် ကွန့်မြူးသလို ထိုးနှံမည်ဖြစ်၏။

ငမဲတူသည် ဝမ်းလျားမှောက်လျက်ရှိ၏။ ဦးမင်္ဂလာသည်လည်း စာရံများကို လျာထားသည့်အတိုင်း လိုက်၍ထိုးနှံနေပြီဖြစ်၏။

ထိုအခါ ငမဲတူ၏တင်ပါးနှစ်ခုဆုံရာ မြီးညှောင့်ရိုးထိပ်သို့ စုတ်ချက်များ ကျရောက်လာ၏။ ငမဲတူသည် သိန်းချုပ်ထားသည့်ကြားမှ တိုးညှင်းသော ညည်းညူသံ မပီမသ ထွက်ပေါ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်္ဂလာသည် သူ့ကို တမင်နာကျင်စေရန် ရည်ရွယ်လိုက်သလားဟုပင် တွေးထင်မိကာ အော်ဟစ်ပြောဆိုချင်လောက်အောင် ဖြစ်ပေါ်လာ၏။

ထိုအခိုက် ဦးမင်္ဂလာက

*"ဟဲ ဟဲ... မြီးညှောင့်ရိုးထိပ် ဒီနေရာကို ဖျင်ဆွဲလို့ ခေါ်တယ်ကွ၊ အဲဒီနေရာကိုထိုးရင် ဘယ်လောက်တောင် နာကျင်သလဲဆိုတော့ ကိုယ့်ကို ထိုးကွင်းထိုးပေးနေတဲ့ ဆရာကိုတောင် အော်ဟစ်ဆဲဆိုချင်စိတ် ပေါ်လာတော့တာပဲ၊ ဒါကြောင့် 'ဆရာကော်ဆဲ ဖျင်ဆွဲလို့' တချို့ရှိ ခဲ့တာပေါ့"*

ဟု ပြောလေ၏။

မေတ္တူ၏ တင်ပါးရှိ အခွက်နေရာကို စုတ်ထိုးချက်များ ကျရောက်လာသောအခါ သူသည် တစ်ကိုယ်လုံး ပူစပ်ပူလောင်နှင့် အခံရခက်လှ၏။ ထိုအခါ ဦးမင်္ဂလာ

*"ဒီနေရာကိုထိုးရင် ပူစပ်စပ်နဲ့ အခံရခက်လို့ 'ပူစပ်ပူစပ် တင်ပါးချပ်' လို့ တချို့ရှိခဲ့တာပေါ့ကွ၊ ဒီနေရာကတော့ တစ်ကိုယ်လုံးမှာ အသက်သာဆုံးနေရာလို့ ဆိုကြတယ်"*

ဟု ပြောပြန်၏။

အချိန်အတန်ကြာလျှင် ဦးမင်္ဂလာ၏ စုတ်ချက်က ဒူးခေါင်း၏ အတွင်းပိုင်း၊ တံကောက်ခွက်တွင်းသို့ ကျရောက်လာ၏၊ တံခေါက်ခွက်





ထဲတွင် မာမာထောင်ထောင်ဖြင့် တံကောက်ကြောလည်းရှိ၏။

မေတ္တူသည် တံကောက်ကြောပေါ်သို့ စုတ်ထိုးချက်ကျရောက်တိုင်း နာကျင်လွန်းစွာပင် သေဆုံးသွားသည့် မွေးစားမိခင်နှင့် မမြင်ဘူးသည့် မိခင်ရင်းတို့ကို စိတ်အတွင်းမှ 'အမေ့သားတော့ သေပါပြီဗျို့' ဟု အကြိမ်ကြိမ် တမ်းတမိ၏။

ထိုအခိုက် ဦးမင်္ဂလာက

*"ဒီနေရာကိုထိုးရင် ဘယ်လောက်နာကျင်သလဲ ဆိုတာကို မျက်ရည်စက်လက် တံကောက်ခွက်၊ ရက်ရက်စက်စက် တံကောက်ခွက်၊ 'အမေ့' အော်သော တံကောက်ကြောလို့တောင် တချို့နဲ့ကြတယ်ကွ"*

ဟု ပြောပြန်၏။

အမှန်ပင် မေတ္တူသည် စိတ်က စည့်မျှပင်တင်းထားစေကာမူ ခန္ဓာကိုယ်က နာကျင်မှုကို တုံ့ပြန်သည့်အနေဖြင့်နှင့် မျက်ရည်တို့ စီးကျနေပြီဖြစ်၏။

ထို့နောက် စုတ်ထိုးချက်က ဒူးခေါင်းသို့ရောက်ရှိလာပြန်၏။ ထိုအခါ မေတ္တူသည် ထိုနေရာမှထ၍ ပြေးချင်စိတ်ပင် ဖြစ်ပေါ်လာ၏။

ဦးမင်္ဂလာကမူ အဆက်မပြတ်ထိုးနှံရင်း

*"ဒီနေရာကို ရေအိုးတင်လို့ခေါ်တယ်ကွ၊ မိန်းမတွေ ရေအိုးကိုရွက်တဲ့အခါမှာ ပေါင်ပေါ်ပင့်တင်ပြီ*



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ကြောင့်ထိုင်ပြီး ရေအိုးကိုမတဲ့အခါ အဲဒီဒူးနေရာမှာ တစ်ထောက်နားတယ်ကွ၊ ဒါကြောင့် 'ထလို့ ပြေးချင် ရေအိုးတင်' လို့ စာချိုးခဲ့ကြတာပေါ့၊ ဟား ဟား… နာကျင်မှုကို အမျိုးမျိုးစားဖွဲ့ခဲ့ကြတာပေါ့ကွာ"

ဟု ပြောပြန်၏။

ဤသို့ဖြင့် ဆွမ်းခံထွက်ချိန်သို့ရောက်လာခဲ့၏။ ထိုအချိန်၌ ငမဲ တူ၏ ထိုးကွင်းမင်ကြောင်ထိုးနှံခြင်းမှာ ပေါင်တစ်ပေါင်ပြီးသွားပြီ ဖြစ်၏။

ထိုအခါ ဦးမင်္ဂလာက

"ဘယ်လိုလဲ ငမဲတူ၊ လူအများစုကတော့ ပေါင် တစ်ပေါင် ထိုးနှံပြီးရင် အဲဒီကအနာတွေကျက်အောင် တစ်ပတ်ဆယ်ရက်နားပြီးမှ နောက်တစ်ပေါင်ကို ဆက်ပြီး ထိုးကြတယ်၊ တချို့လည်း တစ်ရက်တည်းနဲ့ အပြီး မနက်တစ်ပေါင်၊ ညနေတစ်ပေါင်ထိုးကြတယ်၊ ဒါကတော့ သွေးကောင်းတဲ့သဘောပေါ့ကွာ"

ဟု ဆိုလေ၏။

ငမဲတူသည် ငှက်ပျောရွက်များပေါ်တွင် လဲလျောင်းလျက်သာ ရှိ၏။ သူ၏တစ်ကိုယ်လုံးတွင်လည်း ဆေးမဲများနှင့် သွေးတို့ အလိမ်း လိမ်း ဖြစ်နေ၏။



ဦးမင်္ဂလာ၏စကားကြောင့် ငမဲတူက ကြိုးစား၍ပြုံးကာ

"သွေးကောင်းတာ မကောင်းတာတော့ မသိဘူးဗျာ၊ တစ်ရက်တည်းနဲ့သာ အပြတ်လုပ်စမ်းပါ"

ဟု အဖြေပေးလိုက်၏။

ထို့နောက် ဦးမင်္ဂလာသည် ငမဲတူကို သက်သောင့်သက်သာနေ နေစေ၍ နေ့လယ်စာအတွက် မြို့မှဝယ်လာသည့် မြူစွမ်ထုပ်နှင့် ငါး သေတ္တာဘူးကိုဖောက်ကာ အသီးအရွက်များရောနှောပြီး အလွယ် တကူ စားရန်ပြင်ဆင်လေတော့၏။

ညနေစောင်း၍ နွားရိုင်းသွင်းချိန်တွင် ငမဲတူအား ထိုးကွင်း မင်ကြောင်ထိုးနှံခြင်းမှ လက်စသတ်ပြီဖြစ်၏။ ငမဲတူ၏ပေါင်နှစ်ဖက် မှာလည်း လက်မဝက်ခန့်တိုးကာ ရောင်ရမ်းနေပြီဖြစ်၏။

ထို့နောက် ဦးမင်္ဂလာက ဒဏ်ရာများကို ဆီးခေါက်ပြုတ်ရည် ဖြင့် ဖန်ရည်ဆေးကြောကာ တစ်ဆက်တည်းမင် ကြက်ဟင်းခါးရွက် များဖြင့် ပွတ်သပ်ပေးလေ၏။

ငမဲတူမှာ အံကြိတ်၍ ခံရပြန်၏။

ဦးမင်္ဂလာကမူ

"ဒီလို ထိုးကွင်းမင်ကြောင်ထိုးပြီးပြီးခြင်း ပဒိုင်းရွက်၊ ကြက်ဟင်းခါးရွက်၊ မဲဇလီရွက်၊ တစ်မျိုးမျိုးနဲ့ ပွတ်သပ် ပေးမှ ထိုးကွင်းမင်ကြောင်အရောင်က စိမ်းဖန့်ဖန့်ဖြစ်မှာကွ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါမှလည်း 'စိမ်းမင်ကြောင်၊ ပေါင်ခါးထစ်ကာယ်နဲ့ မယ်ချစ်ရှိက်ပါတဲ့ သျှောင်ဒွးတုင်ယ်' ဆိုတဲ့ စာချိုးနဲ့ ညီမှာပေါ့ကွာ''

ဟု ပြောဆိုလေ၏။

ထိုအခါ ငမဲတူက

''ဘယ်လိုလဲ ဦးမင်္ဂလာ၊ ကျုပ်အတွက် စမ်းသပ်မှုက ပြီးသွားပြီလား''

ဟု မေးမြန်းလေ၏။ ဦးမင်္ဂလာက ခေါင်းယမ်းပြီး

''မပြီးသေးဘူး၊ ယောက်ျားကောင်း ပီပီသသဖြစ်ပြီ ဆိုတဲ့ အကြောင်းပြရဦးမယ်''

ဟု အဖြေပေးလေ၏။

ငမဲတူသည် ဦးမင်္ဂလာ၏စကားကို ချက်ချင်းပင် သဘော ပေါက်ကာ ပုဆိုးအသစ်တစ်ထည်ကို ဝတ်ဆင်ပြီး ခါးတောင်းကို ပြောင်နေအောင် ကြိုက်လေ၏။

ထိုအချိန်၌ ဦးမင်္ဂလာသည် ငမဲတူကို ပြုံးပြုံးကြီးစိုက်ကြည့်ရင်း စိတ်တွင်းမှ

''ငမဲတူ၊ မင်းဘဝမှာ အခုလို နာကျင်မှုမျိုး၊ အခုလို စိတ်ရှည်သည်းခံမှုမျိုး ကြုံခဲ့ရပြီးတဲ့အတွက် နောက်ထပ် ကြုံလာရမဲ့ လောကဓံတရားတွေကို ခံနိုင်ရည်ရှိလာမယ်လို့



ငါမျှော်လင့်ပါတယ်''

ဟု ရေရွတ်မိ၏။

ထိုအခိုက် ငမဲတူ၏ အားပါးတရ လက်ပန်းပေါက်လိုက်သော တဖြောင်းဖြောင်းအသံက သုံးကြိမ်တိုင်တိုင် ထွက်ပေါ်လာတော့၏။

ပန်းအိမ်စာ ကွန်ပျူတာ

www.burmeseclassic.com



လသာသောညတစ်ညတွင် ငမဲတူသည် မြစ်ကမ်းနဘေးသို့ ရောက်ရှိလာ၏။ ထိုးကွင်းမင်ကြောင်ဒဏ်ရာများမှာ တစ်ပတ်ခန့် အကြာတွင် ပျောက်ကင်းသွားပြီဖြစ်၏။

ငမဲတူသည် ဧရာဝတီမြစ်ပြင်ကျယ်ကို ငေးစိုက်ကြည့်ရင်း

*"အင်း... မကြာခင် ငါဟာဒီနေရာကို စွန့်ခွာသွားရတော့မယ်၊ ငါ့ရဲ့ရှေ့ခရီးနဲ့ မျှော်လင့်ချက်တွေအတွက် ကြိုးစားရုန်းကန်ရတော့မယ်၊ ငါ့ဘဝအတွက် အရေးတကြီး အလုပ်ကတော့ မိဘတွေရဲ့ နောက်ကြောင်းကို စုံစမ်းဖို့ပဲ"*

ဟု ဘဝခရီးအတွက် တွေးတောနေမိ၏။





ထိုအချိန်၌ ဦးမင်္ဂလာကမူ အစောင့်တဲကလေးတွင် စာအုပ်ထူကြီးတစ်အုပ်နှင့် ဇိမ်ကျနေလောက်ပြီ။ ငမဲတူ ဘဝခရီးဆက်ရန်အတွက် အားသစ်၊ အင်သစ်သို့ ပြည့်ဝနေပြီဖြစ်၏။

၄င်းငယ်စဉ်ကတည်းက နေထိုင်ခဲ့သော ရွာကလေးနှင့် ဧရာဝတီမြစ်ကြီးကို အချိန်တန်၍ စွန့်ခွာသွားရပေတော့မည်။

ငမဲတူသည် မြစ်ကမ်းနဘေးရှိ သစ်မြစ်ဆုံကြီးပေါ်တွင်ရှိနေလေရာ မီးအိမ်နီကလေး ထွန်းညှိထားသော လှေတစ်စီးသည် တရွေ့ရွေ့ လှော်ခတ်လာသည်ကို တွေ့လိုက်ရ၏။

လှေကလေးသည် မကြာမီ ငမဲတူနှင့် မဝေးကွာလှသော လှေဆိပ်တွင် ဆိုက်ကပ်လေ၏။

ထို့နောက် လှေကို လှော်ခတ်လာသူသည် ကမ်းပါးထက်သို့ ရောက်ရှိလာ၏။

ငမဲတူသည် ထိုသူကို လရောင်ဖြင့် အတိုင်းသားမြင်နေရ၏။ ထိုသူကမူ အမှောင်ရိပ်ထဲတွင် ငြိမ်သက်စွာထိုင်နေသော ငမဲတူအား မြင်တွေ့ဟန်မရှိချေ။

ငမဲတူသည် ထိုသူကိုမြင်တွေ့လျှင်တွေ့ခြင်းပင် ထူးခြားသည်ဟု သတိပြုမိ၏။

ထိုသူမှာ သက္ကလတ်ဦးထုပ်ကိုဆောင်း၍ လောင်းကုတ်ရှည်ကြီးကို ဝတ်ဆင်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



သွားလာလှုပ်ရှားမှုကလည်း ကြောင်တစ်ကောင်လို မပေါ့ပါး သွက်လက်နေ၏။

ထိုသူ၏ သဏ္ဌာန်နှင့် အမူအရာတို့ကြောင့် လူစိမ်းတစ်ယောက်မှန်း ချက်ချင်းပင် သိရှိလိုက်၏။

ထိုသူသည် မြစ်ကမ်းပါးအထက်သို့ရောက်လျှင် ကုတ်အင်္ကျီအတွင်း လက်နှိုက်၍ တစ်စုံတစ်ရာကို စစ်ဆေးလေ၏။ ငမဲတူသည် စူးစမ်းကြည့်ရှုပြီး မျက်မှောင်ကြုတ်ကာ

*"ဒီလူ့လက်ထဲမှာ သေနတ်တစ်လက်ပါလား၊ သူ သေနတ်ကို စစ်ဆေးနေပုံရတယ်၊ ဒီလူက လူကောင်းလား၊ လူဆိုးလား မသိဘူး၊ သူ ဒီရွာကို ဘာရည်ရွယ်ချက်နဲ့ ရောက်လာတာလဲ"*

ဟု တွေးတောမိလေ၏။

ထိုသူသည် တည်ငြိမ်စွာပင် သေနတ်ကို သိမ်းဆည်းပြီးနောက် စီးကရက်တစ်လိပ်ကို မီးညှိကာ ခြေလှမ်းကြဲကြီးဖြင့် ရွာဘက်သို့ ထွက်ခွာသွားလေ၏။

ငမဲတူသည်လည်း ထိုင်ရာမှထလိုက်မိ၏။ မသင်္ကာစရာကောင်းသော ထိုသူ၏နောက်သို့ နောက်ယောင်ခံလိုက်ပါရန် သူဆုံးဖြတ်ပြီးဖြစ်၏။

လူစိမ်းသည် ခြေလှမ်းမှန်မှန်ပင် လှမ်း၍ သွားလာနေ၏။



ငမဲတူက နောက်မှ ပုန်းလျှိုးကွယ်လျှိုး လိုက်ပါလာရင်း ထိုသူ၏ ဦးတည်ရာကို ကြည့်ကာ

*"ဒီလူ ပွဲစားကြီးရဲ့ ခြံဝင်းဆီကို ကပ်သွားပါလား"*

ဟု တီးတိုးရေရွတ်မိ၏။

လူစိမ်းသည် ခြံဝင်းအနီးသို့ရောက်လျှင် လှုပ်ရှားမှုက ပြောင်းလဲသွား၏။ သူသည် လျှင်မြန်သွက်လက်စွာပင် စည်းရိုးကိုကျော်လေ၏။

ငင်းသည် ခြံဝင်းအတွင်းသို့ ရောက်ရှိလျှင် ပန်းချုံ၊ ယန်းရုံများဖြင့် အုပ်အုပ်ဆိုင်းဆိုင်းဖြစ်နေသော အမှောင်ရိပ်ကွယ်သို့ သွားလေ၏။

ထိုနေရာသည် အိမ်နှင့် များစွာ မဝေးကွာတော့ချေ။ ထို့နောက် လူစိမ်းက အမှောင်ရိပ်ကွယ်မှနေ၍ ညဉ့်ငှက်တစ်ကောင်၏ အသံမြည်သံလို လေချွန်လိုက်လေ၏။

အတန်ကြာလျှင် ပွဲစားကြီး၏အိမ်ဘက်မှ လူရိပ်တစ်ရိပ်က ထိုနေရာသို့ ရောက်ရှိလာ၏။

ထိုလူရိပ်မှာ ခေါင်းတွင် ပဝါတစ်စ စည်းနှောင်ထားသော်လည်း ကိုယ်ခန္ဓာအချိုးအဆက်အရ အမျိုးသမီး တစ်ယောက်မှန်း သိသာလှ၏။

ထိုအမျိုးသမီးက မှောင်ရိပ်ကွယ်မှလူကိုတွေ့လျှင် တုန်ရင်စွာဖြင့်

www.burmeseclassic.com

www.burmeseclassic.com



"မင်း... မင်း ဒီကိုဘာလာလုပ်တာလဲ"

ဟု မေးမြန်းလေရာ လူစိမ်းက အေးစက်စက်လေသံဖြင့်

"မမြ၊ ကျုပ်ကို မှတ်မိပါဦးမလားလို့ စိုးရိမ်နေမိတာ၊ ကျုပ် အခု ထောင်ကထွက်လာပြီလေ၊ ဒါပေမဲ့ ဒီအတိုင်းတော့ မဟုတ်ဘူးဗျ၊ ထောင်ကိုဖောက်ပြီး ပြေးလာခဲ့တာ၊ မမြက ကျုပ်ရဲ့အချက်ပေးသံကို မမေ့သေးတာတော့ ကျေးဇူးတင်စရာပါပဲ"

ဟု ဆိုလေ၏။

အမျိုးသမီးသည် ပွဲစားကြီးကတော် ဒေါ်မြမြဖြစ်၏။ ဒေါ်မြမြသည် လူစိမ်းကြောင့် ထိတ်လန့်မှုက အထင်းသားရှိကာ မည်သည့်စကားမျှမဆိုတော့ လူစိမ်းဘက်လှည့်၍ကြည့်လေ၏။

လူစိမ်းက

"အခု ကျုပ်ရောက်လာတာ မမြဆီက အကူအညီတစ်ခုတောင်းချင်လို့ပဲ၊ အဲဒီအကူအညီကတော့ ကျုပ်ကို အခုချက်ချင်း ငွေတစ်သောင်းတိတိပေးပါ၊ ကျုပ်အတွက် ငွေလိုနေတယ်"

ဟု ပြောလေ၏။

ဒေါ်မြမြက မျက်လုံးပြူးကျယ်ကာ

"ဒီ... ဒီလောက်ငွေအများကြီး မမြမှာ မရှိဘူး မောင်ကျော်စွာ"

ဟု ဆိုလေရာ မောင်ကျော်စွာဟူသော လူစိမ်းက ဒေါ်မြမြ၏ လက်ကိုဖမ်းဆုပ်ကာ အံကြိတ်ပြီး

"ခင်ဗျား ကျုပ်ကို ဒီလောက်တောင် စေတနာမထားဘူးလား၊ ခင်ဗျားကြောင့် ကျုပ် လူသတ်ဝရမ်းပြေးဘဝနဲ့ ဘယ်လောက်ဒုက္ခရောက်ခဲ့ရသလဲဆိုတာ သိရဲ့လား၊ အခုလည်း ထောင်ကျပြီး ထွက်ပြေးလာခဲ့ရတာဗျ၊ ကျုပ်ဘဝ ဘယ်လိုမှ အဖတ်ဆယ်လို့မရတော့ဘူး၊ အဲဒါတွေအားလုံး ခင်ဗျားကြောင့်ဗျ၊ ဟား ဟား... ခင်ဗျားကြီးက ကျုပ်ကို ဘဝပျက်အောင်လုပ်တယ်၊ ခင်ဗျားရဲ့လင်ပါသမီး မဟာသီကလည်း အသည်းကွဲအောင်လုပ်တယ်၊ ကျုပ် ထောင်ဖောက်ပြေးလာတာ အဲဒီပြဿနာတွေရှင်းဖို့ဗျ၊ ဟို... ရွှေဖောက်လို လှူပုဏ္ဏားမနဲ့ မဟာသီကိုလည်း သေတာထက်ဆိုးတဲ့ ဝေဒနာတွေပေးရဦးမယ်၊ ကဲ... မမြ၊ ကျုပ် ရှည်ရှည်ဝေးဝေးမပြောတော့ဘူး၊ ခင်ဗျားရဲ့ လက်ဝတ်လက်စားတွေ ချွတ်စမ်း"

ဟု ခိုင်းစေလေတော့၏။

ထိုအချိန်၌ ငမဲတုသည် ပန်းချုံတစ်ခုကို အကာအကွယ်ယူကာ ထိုသူတို့၏စကားကို နားစွင့်နေလေ၏။ သူသည် ကျော်စွာဟူသော

လူကို ဒုတိယအကြိမ် ဆုံတွေ့ရပြန်၏။

ထိုသူမှာ ဒေါ်မြမြနှင့် ခေတ်လမ်းရှုပ်ခဲ့ဟန်တူ၏။ ထိုအချိန်၌ ဒေါ်မြမြထံမှ ငိုရှိုက်သံထွက်ပေါ်လာပြီး

*"ဟောဒီက မမမြရဲ့ လက်ဝတ်လက်စားတွေ ယူသွားပါတော့ မောင်ကျော်စွာ၊ အခု မမမြရဲ့ဘဝက အေးချမ်းနေပါပြီ၊ မင်း နောက်ထပ်မနှောင့်ယှက်ပါနဲ့တော့၊ ဒီကိစ္စတွေ ပွဲစားကြီးသိရင် မမမြ အိမ်ပေါ်က ဆင်းရလိမ့်မယ်"*

ဟု တောင်းပန်လေ၏။

ကျော်စွာက လက်ဝတ်ရတနာများကို ကုတ်အင်္ကျီထဲသို့ထည့်ကာ တိုးညှင်းစွာ ရယ်မောပြီး

*"ဟား ဟား... ခင်ဗျားက ကိုယ့်ကိုထိုက်မှာ်တော့ ကြောက်တတ်လိုက်တာဗျာ၊ အခု ခင်ဗျားရဲ့မာယာတွေ ဘယ်ရောက်ကုန်ပြီလဲ၊ နောင်ကို ကျုပ်ကြောင့် ခင်ဗျား စိတ်အနှောင့်အယှက်မဖြစ်စေရပါဘူးဗျာ၊ ခင်ဗျားကို အေးအေးချမ်းချမ်းနေရအောင် ကျုပ် လုပ်ပေးခဲ့မှာပါ"*

ဟု ဆိုကာ လက်ကို အင်္ကျီအိတ်တွင်းမှ ထုတ်လိုက်၏။

ထိုအခါ ကျော်စွာ၏လက်တွင်းမှ ဓါးမြှောင်သည် လရောင်ဖြင့် လက်ခနဲဖြစ်သွား၏။





ကျော်စွာသည် လျှင်မြန်စွာပင် ဒေါ်မြမြကို ချုပ်ကိုင်၍ ပါးစပ်ကိုပိတ်ကာ ရင်ဝကို ဓါးဖြင့်ထိုးစိုက်လိုက်တော့၏။

ဒေါ်မြမြသည် အော်ဟစ်ရန်ပင်မတတ်နိုင်တော့ဘဲ မြေပြင်သို့ လဲပြိုကျသွား၏။ ကျော်စွာသည်လည်း ထိုနေရာမှ လှစ်ခနဲပြေးထွက်သွား၏။

ငမဲတူသည် ထိုအဖြစ်အပျက်ကြောင့် မျက်လုံးပြူးကျယ်ပြီး ဒတ်ရာနှင့် ဒေါ်မြမြထံ သွားရကောင်းနိုး၊ ကျော်စွာ၏နောက်သို့ ပြေး၍ လိုက်ရကောင်းနိုးဖြင့် ဝေခွဲရခက်နေ၏။

အဖြစ်အပျက်က လျှင်မြန်လွန်းလှ၏။ ထိုအခိုက် ဒေါ်မြမြ၏ နှုတ်များမှ ညည်းညူသံ သဲ့သဲ့ထွက်ပေါ်လာ၏။ ငမဲတူသည် ဒေါ်မြမြ ထံသို့ ခြေလှမ်းပြင်လိုက်တော့၏။

ငမဲတူသည် သူ၏ဘဝတစ်ဆစ်ချိုး အပြောင်းအလဲအတွက် ခြေလှမ်းမှားသွားပြီဖြစ်၏။

၎င်းသည် ခွေခွေကလေးလဲကျနေသော ဒေါ်မြမြအနီး၌ ဒူးထောက်ထိုင်ချလိုက်၏။

ဒေါ်မြမြ၏ရင်ဝတွင် ကျော်စွာ၏ဓါးမြှောင်က စိုက်ဝင်နေ၏။ သူမ၏နှုတ်ဖျားမှလည်း နာကျင်စွာ ညည်းညူပြီး

*"ကျော်စွာ... ကျော်စွာ"*

ဟု ခေါ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် ငမဲတူ၏ကိုယ်ပေါ်သို့ မီးအလင်းရောင် ကျရောက်လာပြီး ပွဲစားကြီး၏ အလန့်တကြားဖြင့်

"ဟာ... ငမဲတူ၊ မင်း... မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ မြမြလည်း သွေးအိုင်ထဲမှာလဲနေတယ်"

ဟူသောအသံ ထွက်ပေါ်လာ၏။

ပွဲစားကြီးသည် သုံးတောင့်ထိုးလက်နှိပ်မီးကြီးဖြင့် ငမဲတူကို ထိုး၍ အလန့်တကြားအော်ဟစ်လိုက်ခြင်းဖြစ်၏။ အနီး၌ ကိုမြကြိုင်ပါရှိနေ၏။

ငမဲတူက တစ်စုံတစ်ရာပြောမည်ဟန်ပြင်ရာ ပွဲစားကြီးက ဒေါသတကြီးဖြင့်

"ဟေ့ကောင်...၊ မင်း ငါ့မိန်းမနဲ့ဖောက်ပြန်ပြီး သတ်ပစ်လိုက်တာ မဟုတ်လား"

ဟု စွပ်စွဲလေ၏။ ငမဲတူက ဆပ်ခါခနဲထ၍

"မဟုတ်ဘူး၊ ဒေါ်မြမြကို ကိုကျော်စွာဆိုတဲ့လူ သတ်သွားတာ"

ဟု ဖြေရှင်းလိုက်၏။ ပွဲစားကြီးက အနီးသို့ လျှင်မြန်စွာ တိုး ကပ်လာပြီး

"မင်း... မပြေးနဲ့၊ မင်းကို ပုလိပ်လက်ထဲအပ်ရမယ်"

ဟု ပြောလေရာ ငမဲတူသည် ထိုအခါမှပင် မိမိအတွက်





မည်သို့မျှ ဖြေရှင်းရန် အခွင့်မရှိတော့သည်ကို တွေးမိ၏။

ထို့ကြောင့် ပွဲစားကြီး၏တားဆီးမှု မဆုံးမီပင် ထိုနေရာမှ ပြေး ထွက်ခဲ့တော့၏။ သူ၏နားထဲတွင်မူ ပွဲစားကြီးအော်ဟစ်လိုက်သည့် 'လူသတ်ကောင်' ဟူသော စကားသံက မှဲ့တင်ထပ်လျက်ရှိလေတော့၏။

***

ပန်းအိဝိ ကွန်ပျူတာ



www.burmeseclassic.com

www.burmeseclassic.com



ငမဲတူသည် ပြေးလွှားရင်း ဦးမဂ်လာရှိရာ အဆောင့်တဲကလေးသို့ ပြန်ရောက်လာ၏။ ထို့နောက် အဖြစ်အပျက်များကို အတိုချုံး၍ ရှင်းပြကာ

"ကျုပ်နောက်ကို ပွဲစားကြီးနဲ့ ရှသားတွေလိုက်လာကြပြီ၊ ကျုပ် ဒီက အမြန်ထွက်မှဖြစ်လိမ့်မယ်၊ ပြီးတော့ ကျော်စွာဆိုတဲ့လူကို မြေလှန်ရှာရမယ်၊ အဖြစ်မှန်ကို ဖော်ထုတ်ရမယ်"

ဟု ပြောလေ၏။



ဦးမဂ်လာသည် ပက်လက်ကုလားထိုင်မှ ခုန်ထကာ

"ပြဿနာက မထင်မှတ်တဲ့နေရာက ဝင်လာတာပဲ၊ မင်း မကြာခင် ခရီးထွက်ဖို့ ပြင်ဆင်ထားတဲ့ ခရီးဆောင်အိတ်ကလည်း အဆင်သင့်ပဲ"

ဟုဆိုလေရာ ငမဲတူက ခရီးဆောင်အိတ်ကိုလွယ်ပိုးပြီး ဦးမဂ်လာကို

"ကျော်စွာဟာ မဟာသီကိုလည်း အလွတ်မပေးဘူးလို့ ကြိမ်းဝါးသွားသေးတယ်၊ ကျုပ် မဟာသီရှိတဲ့ ညောင်တုန်းကို လိုက်မယ်၊ ကျော်စွာကို အဲဒီလိုမှ ခြေရာခံလို့ရမှာပဲ"

ဟုပြောလိုက်၏။ ဦးမဂ်လာက ငမဲတူကို စူးစိုက်ကြည့်ပြီး သက်ပြင်းချကာ

"အခြေအနေက မင်းနဲ့ငါ စောစောစီးစီး လမ်းခွဲဖို့ ဖြစ်လာပြီပဲ၊ တစ်ချိန်ချိန်မှာ ပြန်တွေ့ကြရဦးမှာပါကွာ"

ဟု ဆိုလိုက်တော့၏။

ထိုအခိုက်တွင် ဂိုထောင်ဘက်သို့ ဓာတ်မီးတဝင်းဝင်းဖြင့် လာနေသည့် ပွဲစားကြီးတို့လူစုကို တွေ့လိုက်ရ၏။ ငမဲတူသည် ဦးမဂ်လာကို နှုတ်ဆက်ကာ မှောင်ရိပ်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားတော့၏။

သူသည် တောလမ်းအတိုင်း နှစ်နာရီခန့် ခရီးနှင်ပြီးနောက် ညောင်တုန်းမြို့သို့ ရောက်ရှိလာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုညအတွက် သင်္ချိုင်းထဲရှိ ဇရပ်တွင် အိပ်စက်ကာ နောက်တစ်နေ့တွင်မှ မြို့တွင်းသို့ စနည်းနာရန် ထွက်ခဲ့၏။

ထိုအခါ မြို့ထဲတွင် ပုလိပ်များ ခြေချင်းလိမ်နေသည်ကို တွေ့ရ၏။ ငမဲတူသည် ပုလိပ်များ သူ့ကို လိုက်လံရှာဖွေနေသည်ဟု ထင်မှတ်မိ၏။

ထို့ကြောင့် ညောင်တုန်းဈေးကြီးအနီးရှိ တရုတ်စားသောက်ဆိုင်တွင် ဝမ်းဗိုက်ကို ဖြည့်တင်းကာ ပုလိပ်များလက်မှ ရှောင်တိမ်းရန် အကြံထုတ်နေလေ၏။

ထိုအခိုက် သူ၏နောက်ကျောဘက်ရှိ စားပွဲမှ လူနှစ်ယောက်၏ စကားသံကြောင့် စားလက်စကိုပင် ရပ်တန့်လိုက်ပြီး

*"ဟိုလူ ကိုကျော်စွာ လက်ဦးသွားပြီကိုး၊ ဒါကြောင့် ဒေါ်မြမြရှေ့မှာ မဟာသိန်ကို သေတာထက်ဆိုးတဲ့ ဝေဒနာကို ခံစားစေရမယ်လို့ ကြုံးဝါးသွားတာကိုး"*

ဟုရေရွတ်မိ၏။

ထိုလူနှစ်ယောက်မှာ နံနက်စောစောက ကလေးတစ်ယောက် ပျောက်ဆုံးသွားကြောင်းကို စားမြုံပြန်နေခြင်းဖြစ်၏။

ထိုကလေးမှာ စက်ပိုင်သအားနှင့် မဟာသိန်တို့၏ နှစ်နှစ်အရွယ်သားငယ်လေးဖြစ်၏။ ထို့ကြောင့် ပုလိပ်များက ကလေးငယ်ကို တစ်မြို့လုံး ဈေဈေ စပ်စပ် ရှာဖွေနေကြောင်း ပြောဆိုနေခြင်းဖြစ်၏။





ထိုအတိုင်းဆိုလျှင် ကလေးငယ်ကို ကျော်စွာ ခိုးယူသွားခြင်း ဖြစ်ရပေမည်။

ငမဲတူသည် ကျော်စွာကို ခြေရာပျောက်သွားပြီဖြစ်၏။ သို့သော် သူ၏စိတ်အတွင်းမှ

*"ခင်ဗျား ပြေးနိုင်သလောက်ပြေးပြီး၊ ပုန်းနိုင်သလောက် ပုန်းစမ်းပါဗျာ၊ ကျုပ် ခင်ဗျားကို မရရအောင် ရှာဖွေမယ်"*

ဟု ဆုံးဖြတ်လိုက်၏။

ထို့နောက် ငမဲတူသည် ရှမ်းခမောက်ကြီးတစ်လုံးကို ဝယ်၍ ခပ်ငိုက်ငိုက်ဆောင်းကာ ကမ်းနားဘက်သို့ရောက်ရှိလာ၏။

ကလေးငယ်ကို ပုလိပ်များက လိုက်လံရှာဖွေနေသည့်နည်းတူ မိမိကိုလည်း ရှာဖွေနေလောက်ပေပြီ။

ကမ်းနားသို့ရောက်လျှင် ကုန်ပစ္စည်းများ အပြည့်တင်၍ ထွက်ခွာဟန်ပြင်နေသော စက်လှေကြီးတစ်စင်းကို တွေ့ရ၏။

ထို့ကြောင့် ငမဲတူသည် ဘာမျှ မစဉ်းစားတော့ဘဲ ဆိပ်ခံတံတားပေါ်မှ စက်လှေပေါ်သို့ လှားခနဲ ခုန်တက်လိုက်တော့၏။

စက်လှေကြီးပေါ်တွင် လိုက်ပါလာသူများမှာ ငမဲတူကို ဝိုင်း၍ ကြည့်ရှုနေကြ၏။

စက်လှေကြီးသည် ကမ်းမှ ခွာခဲ့ပြီဖြစ်၏။ ဂင်တိုတိုနှင့် မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာပေါက်ဆိုးဆိုး လူတစ်ယောက်က မေတ္တူအနီးသို့လှမ်းလာပြီး

"ကိုယ့်လူ မင်း…ငါတို့ကက်ရောပေါ်ကို ဘာလိုက်လုပ်

တာ လဲ"

ဟု မေးမြန်းလေ၏။

မေတ္တူက ထင်းရှူးသေတ္တာကြီးတစ်လုံးပေါ် တွင် သက်သောင့်သက်သာထိုင်ကာ ထိုသူကို

"ကျွန်ုပ် ခရီးကြုံလိုက်လာတာပါဗျာ၊ ခရီးစရိတ်

အတွက် ကျသင့်သလောက် ပေးပါမယ်"

ဟုအဖြေပေးလေ၏။

ထိုသူက မျက်မှောင်ကြုတ်သွားပြီး

"ဒါ ခရီးသည်တင်တဲ့ စက်လှေမဟုတ်ဘူး၊

'တိုင်းလုံးကျော်' ဆက်ကပ်အဖွဲ့ကြီးပိုင်တဲ့ စက်လှေကွ၊

မင်းလိုက်ချင်တိုင်း လိုက်လို့ မရဘူး"

ဟုပြောလေ၏။

ထိုအခါမှပင် မေတ္တူသည် စက်လှေကြီးပေါ်သို့ သေချာစွာ သတိပြုမိ၏။ စက်လှေကြီး၏ ထောင့်တစ်နေရာတွင် လှောင်အိမ်ဖြင့် ထည့်ထားသော မျောက်များ၊ မြွေများနှင့် သံလှောင်အိမ်ကြီးထဲတွင် လဲလျောင်းနေသော ကျားကြီးတစ်ကောင်ကိုပါ တွေ့ရ၏။

ထိုအနီးတွင် မြင်းပုကလေး သုံးကောင်ကိုလည်း ကြိုးဖြင့်



ချည်နှောင်ထား၏။ သူမမြင်ရသေးသော အခြားသတ္တဝါများလည်း ရှိနိုင်၏။

ထို့အပြင် လိုက်ပါလာသူများမှာလည်း မိန်းကလေးများ ဆိုလျှင် ငယ်ရွယ်နုပျို၏။ ကောင်းစွာလေ့ကျင့်ထားသော အချိုးအဆက် ကျနသည့် မိန်းကလေးများဖြစ်၏။

အမျိုးသားများမှာလည်း မေတ္တူ၏ရှေ့ရှိ မျက်နှာပေါက်ဆိုးဆိုး နှင့် လူမှလွဲလျှင် တောင့်တင်းကြံ့ခိုင်ဟန်ရှိကြ အထင်းသားပေါ်နေ၏။ ထိုအခိုက် မျက်နှာပေါက်ဆိုးဆိုးနှင့်လူက မေတ္တူကို

"ကဲ… ကိုယ့်လူ၊ ကျုပ်တို့အဖွဲ့က စည်းကမ်းလည်း

ကြီးတယ်၊ ဒါတောင်မှ မန်နေဂျာနဲ့ ပိုင်ရှင်က တခြား

စက်လှေတစ်စီးနဲ့ ရှေ့ကထွက်သွားတာ၊ သူတို့နဲ့မတွေ့တာ

မောင်ရင်ကံကောင်းတယ်မှတ်ပါ၊ သူတို့က ဒီလို ရှုပ်ရှုပ်

ယှက်ယှက်တွေ မကြိုက်ဘူး၊ ဟိုအက်ကမ်းကား စကျွော

ဆိုတဲ့ရွာကလေးမှာ ကျုပ်တို့အဖွဲ့သားနှစ်ယောက်ကို

ဝင်ခေါ်ဦးမယ်၊ အဲဒီဆိပ်ကမ်းမှာ မောင်ရင် ဆင်းနေခဲ့

ပေတော့"

ဟု ပြောလေ၏။

ထိုသူမှာ မျက်နှာပေါက်က ဆိုးသည့်အပြင် လေသံကလည်း မာလှ၏။ မေတ္တူက ထိုသူ၏မခုံးကို ရင်းနှီးဟန်ဖြင့် ဆုပ်ကိုင်ကာ

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာဗျ၊ ကျုပ်ကို စက်လှေနဲ့တင်ခေါ်လာတဲ့အတွက် ခင်ဗျားတို့မှာ အနှောင့်အယှက်မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်၊ အခက်အခဲရှိနေတဲ့သူကို ကူညီရတာ မင်္ဂလာတရားတော်နဲ့လည်း ညီပါတယ်ဗျာ၊ ပြီးတော့ ခင်ဗျားပုံစံကြည့်ရတာ လူတစ်ဖက်သားကို စာနာတတ်ပုံလည်း ရတယ်ဆိုတာ ကျုပ် ခန့်မှန်းမိပါတယ်"

ဟု ပြောလေ၏။

ငမဲတူသည် ထိုသူကို မျက်လုံးချင်းဆုံ၍ကြည့်ကာ လေသံအေးအေးဖြင့် ပြောဆိုနေခြင်းဖြစ်၏။ ထိုသူမှာ ငမဲတူ၏စကားဆုံးလျှင် မျက်နှာက အနည်းငယ်ပျော့ပျောင်းသွားပြီး

"ကျုပ်ကလည်း မောင်ရင့်ကို အတင်းအဓမ္မကြီးတော့ စက်လှေပေါ်က မောင်းမချပါဘူး၊ ဒါပေမဲ့ အဖွဲ့ရဲ့ သဘောထားကလည်း ရှိသေးတယ်မဟုတ်လား၊ သူတို့ စိတ်အနှောင့်အယှက်ဖြစ်သွားမှာစိုးလို့ပါ၊ ပြီးတော့ ပိုင်ရှင်သီရင်အဖွဲ့မှာ အရေးပါတဲ့ကျုပ်ကိုပဲ အပြစ်ပြောမှာကွ"

ဟု ဆိုလေ၏။

စက်လှေပေါ်ရှိ အဖွဲ့သားများသည် ငမဲတူနှင့် ထိုသူတို့၏ စကားကို နားထောင်ပြီး စက်လှေဝမ်းဗိုက်တစ်နေရာတွင် ဖျာကြမ်းခင်း၍ ထိုင်နေသောမိန်းကလေးတစ်ယောက်က အနီးရှိ





မိန်းကလေးကို တတောင်ဖြင့်တွတ်၍

"ဘယ်နယ့်လဲ ကောင်မ၊ ကိုညိုမှောင်ကြီးတော့ ဟိုတောင့်တောင့်ဖြောင့်ဖြောင့်ကောင်လေးရဲ့ အပြောကောင်းတာနဲ့ လေသံပျော့သွားပြီ"

ဟု ဆိုလေရာ ကျန်မိန်းကလေးက

"ကောင်လေးက အသားမည်းတယ်နော်"

ဟု ပြောလေ၏။ ထိုအခါ ကျန်တစ်ယောက်က

"မည်းတာမဟုတ်ပါဘူးဟယ်၊ ညိုတာပါ၊ အဲ... သေသေချာချာကြည့်တော့လည်း ညိုတာမဟုတ်တော့ဘူး၊ အသားက ကြေးနီရောင် တောက်နေတာဟဲ့"

ဟု ဆိုလိုက်၏။ ထိုအခါ ကျန်တစ်ယောက်က မျက်စောင်းထိုးပြီး

"ကောင်မနော်... ဇာတိကပြလာပြီ၊ မြင်မြင်ချင်းပဲ ကြိုက်မိတယ်တော့ မလုပ်နဲ့"

ဟု ပြောလိုက်ရာ ထိုမိန်းကလေးက

"ညည်းကရော... ကျုပ်ကိုသာပြောနေတာ ညည်း မျက်လုံးတွေက ကောင်လေးဆီမှာချည်းပဲ"

ဟု ပြောဆို၍ တွတ်ထိုးနေကြ၏။

ထိုအခိုက် ၎င်းတို့အနီးတွင် ပက်လက်ကုလားထိုင်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စီးကရက်ကိုဖွာကာ မှိန်းနေသော အင်္ကျီကြောင်ကြောင်ကြားကြား ဝတ်ဆင်ထားသော လူကြီး၏စိတ်တွင်း၌မူ

*"အင်း... ဒီကောင်လေးရဲ့ခြေဆံ လက်ဆံကတော့ သေသေချာချာ လေ့ကျင့်ပေးလိုက်ရင် ပလက်ဘားသမား ကောင်းတစ်ယောက် ဖြစ်လာနိုင်တာပဲ၊ အရုံ ပလက်ဘား သမား ရှာမှ်းမြဲရဲ့နေရာမှာ အစားထိုးလို့ရတယ်"*

ဟု တွေးတောနေလေ၏။

စက်လှေကြီးသည် ရေစီးသန်လှသော မြစ်၏တစ်ဖက်၊ မါးလွယ်ချတ်ရှိ စက္ကောရွာကလေးသို့ ဦးတည်ခုတ်မောင်းနေခြင်း ဖြစ်၏။

ထိုအချိန်၌ စက်လှေ၏အမိုးပေါ်၌ တင်ဆောင်လာသော သေတ္တာတစ်လုံးသည် စက်လှေယိမ်းထိုးလှုပ်ရှားသွားစဉ် တုတ်နှောင်ထားသော ကြိုးပြတ်၍ ရေထဲသို့ ဝုန်းခနဲပြုတ်ကျသွားလေ၏။

မဲတူသည် ညိုမောင်ဟူသောလူနှင့်အတူ စက်လှေ၏ရော နံဘေးတွင်ရှိရာမှ သူ့နံဘေးမှဖြတ်၍ သေတ္တာကြီး ရေထဲကျသွားသည် ကို တွေ့လိုက်ရ၏။

လှိုင်းများကြားတွင် သေတ္တာသည် ရေထဲချက်ချင်းနစ်မြုပ် မသွားသေးဘဲ တစ်ဝက်မျှပေါ်နေလေ၏။ သေတ္တာမှာ မကြာခင်နစ်မြုပ် သွားပေတော့မည်။



စက်လှေတစ်စင်းလုံး သေတ္တာပြုတ်ကျမှုကြောင့် ဆူဆူညံညံ ဖြစ်သွား၏။ စက်လှေမှာလည်း စက်သတ်၍ အရှိန်နေးသွား၏။

ထိုအချိန်၌ စက်လှေပေါ်မှလူတစ်ယောက်သည် ရေထဲသို့ ဒိုင်ဗင်ထိုးကာ သေတ္တာဆီသို့ ကူးခတ်နေသည်ကို အားလုံး တွေ့လိုက် ကြရ၏။

ထိုအခါ မိန်းကလေးတစ်ယောက်က

*"ဟဲ့ ဟဲ့... တို့စက်လှေပေါ်ကို မဖိတ်ခေါ်ဘဲ လိုက်လာတဲ့ ဧည့်သည်ကလေးဟေ့၊ ဟော... သူ သေတ္တာဆီကို ရောက်သွားပြီ၊ သေတ္တာလည်း ရေထဲ မြုပ်သွားပြီဟေ့"*

ဟု အော်ဟစ်လေ၏။

မကြာမီ သေတ္တာ၏တစ်ဘက်တွင်ရှိသော လက်ကိုင်ကွင်းကို ဆွဲ၍ မဲတူသည် ရေပေါ်သို့မြန်ပေါ်လာလေ၏။ ထိုအခါမှပင် အင်္ကျီ ကြောင်ကြောင်ကြားကြားဝတ်ဆင်ထားသောလူကြီးက သက်ပြင်းချပြီး

*"တော်သေးတာပေါ့၊ ဒီ မျက်လှည့်သေတ္တာထဲမှာ မျက်လှည့်ပြတဲ့ တိုတိုထွာထွာ ရှားရှားပါးပါး ပစ္စည်းတွေ ပါတယ်၊ အဲဒါကြီးသာ ဆုံးရှုံးသွားရင် တို့အဖွဲ့ရဲ့ မျက်လှည့် အစီအစဉ်ကို လောလောဆယ် ထည့်နိုင်တော့မှာ မဟုတ်ဘူး"*

www.burmeseclassic.com



ဟု ဆိုလေ၏။ ထို့နောက် လူကြီးက ညိုမောင်ဟူသော လူဘက်သို့လှည့်၍

"ကဲ... ထမင်းချက်ကြီးညိုမောင်၊ မင်း အဲဒီ သူငယ်ကို ဘာမှ အာဏာတွေပြမနေနဲ့တော့၊ သူသွားလိုတဲ့ ခရီးကို ကောင်းကောင်းမွန်မွန်သာ ခေါ်လာခဲ့"

ဟု အမိန့်ပေးလေတော့၏။

ပန်းအိစံ ကွန်ပျူတာ



မဲတူသည် စက်လှေကြီးပေါ်တွင် လိုက်ပါခွင့်ရပြီဖြစ်၏။ အင်္ကျီကြောင်ကြောင်ကြားကြားဝတ်ဆင်ထားသောလူကြီးမှာ ဆပ်ကပ်အဖွဲ့တွင် အရေးပါသော 'ကရောင်း' ခေါ် ရွှင်စုံရ ဆပ်ကပ်လူရွှင်တော်ကြီးဖြစ်၏။

၄င်းတွင် အမည်ရင်းရှိသော်လည်း အဖွဲ့သားအားလုံးက 'ကရောင်းကြီး' ဟူ၍သာ ခေါ်ကြ၏။ စင်စစ်တွင် ညိုမောင်သည် အဖွဲ့တွင် ထမင်းချက်သာဖြစ်ပြီး လူစိမ်းများနှင့်တွေ့လျှင် ထိုကဲ့သို့ ဗိုလ်ဟန်ထုတ်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ငမဲတူ၏မျက်နှာမှာ အစဉ်ပြုံးနေသောကြောင့် မကြာမီ ကရောင်းကြီးနှင့် အဖွဲ့ကျသွား၏။ စက်လှေကြီးသည် စကွေ့ရွာကလေးတွင် ခေတ္တဆိုက်ကပ်ပြီး လူနှစ်ယောက်ကိုတင်ဆောင်ကာ ခရီးဆက်လေ၏။

ထိုအခါ ကရောင်းကြီး ငမဲတူကို

"မောင်ရင်က ဘယ်ကိုသွားမှာလဲ၊ ကျုပ်တို့အဖွဲ့က မအူပင်၊ ကျိုက်လတ်၊ ဖျာပုံ၊ ဘောက်လှောက် တစ်မြို့ပြီး တစ်မြို့ ပွဲစဉ်တွေရှိတယ် မောင်ရင်၊ မအူပင်ကိုတော့ ရောက်မှာပဲ"

ဟု မေးမြန်းလေ၏။ ငမဲတူက

"ကျုပ်က သင့်တော်မဲ့အလုပ်အကိုင် ရှာဖွေရအောင် ခရီးထွက်လာတာပါဗျာ၊ ဘယ်ကိုသွားမယ်လို့တော့ ဦးတည်ချက်မရှိပါဘူး"

ဟု အဖြေပေးလေရာ ကရောင်းကြီးက စီးကရက်ကို ဖွာရှိုက်ပြီး

"မောင်ရင် ကျုပ်တို့ဆပ်ကပ်အဖွဲ့ထဲကိုလိုက်ရင်တော့ သင့်တော်မဲ့အလုပ်ရှိလာမှာပါ"

ဟု ဆိုလေ၏။

ငမဲတူသည် ကျော်စွာကို မြေလှန်၍ရှာဖွေရန် ဆုံးဖြတ်ထား



ဆပ်ကပ်အဖွဲ့မှာလည်း နယ်တကာလှည့်လည်သွားလာနေလေရာ ထိုအဖွဲ့နှင့်လိုက်ပါလျှင် သူ့အတွက် ရည်ရွယ်ချက် အထမြောက်နိုင်သည်ကို တွေးမိ၏။ ထို့ကြောင့် ငမဲတူက ခေါင်းညိတ်ပြီး

"ကျုပ် ဒီလိုဆပ်ကပ်ပညာနဲ့ အလှမ်းဝေးပါတယ်၊ ဒါပေမဲ့ ကရောင်းကြီးက ဘယ်အလုပ်ကိုလုပ်ရမယ်လို့ တိတိကျကျ သတ်မှတ်မပြီးခင်အထိ ကျုပ် လုပ်အားစ မယူဘဲ လုပ်ကိုင်ပေးပါမယ်"

ဟု ဆပ်ကပ်အဖွဲ့တွင်လိုက်ပါရန် သဘောတူလေ၏။ ထိုအခါ ကရောင်းကြီးက

"လူဆိုတာ ကိုယ့်နေရာကို ကိုယ်ပဲသတ်မှတ်တာကွ၊ မင်းရဲ့ကြိုးစားမှုက မင်းကို နေရာသတ်မှတ်ပေးပါလိမ့်မယ်"

ဟု ဆိုလေ၏။

ဤသို့ဖြင့် ငမဲတူသည် ဆပ်ကပ်အဖွဲ့သားများနှင့် တပျော်တပါး ခရီးဆက်ခဲ့ရာ မအူပင်မြို့သို့ရောက်ရှိလာ၏။

ထိုအခါ ဆိပ်ကမ်းနှင့်မဝေးလှသော ကမ်းနားရှိ မြေကွက်လပ်ကြီး အသင့်ဆောက်ပြီး ဇာတ်ရုံကြီးဆီသို့ ဆပ်ကပ်ပစ္စည်းများကို သယ်ယူရွှေ့ပြောင်းရာတွင်လည်း ငမဲတူ ပါဝင်၏။

ဇာတ်စင့်တွင် ဆင်တင်ပြင်ဆင်ခြင်းတွင်လည်း ငမဲတူ ပါဝင်

www.burmeseclassic.com

www.burmeseclassic.com



၏။ မီးဆလိုက်များတပ်ဆင်ခြင်း၊ ဆိုင်းဝိုင်းနေရာချခြင်းတွင်လည်း မေတူ ပါဝင်၏။

ညိုမောင်၏ ထမင်းချက်ရာတွင်လည်း မေတူ ပါဝင်၏။ နောက်ဆုံး ခေတ်အခါက မအူပင်မြို့တွင် တစ်စီးတည်းသာရှိသော ချက်ပလက်ကားကြီးဖြင့် ဆပ်ကပ်ဖွဲ့ ကြော်ငြာလှည့်ရာတွင်လည်း မေတူပါဝင်လေ၏။

မေတူသည် ထိုသို့အလုပ်ရှုပ်နေစဉ် လမ်းလျှောက်လျှင် စည်ပိုင်းကြီးတစ်လုံးလိမ့်လာသလိုရှိသည့် လူဝကြီးတစ်ယောက်က ကရောင်းကြီးကို

"ဒီကောင်လေးက ဘယ်သူလဲ၊ ကရောင်းကြီး အလုပ်သမားအသစ် ခေါ်လာတာလား"

ဟု မေးမြန်းလေ၏။ ထိုသူမှာ ဆပ်ကပ်ပိုင်ရှင်လူဝကြီးဖြစ်၏။ လူဝကြီး၏အမေးကြောင့် ကရောင်းကြီးက

"ဟုတ်တယ်၊ လမ်းမှာကျုပ်ခေါ်လာတာ၊ ကျုပ်သူ့ကို ပလက်ဘားသမားတစ်ယောက်ဖြစ်ဖို့ ရည်ရွယ်ထားတယ်၊ ဒါပေမဲ့ ဒီကောင်လေးကတော့ အဖွဲ့ရဲ့အလုပ်မှန်သမျှ မနိုင်မကပ်ဘဲ အကုန်လုပ်နေတော့တာပဲ"

ဟု အဖြေပေးလိုက်လေ၏။ ထိုအခါ နှုတ်ခမ်းမွေးစစနှင့် မျက်နှာနီစပ်စပ်ရှိသော အသက် (၃၀) ခန့် လူတစ်ယောက် သူတို့ထံ



ရောက်လာပြီး

"ကရောင်းကြီး၊ ဟိုကောင်လေးက လူသစ်မဟုတ်လား၊ ခင်ဗျား ကျုပ်ကို ဘာကြောင့် အကြောင်းမကြားတာလဲ"

ဟု မျက်နှာထားတင်းတင်းဖြင့် မေးမြန်းလေ၏။ ကရောင်းကြီးက စိတ်ရက်အမှုမပျက်ဘဲ

"မောင်အောင်စိန်ရယ်၊ မင်းက အဖွဲ့ရဲ့မန်နေဂျာသာဆိုတယ်၊ မင်းမျက်နှာကို ငါ အခုမှမြင်ရတယ်၊ လူသစ်အကြောင်းကို ငါက ဘယ်လိုလုပ်ပြောရဦးမလဲ ပေါဒီက သူဌေးကိုတော့ ပြောပြီးပါပြီ၊ အဲဒီလူသစ်ကို ငါကိုယ်တိုင်ခေါ်လာတာပဲကွ၊ သူဟာ ငါတို့အဖွဲ့အတွက် ကောင်းကောင်းအသုံးဝင်မှာပါ"

ဟု အဖြေပေးလေ၏။

အောင်စိန်သည် ယခုမှ ဇာတ်ကနယ်ထရိုက်များနှင့် အရက်ဝိုင်းဖွဲ့နေရာမှ ပြန်ရောက်လာခြင်းဖြစ်၏။ အောင်စိန်နှမသည် ပိုင်ရှင်လူဝကြီး၏ မိန်းမဖြစ်၏။

ထို့ကြောင့်ပင် အောင်စိန်သည် ဆပ်ကပ်အဖွဲ့တွင် အလိုလိုမန်နေဂျာဖြစ်လာ၏။ လူဝကြီးသည် အလုပ်ကို မယ်မယ်ရရမလုပ်ဘဲ ဩဇာအာဏာသာပြတတ်သော အောင်စိန်ကို ထိုအတိုင်းပင် ပွတ်

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ရ၏။

အတန်ကြာလျှင် အောင်စိန်သည် သူ့အတွက်ပြင်ဆင်ထားသည့် ခေါက်ခုတင်ပေါ်တွင် လဲလျောင်းရင်း ဧရက်မင်းစည်းစိမ်ကို ခံစားနေလေ၏။

ထိုအခိုက် မေတူသည် ကြိုးခွေကြီးကိုထမ်းပြီး ဇာတ်စင်ပေါ်သို့ တင်နေသည်ကို အောင်စိန်က မြင်တွေ့ပြီး

*"ဟောကောင် … ဒီကိုလာစမ်းပါဦး"*

ဟု လှမ်း၍ခေါ်လေ၏။ မေတူက ဆတ်ခနဲလှည့်ကြည့်ကာ

*"ခင်ဗျား ကျုပ်ကိုခေါ်တာလား"*

ဟု မေးမြန်းလေရာ အောင်စိန်က မျက်ထောင့်နီကြီးဖြင့်ကြည့်၍

*"မင်းကိုခေါ်တာပေါ့ကွ ငမဲကောင်ရ၊ မင်းကို နိုင်းစရာရှိတယ်၊ ငါက ဒီအဖွဲ့ရဲ့ မင်းနေကွာပဲ"*

ဟု ရဝ်ကော့ကာပြောလေ၏။ မေတူက အောင်စိန်၏ ရင့်သီးလှသောအပြောကို ဂရုမစိုက်ဘဲ ပြုံး၍ အနီးသို့ရောက်လာပြီး

*"ကဲ… ပြောပါ၊ ကျုပ် ဘာလုပ်ပေးရမလဲ"*

ဟု ဆိုလိုက်ရာ အောင်စိန်က ခြေသလုံးကိုမြှောက်၍

*"ငါ့ခြေသလုံးတွေ နှိပ်ပေးစမ်းကွာ၊ ဒီလိုပဲ နေ့တိုင်း တစ်နေ့ တစ်ခါလာပြီး နှိပ်ပေးရမယ်"*



ဟု ခိုင်းစေလေ၏။ မေတူက အပြုံးမပျက်ဘဲ အောင်စိန်၏ ခြေထောက်ကိုကိုင်ပြီး

*"ခင်ဗျားမှာ ရှူလှူချင်း မောက်မာရိုင်းစိုင်းတတ်တဲ့ ဝါသနာရှိပုံရတယ်၊ အဲဒီဝါသနာကို ကျုပ်ပျောက်ဖျက်အောင် လုပ်ပေးမယ်"*

ဟု ဆို၍ တစ်ပြိုင်နက်ပင် အောင်စိန်ခန္ဓာကိုယ်ကို ဆွဲခနဲ မြှောက်တင်လိုက်၏။

အောင်စိန်သည် မျက်လုံးပြူးကျယ်ပြီး ထိတ်လန့်တကြားဖြင့် ယက်ကန်ယက်ကန်ဖြစ်နေရာမှ

"ဟောကောင် … ဒါဘာလုပ်တာလဲ၊ ငါ့ကို အောက်ချပေးစမ်း"

ဟု အော်ဟစ်လေ၏။

မေတူက အောင်စိန်၏ ကိုယ်ခန္ဓာကို လေထဲတွင် ဇော့ယမ်းကာ တစ်နေရာဆီသို့ လှမ်းသွားလေ၏။ ထိုအချိန်၌ အဖွဲ့သားအားလုံးသည် သူတို့နှစ်ယောက်၏အဖြစ်ကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

အောင်စိန်မှာမူ မူးယစ်နေမှုများ ကြက်ပျောက်ငှက်ပျောက်ကာ ငယ်သံပါအောင် အော်ဟစ်နေဆဲဖြစ်၏။ ထိုအခါ မေတူက

*"လူတစ်ယောက်ကို ဘယ်တော့မှ အထင်မသေးရ၊ ..."*

www.burmeseclassic.com

www.burmeseclassic.com



*ဆော်ကားဖို့ စိတ်မကူးနဲ့ဗျ"*

ဟု ပြောဆိုကာ အောင်စိန်၏ကိုယ်ခန္ဓာကို ဖေ့ယမ်းပြီး တစ်နေရာသို့ ပစ်ပေါက်လိုက်တော့၏။

အောင်စိန်သည် ကောင်းကင်ဘားကစားရာအောက်ရှိ ပိုက်ပေါ်သို့ ခွေးကျဲဝက်ကျဲ ကျသွားလေ၏။

ထိုအခိုက် လူတစ်ယောက်သည် အောင်စိန့်ဘက်မှ မျက်နှာလိုမျက်နှာရလုပ်ကာ သံတုတ်တစ်ချောင်းဖြင့် ငမဲတူထံသို့ပြေးဝင်လာ၏။

ထိုသူမှာ အရံကရောင်းဂစ်ယောက်ဖြစ်ပြီး တုတ်နိုင်သန်မာသူဖြစ်၏။ ငမဲတူသည် ထိုသူ၏ရိုက်ချက်ကို ရှောင်တိမ်းကာ ဓာတ်စင်ပေါ်သို့ ခုန်တက်လိုက်၏။

ထိုသူကလည်း ဆပ်ကပ်သမားပီပီ ပေါ့ပါးစွာပင် နောက်မှ ထက်ကြပ်မကွာလိုက်ပါလာ၏။ သူတို့၏ရန်ပွဲကို ကရောင်းကြီးသည် ဓာတ်ရုံ၏ နောက်ဆုံးပွဲကြည့်ရာ ကုလားထိုင်တစ်လုံးမှ ထိုင်ကာ စီးကရက်ကို စိမ်ပြေနပြေဖွာ၍ ကြည့်ရှုနေလေ၏။

ကရောင်းကြီးသည် ငမဲတူက ဓာတ်စင်ပေါ်သို့ ခုန်လွှား၍ တက်လိုက်လျှင်ပင်

*"ဒီကောင်လေးက ငါထင်တာထက်တောင် ပေါ့ပါး သွက်လက်နေပါ့ပဲ၊ ဟော… ဟိုကောင် ကရောင်းထူးမောင် နောက်ကလိုက်လာပြီ၊ ကောင်လေးက ထူးမောင်ရဲ့*



*သံတုတ်ရိုက်ချက်တွေကို ဓာတ်စင်ပေါ်မှာဆင်ထားတဲ့ ကြိုးတွေနဲ့ဆွဲပြီး ရှောင်တိမ်းသွားပါလား၊ ဟုတ်လိုက်လေကွာ၊ မျောက်တစ်ကောင်လားမှတ်ရမယ်၊ ဟော… ကြိုးကို အရှိန်နဲ့ပြန်လွှဲလာပြီး လူကလည်း စင်ပေါ်ကို တစ်ပတ်ကျွမ်းနဲ့ အကျ ကရောင်းထူးမောင်ရဲ့ကျောကို ဖနောင့်စာအကျွေး အံကိုက်ပါပဲလား၊ ကရောင်းထူးမောင် လက်နက်မဲ့ပြီး ပြန်ထလာပြီ၊ လူချင်းဝင်လုံးဖို့ ကြိုးစားနေပြီ၊ ဟော… အရှိန်နဲ့ပြေးဝင်လာတဲ့ ကရောင်းထူးမောင့်ကို ကောင်လေးက အသာပဲရှောင်တိမ်းပြီး သူ့အားနဲ့သူ ကိုင်ပေါက်လိုက်ပါလား၊ ကရောင်းထူးမောင်တော့ သူ့ဆရာ အောင်စိန်နဲ့ ပိုက်ထဲမှာလုံးထွေးသွားပြီ၊ ကောင်လေးက ဒီကောင့်ကို ညာညာတာတာလုပ်လိုက်တာပဲ၊ ဟား ဟား… တကယ့်ကို အကောင်းစားဖိုက်တင်တစ်ကွက် ကြည့်လိုက်ရတာပါပဲလား"*

ဟု တစ်ကိုယ်တည်း ရေရွတ်နေလေ၏။

ထိုအခိုက် ပိုင်ရှင်လူဝကြီးသည် ဓာတ်ရုံထဲသို့ အလျားဖားလျားပြေးဝင်လာ၏။ ၎င်းက ဓာတ်စင်ပေါ်တွင် လက်ပိုက်၍ ခြေနှစ်ဖက်ကို ခွဲကာ ရပ်တန့်နေသော ငမဲတူကို လက်ညှိုးငေါက်ငေါက်ထိုးပြီး

*"ဟေ့ကောင်လေး… မင်းဘာလုပ်တာလဲ၊ ဒီအဖွဲ့ထဲ*

www.burmeseclassic.com

www.burmeseclassic.com



မှာ ရှုံ့မဖြစ်ရဘူး၊ မင်းကို အဖွဲ့ထဲက ထုတ်လိုက်ပြီ''

ဟု ဆော်ဟစ်ပြောဆိုလေ၏။ ထိုအခါ လူဝကြီး၏နောက်ကျော ဘက်တွင် ထိုင်နေသော ကရောင်းကြီးက

''အဲဒီကောင်လေးကို အလုပ်ထုတ်ရင် ကျုပ်ပါထွက် မယ်''

ဟု ဆိုလိုက်ရာ လူဝကြီးသည် အံ့ကြောင်ကြောင်ဖြင့် နောက်သို့ လှည့်လာ၏။ ထိုအခါ ကရောင်းကြီးက စီးကရက်ကို ဖွာ၍

''ခင်ဗျားယောက်ဖ မန်နေဂျာက မောက်မာရိုင်းစိုင်း တာကိုဗျာ၊ သေသေချာချာလည်းမေးကြည့်ပါဦး၊ ဟိုကောင် ကရောင်းရူးမောင်ကလည်း ဘာမသိညာမသိနဲ့ သခင်အားရ အောင်ဝင်ပြီးကိုက်တဲ့ ခွေးလိုပဲ ဝင်ပြီးတိုက်ခိုက်ရတယ်လေ၊ ဒီနှစ်ယောက်ကို ကောင်လေးက ဘာအာဃာတမှမရှိဘဲ ညှာညှာတာတာ လုပ်လိုက်တာ၊ သူ့တို့အဖြစ်အပျက်တွေကို ကျုပ် အားလုံးမြင်နေရတယ်၊ ဒီမှာ လူဝကြီး အဖွဲ့သား အားလုံး တစ်ယောက်နဲ့တစ်ယောက် စည်းစည်းလုံးလုံးနဲ့ မိသားစုလို နွေးနွေးထွေးထွေးနေရမယ်လို့ ခင်ဗျားပဲ စည်းကမ်းထုတ်ထားတယ် မဟုတ်လား၊ အလုပ်ကြိုးစားတဲ့ လူသစ်တစ်ယောက်ကို မန်နေဂျာက နွေးနွေးထွေးထွေး မကြိုဆိုဘဲ ရင့်ရင့်သီးသီးဆက်ဆံတာကို ခင်ဗျား



နှင့်ပြုသလား၊ ကျုပ်တို့ ဆပ်ကပ်အလုပ်ဆိုတာ အားကစား နဲ့အနုပညာလို့ အချိုးကျပေါင်းစပ်ထားသလို တခြား အနုပညာတွေနဲ့မတူဘဲ အသက်နဲ့လောင်းကြေးထပ်ပြီး ဖျော်ဖြေရတဲ့အလုပ်ပဲ၊ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီး နွေးထွေးမှုမရှိရင် ဒီအဖွဲ့ရဲ့အလားအလာ မကောင်းတော့ ဘူး''

ဟု ပြောလေတော့၏။ ကရောင်းကြီးက ပိုင်ရှင်လူဝကြီးကို ဆရာက တပည့်ကို ဆုံးမသလို ပြောဆိုနေလေ၏။ လူဝကြီးသည် ကရောင်းကြီး၏စကား ဆုံးလျှင် ခေါင်းညိတ်ပြီး သက်ပြင်းချကာ

''ကျုပ် နည်းနည်းလောသွားတယ်၊ ကောင်လေးကို အဖွဲ့က မထုတ်ပါဘူး၊ ခင်ဗျားလည်း ထွက်စရာ မလိုပါဘူး''

ဟု ဆိုကာ ပိုက်ပေါ်တွင် ထိုအတိုင်းပင်ရှိနေသည့် မန်နေဂျာ နှင့် ကရောင်းရူးမောင်ကို မျက်စောင်းနီကြီးဖြင့် စိုက်ကြည့်ပြီး လှည့် ထွက်သွားလေ၏။

ထိုအခိုက် ကရောင်းကြီးက ဇာတ်စင်ပေါ်မှ ငမဲတူကို လှမ်း၍ ကြည့်ကာ ပြုံးလေ၏။ ထိုအပြုံးက နွေးထွေးမှုရှိကြောင်း ငမဲတူ ခံစားလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းလုံးကျော် ဆပ်ကပ်အဖွဲ့မှာ နောက်တစ်နေ့ညတွင်မှ ဖျော်ဖြေပြသမည်ဖြစ်၏။

ပိုင်ရှင်လူဝကြီးသည် အဖွဲ့သားများ၏ သာရေး၊ နာရေးနှင့် အုပ်ချုပ်မှုကိုသာ တာဝန်ယူပြီး မန်နေဂျာအောင်စိန်မှာမူ အချိန်ပြည့် မူးယစ်နေသူသာဖြစ်၏။

အဖွဲ့တွင် အဓိကကျသူမှာ ကရောင်းကြီးဖြစ်၏။ ကရောင်းကြီးနှင့်အတူ ရယ်စရာဝတ်စုံများဝတ်ကာ ဖျော်ဖြေရသူ အရံကရောင်နှစ်ယောက်ရှိ၏။



ထူးမောင်မှာ အရံကရောင်းဖြစ်ပြီး မန်နေဂျာအောင်စိန်ကို မျက်နှာလိုမျက်နှာရလုပ်တတ်သူဖြစ်၏။ ကရောင်းကြီးသည် ဆပ်ကပ်အဖွဲ့ ပြသဖျော်ဖြေမည့်အစီအစဉ်များကို ကိုယ်တိုင်ရေးဆွဲလေ၏။

ပရိသတ်စိတ်ဝင်စားမည့် အစီအစဉ်သစ်များကိုလည်း အမြဲပင် တွေးတောကြံဆကာ အကောင်အထည်ဖော်နေတတ်၏။ ထို့အပြင် ဆပ်ကပ်အဖွဲ့တွင် မပါမဖြစ်ပါဝင်သော တိရစ္ဆာန်များကို လေ့ကျင့်သင်ကြားရာတွင်လည်း ထူးချွန်သူဖြစ်၏။

တောတွင်းသားများလိုဝတ်ဆင်ထားသည့် ကျွမ်းဘားမယ်ကလေးများနှင့် မျောက်သတ္တဝါများပူးပေါင်း၍ တင်ဆက်ပြသသည့် 'ပျော်စရာစုံနဲ့သာမြိုင်' ဟူသော အစီအစဉ်သည်လည်းကောင်း၊ ကရောင်းသုံးယောက်က ကြီးမားလှသော လုံကြီးများ၊ ဓားမကြီးကို ကိုင်ဆောင်၍ ဘီးတစ်ဘီးသာရှိသော စက်ဘီးကလေးများကို စီးကာ မြင်းပုကလေးသုံးကောင်ကို လိုက်လံဖမ်းဆီးသည့် 'ရယ်စရာ အမဲလိုက်ပွဲ' ဟူသော ပရိသတ်များ လွန်စွာနှစ်ခြိုက်၍ ရယ်မောရသည့် အစီအစဉ်သည်လည်းကောင်း၊ 'မီးလျှံကြားမှ ကိုရွှေကြား' ဟူသည့် ကျားသတ္တဝါကို ကြာပွတ်သံတရှမ်းရှမ်းပေး၍ တင်ဆက်သည့် အစီအစဉ်သည်လည်းကောင်း၊ မြွေသတ္တဝါများနှင့် အသည်းတယားယားဖြစ်အောင် ကိုင်တွယ်ဆော့ကစားပြသည့် အစီအစဉ်သည်လည်းကောင်း၊ မျက်လှည့်ပြချက်များ၊ ဓါးပေါ်

ခန်းများ စသည်တို့သည် ကရောင်းကြီး၏ စိတ်ကူးဉာဏ်ကွန့်မြူးမှုများသာဖြစ်၏။

ထိုကဲ့သို့ လူကြိုက်များလှသည့် ပြကွက်များကို အစီအစဉ်တကျ၊ အချိတ်အဆက်မိမိ တင်ဆက်နိုင်၍ တိုင်းလုံးကျော်အဖွဲ့သည် တည်ထောင်ပြီးအချိန် တစ်ခဏအတွင်း၌ပင် ပွဲချီအပြည့် မအားလပ်ရအောင်ပင် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ဖျော်ဖြေနေရခြင်းဖြစ်၏။

ထိုအထဲမှ ကရောင်းကြီး အထူးတင်ဆက်သည့် ပြကွက်မှာ ကောင်းကင်ဘားကစားခြင်းကို ထပ်မံချဲ့ထွင်ထားခြင်းဖြစ်၏။

၎င်းက ထိုပြကွက်ကို ဓာတ်လမ်းကလေးတစ်ခုပမာ စီစဉ်ထား၏။ အရောင်စုံကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသည့် မိန်းကလေးများကို မျက်နှာဖုံးစွပ် အနက်ရောင်ကိုယ်ကျပ်အင်္ကျီဝတ်လူဆိုးများက နှောင့်ယှက်ဖမ်းဆီးထားသည်ကို မျက်နှာဖုံးစွပ် ရွှေရောင်ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသည့် စွမ်းအားရှင်လူသားတစ်ယောက်က ကယ်တင်သည်ကို ပုံဖော်ထားခြင်းဖြစ်၏။

ပထမပိုင်းတွင် မိန်းကလေးများနှင့်လူဆိုးများသည် စင်ပေါ်တွင်ပင် ကျွမ်းဘားပညာကို အသုံးပြုကာ ပြေးလွှားရှောင်တိမ်းသည်ကို မျက်စိပသာဒရှိအောင် တင်ဆက်ပြီး မိန်းကလေးတစ်ယောက်ကို လူဆိုးနှစ်ယောက်က ဖမ်းဆီးမိပြီး ကောင်းကင်ဘားကစားကာ လူဆိုးများ ပျော်ရွှင်နေကြသည်ကို တင်ဆက်၏။



ထို့နောက်မှ စွမ်းအားရှင်ထွက်ပေါ်လာပြီး မိန်းကလေးကို ကောင်းကင်ဘားကစားရင်း ကယ်တင်ပုံဖြစ်၏။

ပြကွက်များက အသက်အန္တရာယ်နှင့် နီးစပ်သလို ပရိသတ်ကလည်း အသည်းတထိတ်ထိတ်၊ ရင်တဖိုဖိုဖြင့် လွန်စွာ အကြိုက်တွေ့ကြ၏။

စွမ်းအားရှင်လူသားနေရာတွင် မူလက ကရောင်းကြီး၏တပည့်တစ်ယောက်ဝင်၍ ပြသလေ၏။

၎င်းသည် အဖွဲ့မှထွက်သွားလေရာ ထိုနေရာတွင် ကရောင်းကြီးဝင်၍ ကပြနေရချေပြီ။

ကရောင်းကြီးသည် မေတ္တာကို စက်လှေ့ပေါ်တွင် မြင်တွေ့စကပင် အတွေးထဲ၌ မေတ္တာ၏ကိုယ်ပေါ်တွင် ရွှေရောင်ကိုယ်ကြပ်ဝတ်စုံကို ဆင်မြန်းကြည့်ပြီးဖြစ်၏။

ကျွမ်းဘားကစားသမားကောင်းအတွက် ကြံ့ခိုင်မှုနှင့် စိတ်တည်ငြိမ်မှုတို့ အရေးကြီး၏။ ကျွမ်းကျင်မှုဟူသည်မှာ အလေ့အကျင့်များလျှင် ရရှိနိုင်သည်သာဖြစ်၏။

ကရောင်းကြီးသည် မေတ္တာထံတွင် သူလိုချင်သည့် အချက်တို့ရှိနေသည်ကို သတိပြုမိ၏။

သူ့အတွက် မေတ္တာကို ကောင်းစွာ လေ့ကျင့်ပေးရန်သာ ရှိတော့၏။

www.burmeseclassic.com



ညစာစားချိန်သို့ရောက်လျှင် အဖွဲ့သားအားလုံးသည် အချိုးကျ ရရှိသည့် ထမင်းပန်းကန်ကိုယ်စီဖြင့် သင့်ရာလူများစုကာ ဝိုင်းဖွဲ့စားသောက်ကြ၏။

ငမဲတူသည် ကရောင်းကြီးနှင့် ဝိုင်းဖွဲ့လေ၏။ ထိုအခါ တစ်ချိန်လုံး တွတ်ထိုးနေတတ်သော မိန်းကလေးသုံးယောက်သည် ထမင်းပန်းကန်ကိုယ်စီနှင့် ရောက်လာကြ၏။

ထိုအခါ ကရောင်းကြီးက ငမဲတူကို

*"ကျုပ် မောင်ရင်နဲ့ အဖွဲ့သားတွေကို ညရောက်လို့ စင်ပေါ်မှာ ကျွမ်းဘားကွက်တွေဖောက်တိုက်ရင်း လူစုံတော့မှ မိတ်ဆက်ပေးမယ်လို့ စဉ်းစားထားတယ်၊ အခုတော့ ဟောဒီက မိန်းကလေးတွေနဲ့ အရင် မိတ်ဆက်ပေးထားမယ်၊ သူတို့အမည်တွေကတော့ မှတ်ရလွယ်ပါတယ်၊ ကောင်းကင်ဘားကစားကွက်မှာ သူတို့က ပင်တိုင်မင်းသမီးသုံးယောက်ပဲ၊ သူတို့ဝတ်ဆင်တဲ့ဝတ်စုံတွေရဲ့ အရောင်အတိုင်းပဲ၊ အားလုံးက ဖြူဖြူ၊ နီနီ၊ ဝါဝါ လို့ မှတ်ကျိုးနေကြပြီ"*

ဟု မိတ်ဆက်ပေးလေ၏။

ထိုအခါ မျက်လုံးဝိုင်းဝိုင်းနှင့် ဝါဝါ ဟူသော မိန်းကလေးက ခေါင်းညိတ်ပြီး





*"ကျွန်မက ဝါဝါပါ၊ ညနေက ကိုရင်ငမဲတူ မန်နေဂျာကို ကိုင်ပေါက်လိုက်တာ သိပ်ကြည့်လို့ကောင်းတာပဲ၊ အဲဒီမန်နေဂျာက ကျွန်မကို မကြာခဏ ရိသဲ့သဲ့လုပ်တတ်လို့ သူ့ကို မျက်မုန်းကျိုးနေတာရှင့်၊ ကျွန်မဖြင့် စိတ်ထဲက တောင် ကျိတ်ပြီးလက်ခုပ်တီးမိတယ်"*

ဟု ပြောလေ၏။ နီနီဟူသော ဆံပင်ရှည်ရှည်နှင့် မိန်းကလေးကမူ

*"ကျွန်မက နီနီပါ၊ ကရောင်းထူးမောင် ပိုက်ထဲ ပစ်ကျသွားတုန်းကဆို ကျွန်မဖြင့်ပျော်လိုက်တာ၊ သူက ဒီအဖွဲ့ထဲမှာ လူကြမ်း သူကြမ်းလုပ်ပြီး ဗိုလ်ကျနေတာလေ၊ အခုတော့ သူ့ကိုနိုင်မဲ့လူပေါ်လာပြီဆိုပြီး ဟောဒီက ဖြူဖြူကိုတောင် ပြောရသေးတယ်"*

ဟု ဆိုလေ၏။ ဖြူဖြူကမူ မျက်လွှာကိုချကာ ထမင်းကို ငုံ့၍စားနေရင်းမှ

*"ကျွန်မက ဖြူဖြူပါ၊ ဘာပဲဖြစ်ဖြစ်၊ ရှင် မန်နေဂျာနဲ့ ကရောင်းထူးမောင်ကို သတိထားပါ၊ သူတို့ ရှင့်ကို အခဲကျေမှာမဟုတ်ဘူး"*

ဟု သတိပေးလေ၏။ ငမဲတူက မိန်းကလေးများ၏စကားကို ဘာလေးတစားနားထောင်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



"အခုလို ကျုပ်ကို အားလုံးက နွေးနွေးထွေးထွေး ဆက်ဆံတာ ကျေးဇူးတင်ပါတယ်ဗျာ၊ အမှန်အတိုင်း ပြောရင် ကျုပ်ဘဝမှာ ကျုပ်ရဲ့ ကျေးဇူးရှင်ဆရာ တစ်ယောက်နဲ့ အတူနေထိုင်ရင်း အထီးကျန်စွာပဲ ကြီးပြင်းခဲ့ရတာပါ၊ ဒီလို မိသားစုပုံစံမျိုးနဲ့ နွေးထွေးမှုဆိုတာ ကျုပ်နဲ့ အလှမ်းဝေးခဲ့ပါတယ်"

ဟု ပြောလိုက်လေ၏။

ထိုအခါ ကရောင်းကြီးက မေဲတူကို

"ဘဝဆိုတာ ဒီလိုပါပဲကွာ၊ ငါလည်း ငယ်စဉ်ကတည်းက တစ်ကောင်ကြွက်ဘဝနဲ့ ပေတေလွင့်ပြီး မထင်မှတ်ဘဲ ဆက်ကပ်အဖွဲ့လေးတစ်ဖွဲ့ထဲကို ရောက်သွားခဲ့တယ်၊ အဲဒီအချိန်တုန်းက ငါဟာ ဆက်ကပ်ဆိုတာ ဆယ်ဆိုတဲ့သတ္တဝါတွေကတဲ့ပွဲလို့ ထင်နေမိအောင် ဆပ်ကပ်ပညာနဲ့ အလှမ်းဝေးတာပဲကွ၊ ဒါပေမဲ့ ငါ့ဘဝကို ငါကိုယ်တိုင် တည်ဆောက်ခဲ့လို့ ကရောင်းတစ်ယောက် ဖြစ်လာခဲ့တယ်၊ ဒါဟာ ငါသွားတဲ့ခရီးလမ်းပဲ၊ ခရီးဆိုတာ သွားနေရတယ်လို့တော့ မရှိဘူးကွ၊ ရပ်တန့်ရမဲ့အချိန်ဆိုတာ ရောက်လာတာပဲ၊ ငါ့အတွက်လည်း ရပ်တန့်ရတော့မဲ့ အချိန်ဟာ မကြာခင်ရောက်လာတော့မယ်ကွ၊ စိတ်က





ဘယ်လောက်ပဲ ပြင်းထန်ပါစေ၊ ငါ့ရဲ့ အရိုးအကြောတွေဟာ နောက်က မလိုက်နိုင်တော့ဘူး၊ အသက်ကြီးလာပြီကိုး၊ ဒီလိုပဲ ငါ့ရဲ့ ခါးသီးတဲ့အတွေ့အကြုံတွေနဲ့ သင်ယူလာရတဲ့ ပဲ့ဟာဒီကရောင်း ပညာတွေကို လက်ဆင့်ကမ်းပေးရမဲ့ လူကိုလည်း ငါ မျှော်လင့်မိတယ်ကွ"

ဟု ဆိုလေတော့၏။

ပန်းအိမ် ကွန်ပျူတာ
အမှတ်(၇) ရွှေနားဆောက်လမ်း ကျို့ကွ ... ကျောက်မြောင်းဈေး တာမွေ



www.burmeseclassic.com

www.burmeseclassic.com



တိုင်းလုံးကျော် ဆပ်ကပ်အဖွဲ့သည် မအူပင်မြို့တွင် သုံးရှိ တိုင်တိုင် ပျော်ဖြေပြီးနောက် တစ်မြို့သို့ပွဲကူးလေ၏။ ငမဲတူသည် ညစဉ်လိုလို ဓာတ်စင်၏တိုင်ဖုံးကြားမှ ဆပ်ကပ်ပွဲကိုကြည့်ရှုရင်း သူတို့သည် ကိုယ်ခန္ဓာကို လိုသလိုပြုလုပ်၍ရစေရန် ပိုသွင်းထားကြ သူများဖြစ်ကြောင်း သဘောပေါက်မိ၏။

သူတို့တွင် ထပျောပြောင်းနူးညံ့မှုနှင့် မာကြောကြံ့ခိုင်မှု နှစ်မျိုး စလုံး ရှိနေ၏။

ကရောင်းကြီးမှာမူ ရယ်စရာအဝတ်အစားများကို ဝတ်ဆင်ပြီး အရုံကရောင်းနှစ်ယောက်နှင့်အတူ ဖျော်ဖြေတင်ဆက်လေရာ ပရိသတ် များ တဝါးဝါးဖြင့် ပွဲကျနေတတ်၏။



မအူပင်မှထွက်ခွာလာစဉ်ကတည်းက ကရောင်းကြီးသည် ငမဲတူကို

"ကောင်လေး... အဖွဲ့ရဲ့ တောက်တိုမယ်ရ အလုပ်တွေကိုလုပ်ပြီး အချိန်မဖြုန်းတော့နဲ့၊ နေလယ်ပိုင်း တွေမှာ ကျွမ်းဘားပညာ အခြေခံနဲ့ ကိုယ်လက်လေ့ကျင့်ခန်း တွေကို အပြင်းအထန်လေ့ကျင့်ပေတော့"

ဟု ဆိုကာ နိုင်းစေလေ၏။

မအူပင်ဈေးကြီးထဲမှ ကိုယ်ကျပ်ဝတ်စုံတစ်စုံကိုလည်း ဝယ်ယူ ပေးလေ၏။

ထို့နောက် ကရောင်းကြီးကိုယ်တိုင်ပင် ငမဲတူကို အနီးကပ် လေ့ကျင့်ပေးလေ၏။

ငမဲတူသည် သိုင်းပညာကို နှစ်ပေါင်းများစွာ လေ့ကျင့်ခဲ့သူ ဖြစ်လေရာ ကရောင်းကြီးသင်ပြသမျှကို အလွယ်တကူပင် လိုက်လံ လေ့ကျင့်နိုင်၏။

ထိုအခါ ကရောင်းကြီးက

"မင်းက ငါထင်ထားတာထက် အတတ်မြန်ပါလား၊ ကောင်းတယ်ဟေ့၊ အခု မြစ်ဝကျွန်းပေါ်က မြို့တွေ တောက်လျှောက်ဖျော်ဖြေပြီးရင် မော်လမြိုင်ကျွန်းက တာဝတိံသာဘုရားပွဲမှာ ပွဲစဉ်ဆုံးပြီ၊ အဲဒီကမှ မြန်မာပြည်

www.burmeseclassic.com

www.burmeseclassic.com



*အထက်ပိုင်းကို ပြန်တက်ရမယ်၊ မင်းကို တာဝတိံသာ ဘုရားပွဲမှာ အရံကရောင်းအဖြစ် ပွဲထုတ်မယ်၊ ကြိုးစား ပေတော့”*

ဟု ဆိုလေ၏။

ငမဲတူသည် ထိုကဲ့သို့ ကျွမ်းဘားပညာကို လေ့ကျင့်ရာ အခြား အဖွဲ့သားများနှင့်အတူ လေ့ကျင့်ရသည်လည်းရှိ၏။ ထိုအခါ ဝါဝါ၊ နီနီ၊ ဖြူဖြူဟူသော ကျွမ်းဘားမယ်ကလေးများနှင့်တွဲကာ လေ့ကျင့်ရ သည်များလည်း ပါဝင်၏။

တစ်ခါတစ်ရံ အရံကရောင်းထူးမောင်နှင့် နှစ်ယောက်တည်း လေ့ကျင့်ရတတ်၏။

ထိုအခါ ကရောင်းထူးမောင်က ငမဲတူကို

*“ဟေ့ကောင် … မင်းကို ကရောင်းကြီးက မျက်နှာသာပေးတယ်ဆိုပြီး လေသိုပ်မကျယ်နဲ့နော်၊ ဆပ်ကပ်ပညာဆိုတာ အသက်ကို တခြားကစားဖော်ရဲ့ လက်ထဲအပ်ပြီး ဖျော်ဖြေရတဲ့အလုပ်ကွ”*

ဟု အငြိုးမပြေသေးဟန်ဖြင့် ခြိမ်းခြောက်စကားပြောလေ၏။

ငမဲတူက စပ်ရိန်မွှေးရာပေါ်တွင် ကျွမ်းထိုးမပျက်ဘဲ

*“ဒါဆိုရင် ကျုပ်အသက်က ခင်ဗျားလက်ထဲမှာ ရှိသလို ခင်ဗျားအသက်ကလည်း ကျုပ်လက်ထဲမှာရှိနေတာ ပဲဗျာ၊ ကိုထူးမောင် … ခင်ဗျား သိပ်ပြီးအတွေးမမှားနဲ့ဗျ၊ ခင်ဗျားအပေါ် ကျုပ် ဘာအာဃာတမှ မရှိဘူး၊ အဲဒါကိုတော့ သိစေချင်တယ်”*

ဟု ပြောဆိုလိုက်မှပင် ထူးမောင်မှာ နှုတ်ပိတ်သွားလေ၏။

ထူးမောင်သည် တစ်ချိန်ချိန်တွင် ကရောင်းကြီးဖြစ်ရန် ရည်မှန်း ထားသူဖြစ်၏။

ငမဲတူကို ကရောင်းကြီးက စနစ်တကျလေ့ကျင့်ပေးနေ သည်ကို မြင်တွေ့ရင်း မခံချိမခံသာဖြစ်နေ၏။

ထိုသို့ပြုလုပ်ခြင်းသည် ငမဲတူကို ကရောင်းကြီးတစ်ယောက် ဖြစ်စေရန် မြေတောင်မြှောက်ပေးနေခြင်းဖြစ်သည်ဟု ယုံကြည်ထား ၏။

မန်နေဂျာအောင်စိန်ကမူ အရက်ဆိုင်ထိုင်ရင်း ထူးမောင်ကို မကြာခဏပင်

*“ဟေ့ကောင် … ထူးမောင်၊ မင်းဘဝရဲ့တက်လမ်းတွေ အားလုံး ငါ့လက်ထဲမှာရှိတယ်၊ မင်း ရေလိုက်မလွဲနဲ့၊ ကရောင်းကြီးက အိုနေပြီကွ၊ မကြာခင် ပင်စင်သွားတော့ မယ်၊ သူ့နေရာမှာ မင်းကိုဆွဲတင်ဖို့ ငါတစ်ယောက်ပဲ လုပ်ပေးနိုင်တာပါကွာ၊ မင်း ငါ့စကားကိုသာ နားထောင် စမ်းပါကွာ”*



www.burmeseclassic.com

www.burmeseclassic.com



ဟု မစားရဝမခန်း ကတိပေးခဲ့ဖူး၏။

ထူးမောင်ကလည်း ဉာဏ်ပညာနှံ့နှံ့သူဖြစ်သောကြောင့် မန်နေဂျာကို ဆရာတင်၍ထားလေတော့၏။ ထို့ကြောင့် သူတို့နှစ်ဦးသည် ငမဲတူအား အဖွဲ့မှနှင်ထုတ်နိုင်ရန် အခွင့်ကောင်းကို ချောင်းမြောင်းနေကြ၏။

ကျိုက်လတ်မြို့တွင် ဖျော်ဖြေနေစဉ် တစ်နေ့တွင် မန်နေဂျာက အော်ကြီးဟစ်ကျယ်ဖြင့်

*"ဒီမှာဟေ့၊ အဖွဲ့သားတွေထကြစမ်း၊ အဖွဲ့ထဲမှာတော့ သူခိုးရှိနေပြီ၊ ငါ့ရဲ့သားရေအိတ်ထဲက ငွေတစ်ရာ ပျောက်သွားတယ်၊ အရင်ကလည်း ဒီအတိုင်းထားတာပဲ၊ အခု ရေချိုးရာကအပြန်မှာ စစ်ဆေးကြည့်တော့ ငွေတစ်ရာ ပျောက်နေတယ်"*

ဟု ဆိုကာ အဖွဲ့သားများကို စုရုံးစေ၏။

ပိုင်ရှင်လူဝကြီးက

*"ဟုတ်ရဲ့လား မောင်အောင်စိန်ရယ်၊ မင်း အထား မှားတာနေလိမ့်မယ်၊ အဖွဲ့ထဲမှာ အပ်တိုတစ်ချောင်းတောင် ပျောက်ဖူးတာမဟုတ်ဘူး၊ ထူးတော့ထူးခြားတယ်"*

ဟု ပြောလေ၏။

အောင်စိန်က ရယ်မောပြီး





*"ဟား ဟား ဟား... သိပ်ထူးခြားတာပေါ့ဗျ၊ အဲဒါ အဖွဲ့ထဲကို လူစိမ်းရောက်လာမှဖြစ်တဲ့ပြဿနာဗျ"*

ဟု ပြောဆိုကာ ဝိုင်းရံလျက်ရှိသော အဖွဲ့သားများကို ကြည့်ရှုပြီး ငမဲတူထံတွင်ရပ်တန့်ကာ

*"ဟောကောင်... မင်းရောက်လာမှ ဒီမှာ ပျောက်တာ ရှာတာ ဖြစ်နေပြီ"*

ဟု ပြောလေ၏။

ငမဲတူက လေသံအေးအေးဖြင့်

*"ခင်ဗျား ကျုပ်ကို သူခိုးလို့စွပ်စွဲနေတာပေါ့၊ သူတစ်ပါးပစ္စည်းကို ခိုးဝှက်ရလောက်အောင် ကျုပ် အောက်တန်းမကျဘူးဗျ၊ ကျုပ်ဘက်ကတော့ ဒါပဲ ပြောနိုင်တယ်"*

ဟု ဆိုလိုက်ရာ အောင်စိန်က မျက်လုံးကိုမှေး၍

*"ဘယ်ကရောက်လာမှန်းမသိတဲ့ကောင်ကို လူဆိုးလူကောင်းမသိဘဲ အဖွဲ့ထဲခေါ်လာကတည်းက ဒီလိုတွေ တစ်နေ့ဖြစ်လာမယ်ဆိုတာ ကျုပ်သိနေတယ်၊ ထားပါတော့လေ၊ သူ့ရဲ့ပစ္စည်းတွေကို စစ်ဆေးကြည့်ရင် အဖြေပေါ်မှာပါ"*

ဟု ပြော၍ အနီးရှိ ထူးမောင်ကို မျက်ရိပ်ပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထူးမောင်ကလည်း ငမဲတူ၏ခုတင်ဆီသို့ ပစ္စည်းများကို စစ်ဆေးရန် စုံထောက်တစ်ယောက်လိုဟန်ပန်ဖြင့် လှမ်း၍သွားလေ၏။

ကရောင်းကြီးမှာမူ ဘာမျှဝင်ရောက်ပြောဆိုခြင်းမရှိဘဲ ဒီးကရက်ကိုခဲကာနေ၏။ ငမဲတူ၏ပစ္စည်းမှာလည်း ခရီးဆောင်အိတ်တစ်လုံးနှင့် မအူပင်မှ အသစ်ဝယ်ထားသော အိပ်ရာလိပ်သာရှိ၏။

ထူးမောင်သည် ခရီးဆောင်အိတ်ကို မွှေနှောက်ရှာလေ၏။ ထို့နောက် အိပ်ရာလိပ်တွင် ရှာဖွေရင်း ခေါင်းအုံးစွပ်အတွင်းသို့ လက်နှိုက်ပြီး အော်ဟစ်ကာ

"တွေ့ပြီဗျို့၊ ဟောဒီမှာ တစ်ဆယ်တန်တွေ အထပ်လိုက်ပဲ၊ ငွေတစ်ရာတိတိရှိတယ်"

ဟု ပြောလေ၏။

အဖွဲ့သားများ၏အကြည့်က ငမဲတူထံရောက်ရှိ သွား၏။ ငမဲတူက ဟက်ခနဲရယ်ကာ

"ကျုပ် ကြော်ငြာလှည့်တဲ့အဖွဲ့နဲ့လိုက်သွားပြီး အခုမှ မန်နေဂျာရဲ့ အော်သံကြောင့် ရုံထဲရောက်နေတာ လုံးဝ မသိဘူး"

ဟု ဆိုလိုက်၏။

မန်နေဂျာအောင်စိန်က ငမဲတူအနီးသို့ တိုးကပ်ပြီးအကြိတ်

"လက်ပူးလက်ကြပ်မိနေပြီ မင်းဘာငြင်းချင်သေးလဲ"



ဟု ပြောလေရာ ဝါဝါဟူသော မိန်းကလေးက

"ဟုတ်မှမဟုတ်တာ ငြင်းမှာပေါ့ရှင့်၊ ဒီမှာ ကျွန်မ ပြောမယ်၊ ကိုရင်ငမဲတူ မိုးလင်းကတည်းက၊ ကြော်ငြာအဖွဲ့နဲ့ လိုက်သွားပြီး၊ မန်နေဂျာရဲ့အော်သံကြားမှ ရုံထဲရောက် လာတယ်ဆိုတာ၊ အားလုံးသိတယ်နော်"

ဟု ဆိုလေရာ အဖွဲ့သားများက ဟုတ်မှန်ကြောင်း ထောက်ခံလေ၏။ ထိုအခါ ဝါဝါကဆက်၍

"ကိုရင်ငမဲတူ ထွက်သွားပြီးမကြာခင်မှာ ကျွန်မ ကိုယ်တိုင် သူ့ရဲ့သစ်ပေနေတဲ့ခေါင်းအုံးစွပ်ကို ဖွတ်လျှော် ပေးဖို့ နောက်တစ်ခုနဲ့ လဲလှယ်ပေးခဲ့တာရှင့်၊ အဲဒီအချိန်က ခေါင်းအုံးစွပ်ထဲမှာ ဘာငွေကြေးမှမရှိဘူး၊ အခု ကျွန်မ အသစ်လဲပေးခဲ့တာရှင့်၊ အခုကျွန်မအသစ်လဲပေးတဲ့ ခေါင်းအုံးစွပ်ထဲကို ငွေတွေရောက်လာတာကတော့ တစ်ယောက်ယောက်က သူ့ခေါင်းစွပ်ထဲပြီးအကောက်ကြံချင်လို့ ထားသွားတယ်ဆိုတာ ရှင်းနေတာပဲ"

ဟု ပြောလေ၏။

မန်နေဂျာသည် ခွေးအကြီးလှည်းနင်းခံရသလို ဖြစ်သွား၏။ ထူးမောင်သည်လည်း ကြက်ကိုလည်လိမ်ခံထားသလိုရှိနေ၏။ ထိုအခိုက် ကရောင်းကြီးက ဓာတ်စင်ပေါ်မှ ဖုတ်ခနဲခုန်ချပြီး

www.burmeseclassic.com



"ဝါဝါသိပ်တော်တာပဲ၊ ဒီအတိုင်းဆိုရင် ရှင်းဖို့ခက်ပြီ၊ ယုန်ထင်ကြောင်ထင်အထင်ခံရတော့မယ်၊ မေတ္တာ ဒီငွေကို မယူဘူးဆိုတာ အစကတည်းက ကျုပ်သိပါတယ်၊ သူ့အတွက် ငွေအသုံးမလိုပါဘူး၊ သူ့မှာရှိတဲ့ ငွေကြေးကလေးတွေနဲ့ ရှေ့တံဆိပ်ရွှေဒင်္ဂါး (၅)ပြားကိုတောင်၊ အဖွဲ့ထဲရောက်ကတည်းက ကျုပ်ဆီမှာအပ်ထားခဲ့တာပါ၊ ကျုပ်ကလည်းပိုပြီးစိတ်ချရတဲ့ ပေါ်ဒီက ပိုင်ရှင်လူဝကြီးဆီမှာ ထပ်ပြီးအပ်နှံထားခဲ့ပါတယ်"

ဟု ဝင်ရောက်ပြောဆိုလေ၏။

မန်နေဂျာနှင့်ထူးမောင်တို့သည် သူတို့၏အကောက်ကြံမှုကဘူးပေါ်သလိုပေါ်နေလေရာ မျက်နှာပျက်နေကြပြီဖြစ်၏။

ထိုအခါ လူဝကြီးမှာ ခေါင်းညိတ်ပြီး မန်နေဂျာကို

"ဟုတ်တယ်၊ မေတ္တာရဲ့ ငွေတွေနဲ့ ရွှေဒင်္ဂါးပြားတွေ ကျုပ်ဆီမှာ အပ်ထားတာကြာလှပြီပဲ၊ အဖွဲ့သားအချင်းချင်း ဒီလိုလုပ်တာ မကောင်းဘူး၊ မောင်အောင်စိန်... မင်းတို့ကို နောက်တစ်ခါဆိုရင်တော့ လုံးဝခွင့်မလွှတ်ဘူး"

ဟု ဆိုကာ ချာခနဲလှည့်ထွက်သွားတော့၏။

မကြာမီ မန်နေဂျာနှင့် ထူးမောင်တို့သည် များစွာအရှက်အရက်နှင့်ဖြေဖျောက်ရန်စားသောက်ဆိုင်သို့ရောက်လာကြ၏။





သူတို့နှစ်ယောက်သည် အတန်ငယ်မူးယစ်လာလျှင် ခေါင်းချင်းဆိုင်ကာ ထူးမောင်က

"ကျုပ်ကတော့ အဖွဲ့ထဲက ထွက်ရင်ထွက်ရပါစေဗျာ လက်မလျှော့ဘူး၊ ဒီကောင်လေးဟာ ကျုပ်အတွက် အနှောင့်အယှက်ပဲဗျ၊ သူရှိနေတာနဲ့ ကရောင်းကြီးနေရာကို အစားဝင်ဖို့ ကျုပ်မှာ စိတ်တောင်မကူးရဲဘူး၊ ကျုပ်အတွက် ကတော့ သေရင်မြေကြီးရှင်ရင် ရွှေထီးပဲ"

ဟု ပြောလေ၏။

ထိုအခါ မန်နေဂျာကထုံးစံအတိုင်း မျက်လုံးမှေးကာ

"ဒီကောင်လေးဟာ သူ့ဘဝနောက်ကြောင်းကို လျှို့ဝှက်ထားတယ်ကွ၊ ဒါဟာမရိုးသားတာဘဲ"

ဟု ရေရွတ်လေရာ ထူးမောင်က လက်ဖျောက်တီးပြီး

"ကျုပ်လည်း တစ်ခုသတိထားမိတာရှိတယ်၊ မန္တလေး ပွဲဦးတုန်းက ရှေ့ဆုံးတန်းမှာ မအူပင်ဂတ်က ရာဇဝတ်အုပ်နဲ့ ပုလိပ်တွေပွဲလာကြည့်တာကို ဒီကောင်လေးတွေ့တော့ မျက်နှာပျက်သွားတယ်ဗျ၊ ဒါဟာပုလိပ်တွေနဲ့ ပတ်သက်ပြီး ရာဇဝတ်မှုတစ်ခုခု အရှုပ်အရှင်းရှိခဲ့လို့ဖြစ်လိမ့်မယ်"

ဟု ဆိုလေ၏။

မန်နေဂျာက မေးစေ့ကိုလက်ဖြင့်ပွတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ဒါကလွယ်ပါတယ်ကွာ၊ မေတ္တာက ညောင်တုန်းနား က ရွာကလေးမှာ နေတာမဟုတ်လား၊ တစ်ယောက်ကို လွှတ်ပြီး စုံစမ်းခိုင်းလိုက်တာပေါ့"

ဟု ပြောလေ၏။

ထူးမောင်က အရက်ခွက်ကိုအားပါးတရမော့ချကာ

"ဟုတ်လိုက်လေ ဆရာရယ်၊ ဒီမြို့မှာ ကျုပ်တို့ မကြာခဏ အရက်ဟိုက်ပြီး ပဒိုင်း ဒီဟာလေးတွေ ရှာမိုင်းတဲ့ကုလားလေးရှိတာပဲ"

ဟု ဆိုလိုက်လေရာ မန်နေဂျာ

"အေး… သူ့ကိုခရီးစရိတ်ကောင်းကောင်းပေးပြီး လွှတ်လိုက်မယ်၊ မေတ္တာရဲ့ပုံသဏ္ဌာန်ကို သေသေချာချာ လေ့လာနိုင်းပြီးရင် ဟိုကိုလွှတ်လို့ရပြီ၊ ကုလားလေး ပြန်လာရင်သာ ငါတို့လိုချင်တဲ့သတင်းမျိုးပါလာပါစေလို့ ဆုတောင်းနေပေတော့"

ဟု ပြောကာ ခွက်ကိုမြှောက်လိုက်လေတော့၏။

တိုင်းလုံးကျော်ဆပ်ကပ်အဖွဲ့ကြီးသည် တစ်မြို့ပြီးတစ်မြို့လှည့် လည်ဖျော်ဖြေရင်းနောက်ဆုံးတွင် မော်လမြိုင်ကျွန်းမြို့သို့ရောက်ရှိ လာခဲ့၏။

တာဝတိံသာဘုရားဝင်းအတွင်းရှိ မြေကွက်လပ်ကျယ်ကြီးတွင်





စာတ်စင်ကြီးကိုပဟီးနေအောင် ထိုးပြီးဖြစ်၏။

ပွဲမှာရှုပွဲမဟုတ်တဲ ဗလာပွဲဖြစ်၏။ ဘုရားပွဲရက်မှာ (၇)ရက်မျှ လိုသေးသောကြောင့် အဖွဲ့သားများ ကောင်းစွာအနားရနေလေ၏။

ထိုရက်များအတွင်း မေတ္တာဝတ်ဆင်ရန်ဝတ်စုံကို ကရောင်းကြီး ကိုယ်တိုင် အရောင်စုံဖဲသားမြောင်များဝယ်ယူကာ စက်ဆိုင်တွင် အပ်နှံပေးလေ၏။ ထိုဝတ်စုံရလျှင် ကရောင်းကြီးက မေတ္တာကို စမ်းသပ်၍ ဝတ်ဆင်စေပြီး

"ဒီကရောင်းဝတ်စုံကို မင်းမြတ်နိုးလိမ့်မယ်လို့ ထင်တယ်၊ ဟောဒီ ကရောင်းလို့ခေါ်တဲ့ ရယ်စရာကျိုကာ ဝတ်စုံဟာ စာတ်အဖွဲ့စကားနဲ့ပြောရရင် သေတ္တာ မှောက်အဆင့်အထိ ကျွမ်းကျင်သူတွေသာ ဝတ်ဆင်ရတာ ကွ၊ သေတ္တာမှောက်ဆိုတာက သင်ယူစရာ ပညာမရှိတော့ လောက်အောင် ကျွမ်းကျင်ပိုင်နိုင်တာကိုပြောတာကွ၊ ဆပ်ကပ်အဖွဲ့ရဲ့ သေတ္တာမှောက်ကတော့ ကရောင်းပဲ၊ ဒီဝတ်စုံကိုဝတ်ပြီး အားကြိုးမာန်တက် ဖျော်ဖြေပေတော့ ပေါ့"

ဟု ပြောလေ၏။

မေတ္တာနှင့် ကရောင်းကြီးသည် ညစဉ်ပင် လေ့ကားထစ်ပေါင်း များစွာဖြင့် စောင်းတန်းပြုလုပ်ထားသည့်အထက်တွင် တည်ထား



www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်သည့် တာဝတိံသာဘုရားကို တက်ရောက်ဖူးမျှော်လေ့ရှိ၏။

ထို့အပြင် အနီးပတ်ဝန်းကျင်သို့လည်း စကားပြောဆိုရင်း လမ်းလျှောက်ထွက်လေ့ရှိ၏။

တစ်ညတွင် ဘုရားနှင့်မဝေးကွာလှသော လူသူကင်းရှင်းရာ လမ်းမထက်တွင် လမ်းလျှောက်ကြရင်း ကရောင်းကြီးက တစ်နေရာသို့ လက်ညှိုးညွှန်ကာ

"ဟောဒါက ဘုန်းကြီးကျောင်းအိုကြီးပဲ၊ ကျောင်းရဲ့ နဘေးက တိုက်နီကြီးကတော့ သိမ်နီကြီးလို့ခေါ်တယ်၊ သိမ်နီကြီးကတော့ ခေတ်အဆက်ဆက် သရဲခြောက်တယ်လို့ နာမည်ကြီးတယ်ကွ"

ဟု ပြောလေရာ ငမိတူက ဟက်ခနဲရယ်၍

"ကျုပ် ကိုရင်ဘဝတုန်းကလည်း ကျောင်းသားလေး တစ်ယောက်က ကျောင်းထောင့်မှာ အစိမ်းမရှိတယ်လို့ ပြောတာကို မယုံကြည်ဘူးဗျ၊ တကယ်သွားကြည့်တော့လည်း သမီးရည်းစားနှစ်ယောက် ချိန်းတွေ့နေတာကို မထင်မှတ်ဘဲတွေ့ခဲ့ရတယ်"

ဟု ဆိုလိုက်၏။ ထိုအခါ ကရောင်းကြီးက အိမ်နီကြီးနှင့် မျက်စောင်းထိုးရှိ လမ်းဘေးခုတ်ခုံတွင်ထိုင်ကာ စီးကရက်ကိုဖွာပြီး

"ငါလည်း မင်းလို ကြုံပြီးပြီကွ၊ လွန်ခဲ့တဲ့ (၅)နှစ်





လောက်က တခြားဆယ်ကပ်အဖွဲ့ကလေးတစ်ဖွဲ့နဲ့ ဒီတာဝတိံသာဘုရားပွဲကို ရောက်ခဲ့ဖူးတယ်၊ အဲဒီတုန်းက ပွဲကြီးကြီးတာနဲ့ ဒီဘုရားမှာ (၁) လလောက် နေခဲ့ဖူးတယ်၊ သိမ်နီကြီးရဲ့အကြောင်းကို အဲဒီကတည်းက သိနေတာ ပေါ့ကွာ၊ ညဘက် ရုပ်ရှင်ဆိုရင် ဆံပင်ဖားလျားနဲ့ အစိမ်းမက လမ်းသွားလမ်းလာတွေကို သိမ်နီကြီးထဲက ထွက်ပြီး ရိုက်တတ်တယ်လို့ သတင်းကြီးနေတဲ့အချိန်ပေါ့၊ ဒါနဲ့ ငါလည်း တစ်ညမှာ အစိမ်းမကို ကိုယ်တွေ့မျက်မြင် ကြုံချင်တာနဲ့ အခု ငါတို့ထိုင်နေတဲ့ ခုတ်ခုံကလေးမှာပဲ စီးကရက်ဖွာရင်း စောင့်ကြည့်မိတယ်ကွ"

ဟု ပြောလေ၏။

ငမိတူက ညအမှောင်ထဲတွင် မြက်ရိုင်းပင်များကြားမှ ချောက်ချားဖွယ် ထီးထီးကြီးရှိနေသည့် အိမ်နီကြီးကို လှမ်းမျှော်ကြည့်ပြီး

"အဲဒီတော့ အစိမ်းမကို တွေ့ခဲ့ရဲ့လား"

ဟု မေးမြန်းလေရာ ကရောင်းကြီးက သက်ပြင်းချပြီး

"တွေ့ခဲ့တာပေါ့ကွာ၊ သနားစရာ အစိမ်းမပါပဲ၊ ဆံပင်ကလည်း ဖားလျားကြီးချပြီး ညစ်ပေစုတ်ပြတ်တဲ့ အဝတ်အစားတွေနဲ့ တွေ့ရိုက်ရတာပဲ၊ ပြီးတော့ အစိမ်းမဟာ တော်တော်လည်း ဆာလောင်နေပုံရတယ်ကွ၊ ငါကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့တာနဲ့ အတင်းပြေးလာပြီး ရှုံ့ရှုံ့ဝါးဝါးတွေ မပီမသပြောတော့တာပဲ၊ တော်ရုံ အသက်ငယ်တဲ့သူ ဆိုရင်တော့ ထွက်ပြေးတာကြာနေပြီပေါ့၊ ငါကလည်း ရူးစမ်းချင်တဲ့သူဆိုတော့ စိတ်ကို တင်းထားရတယ်”

ဟု ပြောကာ စီးကရက်ကိုမှာပြန့်၏။ မေတ္တူက မျက်မှောင်ကြုတ်ပြီး

“ဒီလို အစိမ်းမမျိုး ဒီတစ်ခါပဲကြားဖူးသေးတယ်၊ အစိမ်းမက ကြောက်စရာမကောင်းဘဲ သနားစရာကောင်းနေပါလား”

ဟု ဆို၏။ ကရောင်းကြီးက ခေါင်းညိတ်ကာ

“တကယ်သနားစရာပဲကွ၊ အစိမ်းမဟာ ရှုံ့ရှုံ့ဝါးဝါးတွေ အော်ပြီး ငါ့ရှေ့မှာ လဲကျသွားတော့တာပဲ၊ အမှန်က အစိမ်းမ မဟုတ်ဘူးကွ၊ သနားစရာ စိတ်ဝေဒနာသည် တစ်ယောက်ပဲ၊ အစာအာဟာရ ကောင်းကောင်းမစားရတော့ အားပြတ်ပြီး ငါ့ရှေ့မှာ လဲကျတာကွ၊ အသက်က (၃၀) ပတ်ဝန်းကျင်လောက်ပဲရှိမယ်၊ ငါလည်း သူ့ကို အဖွဲ့အရောက် ပွေ့ချီပြီး ထမင်းတွေ၊ ဘာတွေ ကျွေးရတာပေါ့၊ သူ့ရဲ့မူလရုပ်သွင်ပြင်က လှပချောမွေ့မယ်လို့ ထင်ရပေမဲ့ ငါမြင်နေရတာကတော့ အနေဆင်းရဲ၊



အစားဆင်းရဲဘဝနဲ့ ရုပ်ရည်တောင်မပေါက်တော့ပါဘူးကွာ၊ အဖွဲ့သားတွေကလည်း အရူးမကိုခေါ်လာတဲ့အတွက် ငါ့ကို ဝိုင်းပြီးလှောင်ပြောင်ကြတာပေါ့၊ ဒါပေမဲ့ ငါကလည်း အရူးမကို နေစဉ် ထမင်းကျွေး၊ ဒီမှာရှိနေသရွေ့ စောင့်ရှောက်ထားမယ်လို့ ဆုံးဖြတ်ထားတယ်ကွ၊ တစ်ခါတစ်ရံလည်း အရူးမက စိတ်ကောင်းကလေးဝင်ပြီး ငါ့ကို စိတ်ရှိလက်ရှိ စကားတွေ ဘာတွေ ပြောတတ်တယ်၊ သူ့အကြောင်းတွေက ဟုတ်မဟုတ်မသေချာပေမဲ့ စိတ်ဝင်စားဖို့တော့ ကောင်းတယ်ကွ၊ သူ့မှာ သားကလေးတစ်ယောက်ရှိတယ်တဲ့၊ သူ့ယောက်ျားက အထက်အညာရွှေဘိုဘက်က အလောင်းမင်းတရားကြီးရဲ့ အမျိုးအနွယ်၊ မင်းမျိုးတွေလို့ ဆိုတယ်၊ သူ့ယောက်ျားဟာ အလွန်ပဲသတ္တိရှိတဲ့ သူရဲကောင်းတစ်ယောက်လို့ဆိုတယ်၊ အင်္ဂလိပ်တွေကို တိုက်ထုတ်နေတဲ့ မျိုးချစ်တော်လှန်ရေးသမားပေါ့ကွာ”

ဟု ပြောလေ၏။

မေတ္တူသည် ကရောင်းကြီး၏စကားကို နားထောင်ရင်းမှ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေ၏။

ထိုအခါ ကရောင်းကြီးက စကားကိုရပ်ပြီး မေတ္တူကိုကြည့်ကာ

“ကောင်လေး… မင်းဘာဖြစ်သွားတာလဲ ဟဲ ဟဲ…

*အစိမ်းမကို လန့်သွားပြီထင်တယ်"*

ဟု ဆိုလေ၏။ ပြီးမှ စီးကရက်ကိုဖွာ၍ ဆက်ကာ

*"ဒါပေမဲ့ တစ်နေ့မှာ ထမင်းလာမစားတဲ့အတွက် ဒီသိမ်မှီကြီးဆီကို ငါ လာကြည့်တဲ့အခါမှာတော့ အသက်ကင်းမဲ့နေတဲ့ အစ္စမရဲ့ ရုပ်အလောင်းကို တွေ့ရတော့တာပဲ၊ သူ့အတွက် ဝမ်းနည်းကျတ်သွားတာပေါ့ကွာ၊ သူ့ကို ငါတို့ အဖွဲ့သားတွေကိုယ်တိုင် ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ပေးခဲ့ပါတယ်"*

ဟု ပြောလေရာ မေတ္တူသည် ရုတ်တရက် ကရောင်းကြီး၏ လက်ကို တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်ပြီး

*"သူ သေသွားပြီ ဟုတ်လား"*

ဟု ဆိုနင့်ကြေကွဲဟန်ဖြင့် မေးလေတော့၏။ ကရောင်းကြီးက အူကြောင်ကြောင်နှင့် မေတ္တူကို ကြည့်ရှုပြီး တစ်စုံတစ်ရာမေးမြန်းမည့်ဟန်ပြင်လေရာ မေတ္တူက တိုးညှင်းစွာဖြင့်

*"အဲဒါ ကျုပ်အမေပဲဖြစ်လိမ့်မယ်ဗျ"*

ဟု ဆိုလေ၏။ ကရောင်းကြီးသည် ထိုင်ရာမှ ခုန်ထပြီး အံ့သြတကြီးဖြင့်

*"ဘာကြောင့်လဲဆိုတာ ငါ့ကို သေသေချာချာ ရှင်းပြပါ ကွာ"*



ဟု တောင်းဆိုလေ၏။

မေတ္တူသည် စိတ်ကို တည်ငြိမ်စွာထိန်းသိမ်း၍ သူ၏အတွန့်ပစ်ခဲ့ ငယ်ဘဝကို ပြန်လည်၍ပြောပြလေတော့၏။ ထိုအခါ ကရောင်းကြီးက သက်ပြင်းချကာ

*"ဒါဆိုရင် မင်းအမေဟာ ငါတွေ့ကြုံခဲ့ရတဲ့ အစ္စမအမှန်ပါပဲ ကွာ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့နာမည် မသိဘူးလို့ ငါ့ကိုပြောဖူးတယ်၊ မင်းအမေနာမည်ကို မပြောဘူး ပေမဲ့ သူ့အတွက် ကြောက်လန့်စရာ အန္တရာယ်ကောင်ကြီး ရှိနေတယ်လို့ မကြာခဏ ပြောခဲ့တယ်၊ အဲဒီလူကြောင့် သူတို့မိသားစု တကွဲတပြားဖြစ်ခဲ့တယ်လို့ဆိုတယ်၊ အဲဒီလူ ဟာ ရန်ကုန်မြို့က အလွန်ပဲ ကြွယ်ဝချမ်းသာတဲ့ သူဌေး တစ်ယောက်ပဲ"*

ဟု ပြောလေ၏။ မေတ္တူသည် ကရောင်းကြီးစကားကြောင့် လည်ပင်းတွင် ပိုးကြိုးနဲ့ဆွဲထားသော ပတ္တမြားလက်စွပ်ကို တင်းတင်း ဆုပ်ကိုင်ကာ

*"ဒါဟာ ကျုပ်ဘဝအတွက် အရေးကြီးတဲ့သတင်းပဲ၊ ကျုပ်တို့ တစ်မိသားစုလုံး ပြိုကွဲပျက်စီးအောင်လုပ်တဲ့ အဲဒီလူရဲ့အမည်ကိုရော အမေက ပြောခဲ့တယ်မဟုတ်လား"*

ဟု မေးမြန်းလေ၏။ ကရောင်းကြီးက မေတ္တူကို ဖော့ကြည့်

www.burmeseclassic.com



ပြီး တည်ငြိမ်စွာဖြင့်

"အဲဒီအမည်ကိုကြားတာနဲ့ မင်း သူ့ကိုသွားပြီး ကလဲ့စားချေတော့မယ် မဟုတ်လား၊ ဒါပေမဲ့ မပြောလို့ မဖြစ်တော့ ပြောရမှာပေါ့ကွာ၊ သူ့အမည်က 'ဦးသောက'၊ ရန်ကုန်က ကင်းဘဲလ်လမ်းမှာနေတဲ့ မျက်နှာကြီး တစ်ယောက်ပဲလို့ မင်းအမေက ပြောဖူးတယ်"

ဟု အဖြေပေးလေ၏။

ငမဲတူ၏ရင်ထဲတွင် သွေးများ ဆူပွက်လာသလို ခံစားလိုက်ရ၏။

ထို့နောက် ကရောင်းကြီးကို ငေးစွာကြည့်ရှုပြီး

"နောက်ဆုံးတော့လည်း အဖြစ်မှန်တွေဟာ အကြောင်း တိုက်ဆိုင်စွာ ပေါ်လာတာပဲ၊ ကျုပ်အတွက် ကလဲ့စားချေရမဲ့လူဟာ မြေးမလွတ်တော့ပါဘူး၊ ဒါပေမဲ့ ကရောင်းကြီးရည်ရွယ်ထားတဲ့အတိုင်း ဒီတာဝတီသာ ဘုရားပွဲမှာ ပျော်ဖြေဖို့ ကျုပ်စဉ်းစားထားပါတယ်၊ ဒါဟာ ကျုပ်ဘဝအတွက် နောက်ဆုံးပျော်ဖြေမှုလည်းဖြစ်နိုင်တာပဲ"

ဟု ပြောလိုက်လေတော့၏။



မန်နေဂျာအောင်စိန်နှင့် ထူးမောင်တို့သည် စားသောက်ဆိုင်ထဲတွင် ရောက်ရှိနေကြပေပြီ။ မန်နေဂျာ၏ မျက်နှာမှာ သုန်မှုန်၍နေလေ၏။

၎င်းက အရက်ခွက်ကို ဆောင့်ချပြီး ထူးမောင်ကို

"ဟေ့ကောင်... မင်းလူ၊ ကုလားလေးဆီက ဘာသတင်းမှ မရဘူးလား၊ ဘယ်လောက်ကြာနေပြီလဲ၊ ဒီက ပွဲစဉ်ပြီးရင် ငါတို့ အထက်ဘက်ကိုတက်ရမှာနော်၊ အဆက်အသွယ်တွေ အလျှမ်းဝေးသွားလိမ့်မယ်"

ဟု ပြောလိုက်၏။

www.burmeseclassic.com



ထူးမောင်က မျက်မှောင်ကြုတ်ပြီး

"ကျုပ် ကုလားလေးကို သေသေချာချာမှာလိုက်တာပဲ၊ ဒီက လူတစ်ယောက်လွှတ်ပြီး ကုလားလေးသတင်းကို စုံစမ်းရမလိုဖြစ်နေပြီ"

ဟု ဆိုလေရာ မန်နေဂျာက

"ဒီတစ်ခါတော့မလွဲဘူးနဲ့ပျော့၊ ခရီးက ဘာမှမဝေးတာ မဟုတ်ဘူး၊ ဒီကောင်ကုလားလေး ခရီးစရိတ်ငွေတောင် ပြောင်သွားပြီထင်တယ်"

ဟု ရေရွတ်လေ၏။

နောက်တစ်နေ့တွင် ထူးမောင်လွှတ်လိုက်သောသူ ပြန်လည်ရောက်ရှိလာ၏။ ထိုအခါ ထူးမောင်က ရရှိလာသည့်သတင်းကို မန်နေဂျာအား ပြန်၍

"ဆရာပြောတဲ့အတိုင်းပဲဗျ၊ ကုလားလေးက ကျုပ်တို့ ပေးတဲ့ငွေတွေနဲ့ မိန်းမယူသွားတာပဲ"

ဟု အကြောင်းကြားလေ၏။ မန်နေဂျာက ညစ်ညမ်းစွာ ဆဲဆို ရေရွတ်ပြီး

"တောက်… ငွေက အရေးမကြီးဘူးကွ၊ သတင်းက အရေးကြီးတယ်၊ ဒီတစ်ခါ စိတ်ချရတဲ့လူကို ငွေ ကောင်းကောင်းပေးပြီး လွှတ်စမ်းကွာ၊ ဒီဘုရားပွဲက





ပွဲချိန်မပြီးခင် သိမှဖြစ်မယ်နော်"

ဟု ထပ်မံမှာကြားလိုက်၏။

ထိုအချိန်၌ မဲတူနှင့် ကရောင်းကြီးသည် သချိုင်းသို့ ရောက်ရှိလာကြ၏။

ကရောင်းကြီးက တစ်နေရာသို့ လက်ညှိုးညွှန်ကာ

"ဟောဟိုက မြေပုံမို့မို့လေးဟာ မင်းအမေရဲ့မြေပုံပဲ၊ ငါ ကိုယ်တိုင် သေသေချာချာ မြေချသင်္ဂြိုဟ်ပေးခဲ့တာပါ၊ မှတ်တိုင် အမှတ်အသားတောင် မရှိရှာတော့ဘူး"

ဟု ပြောလေ၏။

မဲတူသည် လူမသိ၊ သူမသိပင် ဆင်းရဲ ဒုက္ခမျိုးစုံကိုခံစား၍ စိတ်ရောဂါသည့်အဖြစ် ဇာတ်သိမ်းသွားသော မိခင်၏မြေပုံကို ဦးသုံးကြိမ်ချပြီးနောက်

"အမေ့ကို ကျုပ်မမြင်ဘူးလိုက်ပေမဲ့ ဟောဒီက အမေ လဲလျောင်းနေတဲ့မြေပုံကို သက်သေထားပြီး သစ္စာဆိုပါတယ် ဗျာ၊ မိသားစုရဲ့ သွေးကြွေးကို မဖြစ်မနေဆပ်ပါ့မယ်"

ဟု တိုင်တည်လေ၏။

မဲတူသည် စိတ်ထိခိုက်ခံစားနေရသော်လည်း ကျွမ်းဘား လေ့ကျင့်ခန်းများကို မပြတ်လေ့ကျင့်ဆဲသာဖြစ်၏။ သူ့အတွက် စင်း သပ်သည့်အနေနှင့် တစ်ခန်း၊ နှစ်ခန်းမျှ ပါဝင်ရမည်ဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုး၍လေ့ကျင့်မြဲသာဖြစ်၏။

ပွဲနေ့သို့ရောက်လျှင် ငမဲတူသည် ကရောင်းဝတ်စုံကိုဝတ်၍ တည်ငြိမ်စွာဖြင့် ကျရာတာဝန်ကို ကျွမ်းကျင်သေသပ်စွာ ထမ်းဆောင်လေ၏။

ကရောင်းကြီးက လိုက်ကာကြားတွင် ငမဲတူ၏ပခုံးကိုဖက်၍

"မင်းဟာ တကယ့်ကို ကရောင်းဖြစ်ထိုက်သူပါပဲကွာ၊ ဒါပေမဲ့"

ဟု လေသံက တိုးတိတ်သွား၏။

ကရောင်းကြီး၏ မျက်လုံးအစုံမှာ အဖိုးတန်ရတနာတစ်ခုကို ဆုံးရှုံးလိုက်ရသလို ရီဝေနေ၏။ ယခု ပွဲပြီးဆုံးလျှင် ငမဲတူသည် ဘဝခရီးအတွက် အဖွဲ့မှထွက်ခွာသွားတော့မည် မဟုတ်ပါလား။

ဤသို့ဖြင့် ပွဲစဉ်နောက်ဆုံးညသို့ရောက်ရှိလာ၏။ ငမဲတူသည်လည်း သူ့အတွက် သတ်မှတ်ထားသည့် ပြကွက်ကို ပြသလေ၏။

ထိုပြကွက်မှာလည်း သူ၏နောက်ဆုံးတာဝန်ကျရာ ပြကွက်ဖြစ်၏။ မြင်းပုကလေးသုံးကောင်ကို ကရောင်းသုံးယောက်က လိုက်လံဖမ်းဆီးသည့် ဟာသပြကွက်ဖြစ်၏။

ကရောင်းများသည် လုံရှည်ကြီးများ၊ ဓားကြီးများကို ကိုင်ဆောင်ထားကြ၏။



တစ်ဘီးသာရှိသည့် စက်ဘီးကလေးများကိုလည်း ကိုးယိုးကားယား စီးနင်းထားကြသေး၏။

သူတို့၏ အလွဲလွဲအချော်ချော်ဖြစ်သည့် ပြကွက်မှာ ပရိသတ်အတွက် ရယ်မောစရာများသာဖြစ်၏။ ငမဲတူသည် စက်ဘီးလေးကို စီးနင်းရင်းမှ စင်ထောင့်ရှိ ဆိုင်းဝိုင်းနားသို့ သတိပြုမိ၏။

လူတစ်ယောက်သည် လက်ပိုက်ကာ စီးကရက်ကိုခဲပြီး ဆပ်ကပ်ပွဲကို ကြည့်ရှုနေလေ၏။ ထိုသူကို မြင်တွေ့လျှင် ငမဲတူ၏ ပြကွက်များ အယောင်ယောင်အမှားများဖြစ်ကာ အချိန်မီ ထိန်းသိမ်းလိုက်ရ၏။

ထိုသူသည် ဖောင်းကုတ်အင်္ကျီရှည်နှင့် သက္ကလတ်ဦးထုပ်ကို ဆောင်းထားသော ကျော်စွာဖြစ်၏။ ငမဲတူသည် ပြကွက်ပြီးလျှင် ပြီးချင်း ဝတ်စုံကို အလျှင်အမြန်လဲလှယ်ဝတ်ဆင်လေ၏။

ကရောင်းကြီးကမူ နောက်အခန်းများအတွက် အလုပ်ရှုပ်နေလေ၏။

ငမဲတူက ကာကီဘောင်းဘီပွကြီးနှင့် ချည်အင်္ကျီအမည်းကို ဝတ်ဆင်ကာ ကျော်စွာကို ရှာဖွေလေ၏။

ကျော်စွာသည် စင်ထောင့်တွင်မရှိတော့ဘဲ ပျောက်ခြင်းမလှ ပျောက်သွားချေပြီ။ ထိုအခါ ငမဲတူသည် တံ့ဆိုင်းမနေတော့ဘဲ နောက်စင်နောက်ပေါက်မှ အပြင်သို့ ထွက်ခွာခဲ့တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဆပ်ကပ်အဖွဲ့၏ ဇာတ်ရှိန်က မြင့်သထက်မြင့်လာပြီဖြစ်၏။ 'မီးလျှံကြားမှ ကိုရွှေကျား' ဟူသော ပြကွက်ကို ပြသနေပြီဖြစ်ရာ မီးကွင်းကြီးများကို အထိအခိုက်မရှိဘဲ ကျော်ဖြတ်ပြသနေသော ကျားလိမ္မာကြီးကို ပရိသတ်က ဆူညံစွာ အော်ဟစ်အားပေးနေကြ၏။

ထိုအခိုက် ကရောင်းဝတ်စုံနှင့်ထူးမောင်က မန်နေဂျာထံ ရေးကြီးသုတ်ပြာရောက်လာပြီး လက်ကုတ်၍ ဇာတ်ရုံနောက်ဘက်ရှိ မှောင်ရိပ်ကွယ်သို့ ခေါ်လေ၏။

မှောင်ရိပ်ကွယ်တွင်လည်း အခြားလူတစ်ယောက်ရှိနေ၏။ သူတို့ သုံးယောက် ခေါင်းချင်းဆိုင်၍ တစ်စုံတစ်ရာ ပြောဆိုပြီးနောက် မန်နေဂျာ၏မျက်နှာမှာ အရက်ဆီပြန်၍ပြောင်ချော်ချော်ဖြစ်နေရာမှ ပြုံးဖြီးဖြီးကြီးဖြစ်သွားကာ

*"ဟောကောင်… မင်းပြောတာ အမှန်ပဲနော်၊ ဒါဆိုရင် ကိစ္စ ပြတ်ပြီပေါ့၊ ဟား ဟား ဟား… မေတ္တာဆိုတဲ့ကောင် ဒီတစ်ချီတော့ ကောင်းကောင်းကြီး အထိနာပြီပေါ့ကွာ"*

ဟု ကြိမ်းဝါးလေတော့၏။

မန်နေဂျာနှင့် ထူးမောင်တို့ ဇာတ်ရုံတွင်းပြန်ရောက်ကာ မေတ္တာကို ရှာဖွေကြ၏။

မေတ္တာကိုမတွေ့လျှင် မန်နေဂျာက

*"ဒီကောင် ငါတို့လုပ်ရပ်တွေသိပြီး လစ်သွားပြီလား*



*မသိဘူး၊ ဟဲ ဟဲ… ကိစ္စမရှိပါဘူးကွာ၊ ပွဲခင်းထဲမှာ ပုလိပ်သားတွေရှိတယ်၊ သူတို့ကို အကြောင်းကြားရမယ်"*

ဟု ဆိုလေတော့၏။

အချိန်အတန်ကြာလျှင် မန်နေဂျာသည် ဇာတ်ရုံနောက်ပေါက်မှ ဝင်လာသည့် ရာဇဝတ်အုပ်နှင့်ပုလိပ်တစ်ယောက်ကို ကောင်းစွာ ကြိုဆို ပြီး

*"ရာဇဝတ်အုပ်ကြီးကို သတင်းပေးစရာရှိလို့ပါ၊ ဟောဒီက ကျုပ်တို့အဖွဲ့ထဲကို မကြာခင်ကမှရောက်လာတဲ့ မေတ္တာဆိုတဲ့ လူသစ်ဟာ ညောင်တုန်းအပိုင်ရွာကလေးက ပွဲစားကြီးရဲ့မိန်းမကိုသတ်ပြီး လက်ဝတ်ရတနာတွေ ယူဆောင်သွားတဲ့ လူသတ်သမားပါပဲ၊ အခုတော့ အဲဒီမေတ္တာ ကို မတွေ့ရတော့ပါဘူး၊ ကျန်တာတွေကတော့ ရာဇဝတ် အုပ်ကြီးတို့ရဲ့ တာဝန်ပဲမဟုတ်လား၊ ကျုပ်က အဖွဲ့ထဲမှာ ဒီလို ရှုပ်ရှုပ်ယှက်ယှက်တွေ မဖြစ်စေချင်လို့ သတင်းပေးရ တာပါ၊ ဒါက အဖွဲ့အတွက် ကျုပ်ကိုယ်တိုင် စက်ခက်ခဲခဲ စုံစမ်းထားတာပါ၊ အဖွဲ့ရဲ့ ဂုဏ်သရေကို ဖျက်မဲ့ မေတ္တာကို မြန်မြန်သာ ဖမ်းဆီးကြပါဗျာ"*

ဟု တိုက်တွန်းလေ၏။

ထိုအချိန်၌ တစ်ကိုယ်တော် မျက်လှည့်အစီအစဉ်ပြသ

www.burmeseclassic.com



တင်ဆက်နေလေရာ ကရောင်းကြီးနှင့်အတူ အဖွဲ့သားများရှိနေကြ၏။

ကရောင်းကြီးက ငြိမ်သက်ပြီး တစ်စုံတစ်ရာကို လေးလေး နက်နက် စဉ်းစားနေဟန်ရှိ၏။ ဗိုင်ရှင်လူဝကြီးကမူ ထိတ်ထိတ်ပျာပျာဖြင့် မန်နေဂျာကို

*"မောင်အောင်စိန့်၊ မင်းရဲ့သတင်းက ဟုတ်ရဲ့လား၊ အဲဒါ မဟုတ်မဟတ် ဓာတ်လမ်းဆင်လို့မရဘူးနော်"*

ဟု မေးမြန်းလေရာ မန်နေဂျာက ရင်ကော့ပြီး ကရောင်းကြီး ကိုပါ ဝေ့ဝဲကြည့်ကာ

*"ဟဲ ဟဲ... မယုံရင် စောင့်ကြည့်ပေါ့ဗျာ၊ အချိန်တန် ရင် ဖွားဖိန်ကန့်ပါလိမ့်မယ်၊ အောင်စိန့်တို့က မပိုင်ရင် ဖြင်ကိုတောင် လက်ဖျားနဲ့မတို့ဘူး"*

ဟု ပြောလေ၏။

ကရောင်းကြီးမှာမူ စီးကရက်ကိုသာ တွင်တွင် ဖွာ၍နေသလို ဝါဝါ၊ နီနီ၊ ဖြူဖြူဟူသော မိန်းမပျိုကလေး သုံးယောက်သည်လည်း မျက်ရည်များစို့နေချေပြီ။

ထိုအခိုက်တွင်ဓာတ်ရုံ၏နောက်ပေါက်မှနေ၍ လူတစ်ယောက် သည် ဟော်စောလိပ်ကြီးကိုထမ်းလျက် ခြေလှမ်းမှန်မှန်ဖြင့် သူတို့လူစု ထံ လှမ်းလာလေ၏။

ထိုသူကိုကြည့်၍ မန်နေဂျာသည် ပြုံးပြုံးပျာပျာဖြစ်ကာ



*"ရာဇဝတ်အုပ်ကြီး၊ အဲဒါ... ငမဲတူပါပဲ၊ မြင်မြင်ချင်း ပါတော့"*

ဟု အော်ဟစ်လိုက်လေ၏။

ရာဇဝတ်အုပ်သည် အလျှင်အမြန်ပင် သေနတ်ကိုထုတ်လေ၏။ ပုလိပ်သားများလည်း လက်တွင် ကျည်မထိုးရသေးသော ရိုင်ဖယ်လ်ဖြင့် ငမဲတူကို ထိုး၍ ချိန်လေ၏။

ရာဇဝတ်အုပ်မှာ လက်တွင်းသို့ သေနတ်ကို မဆုပ်ကိုင်မီခင်မှာ ပင် ပါးစပ်ကဦးစွာ

*"ယောကောင် မလှုပ်နဲ့"*

ဟု အမိန့်ပေးလေ၏။

ငမဲတူကာမူ တုန်လှုပ်ဟန်မရှိဘဲ ပခုံးထက်မှ ဟော်စောလိပ်ကြီး ကို ခုတင်လွတ်တစ်လုံးပေါ်သို့ ဝုန်းခနဲပစ်ချပြီး လူစုထံ မူးမူးရဲရဲစိုက် ကြည့်ကာ

*"ကျုပ်ကို ဘာအမှုနဲ့ဖမ်းမှာလဲ"*

ဟု လေသံအေးအေးဖြင့် မေးမြန်းလေ၏။ ရာဇဝတ်အုပ်က လေသံမာမာဖြင့်

*"ညောင်တုန်းအပိုင်မှာဖြစ်တဲ့ ရှာသတ်မှုပေါ့ကွာ"*

ဟု ဆိုလေရာ ငမဲတူက ခေါင်းညိတ်ပြီး

*"ပွဲစားကြီးကတော့ ဒေါ်မြမြကိုသတ်မှုလား၊*

www.burmeseclassic.com

အဲဒီလူသတ်မှုမတိုင်ခင် အမှုတစ်မှုရှိသေးတယ်ဗျ၊ အဲဒါကတော့ လွန်ခဲ့တဲ့ (၅)နှစ် ကျော်လောက်က ဖြစ်လိမ့်မယ်၊ အဲဒါလည်း ဒေါ်မြမြနဲ့ပတ်သက်တဲ့ လူနှစ်ယောက် အချင်းချင်း သတ်ဖြတ်ခဲ့တဲ့အမှုဗျ၊ နှစ်ယောက်စလုံး ဒေါ်မြမြနဲ့ တိတ်တဆိတ်ငြိစွန်းပြီး ရန်ထောင်ခဲ့ကြတာပေါ့ဗျာ၊ အဲဒီလူသတ်သမားဟာ ထွက်ပြေးတိမ်းရှောင်ပေမဲ့ ပုလိပ်ကဖမ်းမိပြီး ထောင်ထဲရောက်သွားခဲ့တယ်၊ ဒါပေမဲ့ လွတ်ရက်မပြည့်ခင်ဘဲ ထောင်ဖောက်ပြီး ဝရမ်းပြေးဘဝကို ရောက်ပြန်တယ်၊ ပြီးတော့ ဒေါ်မြမြကို အငြိုးအတေးနဲ့ သတ်ဖြတ်ပြီး လက်ဝတ်ရတနာတွေ ယူသွားခဲ့ပြန်တယ်"

ဟု ပြောလေရာ မန်နေဂျာက လက်ကာပြီး ဒေါသတကြီးဖြင့်

"ရာဇဝတ်အုပ်ကြီး၊ သူ့စကားတွေမယုံပါနဲ့၊ ကြောက်လန့်ပြီး ထင်ရာတွေပြောနေတာပါ"

ဟု အော်ဟစ်လေ၏။ ငမဲတူက ပြုံး၍

"တရားဥပဒေမှာ ထင်ရာပြောလို့မရဘူးဆိုတာ ဟောဒီကအရာရှိကြီး နားလည်ပါတယ်၊ ကျုပ် အဲဒီတရားခံကို အသက်နဲ့ရင်းပြီး တိုက်ခိုက်ဖမ်းဆီးလာပါတယ်၊ ကျုပ်ကိုလည်း သူက ဝန်ခံပြီးပါပြီ၊ တရားဥပဒေနဲ့အညီ ဝန်ခံထွက်ဆိုနိုင်းဖို့ပဲ ကျန်ပါတော့တယ်"





ဟု ဆိုကာ အနီးရှိစုတင်ပေါ်မှ ကော်ဇောလိပ်ကြီးကို ဖြေလိုက်လေ၏။

ထိုအခါ ကော်ဇောလိပ်တွင်းမှ မလှုပ်သာအောင် ကြိုးဖြင့် တုပ်နှောင်ခြင်းခံထားရပြီး ပါးစပ်တွင် အဝတ်များဆို့လျက်ရှိသော လူတစ်ယောက်သည် ကိုးယိုးကားယား ထွက်ပေါ်လာ၏။

ငမဲတူက ထိုသူကို လက်ညှိုးညွှန်ပြီး-

"အဲဒါ ပွဲစားကြီးကတော် ဒေါ်မြမြကိုသတ်တဲ့ တရားခံအစစ် ပါပဲ၊ သူ့အမည်က ကျော်စွာလို့ခေါ်တယ်"

ဟု ပြောလိုက်လေတော့၏။



www.burmeseclassic.com

တစ်နေ့သ၌ ရန်ကုန်မြို့ ကင်းဘဲလ်လမ်း (ယခု ငါးထပ်ကြီးဘုရားလမ်း) ရှိ ရှေးအခါက ဆောက်လုပ်ထားသော အိမ်ကြီး၏ ခြံဝင်းတံခါးရှေ့သို့ လူငယ်တစ်ယောက်သည် ရောက်ရှိလာ၏။

နိုင်ခံ့သော ခြံဝင်းသံတံခါးကြီးမှာ အစောင့်အရှောက်ကင်းမဲ့စွာ ဖွင့်ဟလျက်သာရှိ၏။ လူငယ်သည် တွေဝေမနေဘဲ ခြံတံခါးကို တွန်း၍ လှမ်းဝင်လာ၏။

အိမ်ကြီး၏ ကနုတ်ပန်းများထွင်းထုထားသော ကျွန်းတံခါးကြီးမှာလည်း ဖွင့်ဟလျက်သာရှိ၏။





လူငယ်သည် အတွင်းသို့ရောက်လျှင် ဧည့်ခန်းကျယ်တွင် အဖိုးတန်ကော်ဇောအပြည့်ခင်းကာ လူကြီးတစ်ယောက်သည် ကျောပေးလျက် တစ်စုံတစ်ရာကို စဉ်းစားနေဟန်ရှိသည်ကို မြင်တွေ့လိုက်ရ၏။

ထိုအခါ လူငယ်၏အသံက ကျားရဲတစ်ကောင်လို ဟိန်း၍ ထွက်ပေါ်လာ၏။

"ဦးဘောဂ၊ ကျုပ်ဟာ မေတ္တူပဲ၊ ကျုပ်ရဲ့မိသားစုအတွက် ခင်ဗျားကို သွေးကြွေးဆပ်ရအောင် ရောက်လာပြီ"

လူကြီးကမူ ကြိုတင်မျှော်လင့်ထားသည့်အလား တုန်လှုပ်ဟန်မရှိဘဲ ကျောပေးလျက်မှပင်

"အေြာ်… မင်းရောက်လာမှကိုး၊ မင်းအတွက် စိတ်ရှိလက်ရှိ သွေးကြွေးဆပ်နိုင်အောင် ငါ လွှတ်လပ်ခွင့်ပေးထားပါတယ်၊ မင်း ရောက်လာမဲ့နေ့ကို ငါ မျှော်လင့်နေတာပါ"

ဟု ဆိုလေ၏။

မေတ္တူသည် စိတ်ကို တည်ငြိမ်အောင်ထိန်း၍ တစ်စုံတစ်ခုတော့ လွဲချော်နေပြီဟု တွေးမိ၏။ ထိုအခါ ဦးဘောဂက ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ မလှုပ်ရှားဘဲ

"ငါ့ကို စကားနည်းနည်းတော့ ပြောခွင့်ပြုပါ

www.burmeseclassic.com



မင်းအဖေအမည်ဟာလည်း ငမဲတူပါပဲ၊ ငမဲတူဟာ အင်္ဂလိပ်ကိုတိုက်ခိုက်ရင်း ကျဆုံးသွားတဲ့ မျိုးချစ်သူ့ရဲကောင်းတစ်ယောက်ပါပဲ၊ ဒါဟာ ကုန်ကူးသန်းသွားလာရင်း လမ်းခါးပြတွေလက်ချက်ကနေ ဒုက္ခမရောက်အောင် ငမဲတူက ကယ်တင်ခဲ့ဖူးတယ်၊ နောက်ပိုင်း ငမဲတူနဲ့ငါဟာ မိတ်ဆွေရင်းတွေ ဖြစ်ခဲ့တယ်၊ မင်းအမေ မပိုးဥဟာ မင်းကို ကိုယ်ဝန်အရင့် အမာကြီးနဲ့ လွယ်ပိုးထားရတဲ့အချိန်ပေါ့၊ ငမဲတူနဲ့မပိုးဥဟာ တောတွင်းမှာ တော်လှန်ရေးသမားတွေအဖြစ် နေထိုင်ရင်း ငါက သူတို့အတွက် စားနပ်ရိက္ခာတွေ ထောက်ပံ့ရအောင် ရောက်သွားခဲ့တယ်၊ အဲဒီအချိန်မှာ မင်းကိုမွေးဖွားပြီး မပိုးဥဟာ သွေးနုသားနုဖြစ်နေပြီ၊ မင်းတို့ မိသားစုရဲ့ကံကြမ္မာဆိုးက အဲဒီအချိန်ကတည်းက စတင်ခဲ့တာပဲ၊ မင်းအဖေ ငမဲတူဟာ ချုံခိုတိုက်ပွဲတစ်ခုမှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရခဲ့တော့ မပိုးဥကို အသေမပေးဘဲ ထားခဲ့မိတယ်၊ ငမဲတူဟာ သွေးသံရဲရဲနဲ့ပဲ ငါ့လက်ပေါ် ဆုံးပါးသွားတဲ့ အချိန်မှာ မပိုးဥ မြင်တွေ့သွားခဲ့မိတယ်၊ အတိုချုံးပြောရရင်တော့ ငမဲတူကို ငါကသတ်ဖြတ်တယ်လို့ သူ့စိတ်ထဲ စွဲလမ်းသွားခဲ့တယ်၊ အဲဒီကတည်းက မပိုးဥဟာ စိတ်ရောဂါသည်တစ်ယောက် ဖြစ်သွားတာပါပဲ၊ ဒါဟာ





အဖြစ်မှန်ပါပဲ၊ တစ်ခါတစ်ရံ စိတ်ကောင်းဝင်တဲ့အခါမှာတောင် ငါ့အပေါ် မုန်းတီးမှုက ပျောက်ပျက်မသွားဘူး၊ ပြီးတော့ သူတို့သားအမိကိုလည်း အန္တရာယ်ပေးလိမ့်မယ်လို့ ထင်မှတ်နေပုံရတယ်၊ ငါဟာ မပိုးဥကို ရှာကုန်ခေါ်ပြီး စောင့်ရှောက်ခဲ့ပေမဲ့ မင်း (၂) လသားအရွယ်မှာ ထွက်ပြေးသွားခဲ့တယ်၊ ပွဲစားကြီးအိမ်မှာထားခဲ့စဉ်က ဖိရေးခဲ့တဲ့စာအရ ဆိုရင် အဲဒီအချိန်က သူ စိတ်ပုံမှန်ဖြစ်နေပုံရတယ်၊ ငါဟာ မင်းတို့ သားအမိသတင်းကိုစုံစမ်းရင်း နောက်ဆုံးမှာ မင်းကို အနီးကပ်စောင့်ရှောက်ဖို့ ပွဲစားကြီးရဲ့အလုပ်သမားအဖြစ် ဘဝကို မြှုပ်နှံထားခဲ့တာပါပဲ”

ဟု ပြောပြီးနောက် နံရံရှိ ကတ္တီပါလိုက်ကာစမှ ကြိုးတစ်ချောင်းကို ဆွဲလေ၏။

ထိုအခါ တည်ကြည်သောမျက်နှာနှင့် လူကြီးတစ်ယောက်ပုံတူဆီဆေးပန်းချီကားတစ်ချပ်ပေါ်လာ၏။ မဲတူသည် ပန်းချီကားကြည့်ရှုပြီး

“ဒါ… ဦးမင်္ဂလာရဲ့ ပုံတူပဲ”

ဟု ရေရွတ်လိုက်၏။

လူကြီးကလည်း ငမဲတူဘက်သို့လှည့်၍

“ဟုတ်ပါတယ်၊ သူဌေးကြီး ဦးဘောကနဲ့ ဦးမင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ တစ်ယောက်တည်းပါပဲ''

ဟု ပြောလေ၏။

မေတ္တာသည် ထင်မှတ်မထားသောအဖြေကြောင့် တွေဝေနေစဉ် ဦးမင်္ဂလာက

''ဒီအတိုင်းဆိုရင် မင်းရဲ့မိခင် မပိုးဦးနဲ့ ဆုံတွေ့ခဲ့ပြီ ထင်တယ်၊ တကယ်တော့ မပိုးဦးဟာ စိတ်ဓာတ်နှလုံးသည်ပဲ ဖြစ်ဖြစ်၊ ရုပ်ကောင်း ဖြစ်ဖြစ် သူ့ရဲ့ဆန္ဒနဲ့ ပွဲစားကြီးအိမ်မှာ မင်းကိုထားခဲ့တယ်၊ ငါကလည်း မင်းကို လူ့ဘဝရဲ့ ခါးသီးမှုတွေကို ကိုယ်တွေ့ရင်ဆိုင်ကြုံတွေ့စေချင်တဲ့ ဆန္ဒရှိခဲ့တယ်၊ ဒါကြောင့် အချိန်ကာလတစ်ခုအထိ အဖြစ်မှန်တွေကို အသိမပေးဘဲ နှုတ်ပိတ်နေခဲ့တာပါ၊ မင်းကို ငါပိုင်ဆိုင်သမျှ ဥစ္စာနေတွေ လွှဲအပ်ပေးဖို့ စာချုပ်စာတမ်းတွေ အသင့်လုပ်ထားတယ်''

ဟု ပြောပြန်၏။ ထိုအခါ မေတ္တာက သက်ပြင်းချကာ ယုံယုံမှုပြုံးပြီး

''ကျုပ်အမေရဲ့မြေပုံမှာ မိသားစုရဲ့သွေးကြောကိုဆက်ဖို့ ကတိ သစ္စာပြုခဲ့တယ်မျှ၊ အမေဟာ စိတ်ရောဂါသည်ဖြစ်လို့ ကျုပ်အတွက်က စောင့်ရှောက်လို့မဖြစ်ဘူး၊ ဒါကြောင့် တမလွန်က အမေကျေနပ်အောင် ကျုပ်လုပ်ရလိမ့်မယ်၊ ကျုပ်ကို





ခွင့်လွှတ်ပါ''

ဟု တောင်းပန်လေ၏။

ထိုနောက် မေတ္တာ၏လက်တစ်ဖက်က ရိုပ်ခနဲလှုပ်ရှားကာ ပါးလွှာသော ပေါက်ဓားကလေးတစ်လက် ပြေးထွက်သွား၏။

ဦးမင်္ဂလာခေါ် သူဌေးကြီးဦးသောဂ၏ နှုတ်ခမ်း၌မူ အပြုံးတို့ ရှိနေဆဲဖြစ်၏။ မေတ္တာသည် ချာခနဲလှည့်ထွက်သွားပြီဖြစ်၏။

နံရံထက်ရှိ ပုံတူပန်းချီကားမှ လူကြီး၏နှလုံးသားတည့်တည့်၌ ပါးလွှာသော ပေါက်ဓါးကလေးတစ်လက် စိုက်ဝင်နေလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ပွဲစားကြီးဦးရောသည် လူတစ်ယောက်၏ လှုပ်နိုးမှု ကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်နေရာမှ လန့်နိုးလာ၏။

ထိုအခါ သူ၏ကြေးခုတင်ကြီး အနီးတွင် ခြေနှစ်ဘက်ကို ခွဲကာ လက်ပိုက်၍ရပ်တန့်နေသော လူငယ်တစ်ယောက်ကို မြင်တွေ့ရလေ၏။

လူငယ်သည် အပေါ်ပိုင်းကျင်းလျက်၊ ပုဆိုးကွက်တုံးကြီးကို ကတောင်းမြှောင်အောင်ကျိုက်၍ထားလေရာ ပေါင်နှစ်ဘက်မှ ထိုးကွင်းမင်ကြောင်တို့က အထင်းသားရှိနေ၏။





ပွဲစားကြီးသည် လူငယ်ကိုစူးစိုက်ကြည့်ပြီး ထိတ်လန့်ခြင်းကြီးဖြင့်

*"မင်း... မင်း... မေတ္တာ... မေတ္တာ မဟုတ်လား"*

ဟုပြောလေ၏။

ပွဲစားကြီးသည် အတိတ်မှကျူးလွန်ခဲ့သော အပြစ်များကိုမြင်ယောင်ကာ ရင်ဘတ်ကိုလက်ဖြင့်ဖိ၍

*"မင်းမလာနဲ့၊ သွားစမ်း... ငါ့အခန်းထဲက အမြန်ထွက်သွားစမ်း။ မင်းကိုဘာမှအကူအညီမပေးနိုင်ဘူး၊ မင်းတို့ မေကောင်တွေဟာ ငါ့ကိုအမြဲတမ်း အရိပ်ကိုလိုက်ပြီး ခြောက်လှန့်နေတယ်"*

ဟု အော်ဟစ်လိုက်လေ၏။

မေတ္တာက ပြုံး၍

*"Whenever you see darkness, there extraordinary opportunity for the Light to bum brighter.*

*မှောင်မိုက်မှုကိုမြင်ရတိုင်း၊ တောက်ပစွာလောင်ကျွမ်းမဲ့ အလင်းရောင်အတွက်၊ ထူးကဲတဲ့ အခွင့်အလမ်းတွေ ရှိနေတယ်ဆိုတာ ပွဲစားကြီး မသိဘူးထင်ပါတယ်၊ ကျုပ် အကူအညီတောင်းချင်တာက ခင်ဗျားရဲ့အိမ်မှာ ကလေး*

www.burmeseclassic.com



တစ်ယောက်ရောက်နေတယ်ဗျ၊ သူ့ကိုမြို့စောင့်ရှောက်စေ ချင်တယ်၊ တကယ်တော့ ဒါတွေအားလုံးဟာ ကျုပ် စီရင်ဖန်တီးလို့မရေသလို၊ ပွဲစားကြီးလည်း စီရင်ဖန်တီးလို့ မရဘူးဗျ၊ ကံအကြောင်းတရားရဲ့ တိုက်ဆိုင်မှုသက်သက်ပါ ပဲ”

ဟု ပြောကာ ဝင်ရောက်လာသော ပြတင်းပေါက်မှပင် လွှားခနဲ ပြန်၍ထွက်သွားလေတော့၏။

ပွဲစားကြီးသည်ကြောင်ငေးငေးကြီးရှိနေရာမှ၊ သတိဝင်လာပြီး အခန်းပြင်သို့ပြေးထွက်ကာ

“ဟော… ဟော… မဟာသီတို့လင်မယားထစမ်း၊ ထစမ်း”

ဟု အော်ဟစ်လိုက်၏။

ခေါ်မြည်သံသဆုံးကတည်းက ဖခင်နှင့်အတူလာရောက်နေထိုင်သော မဟာသီတို့လင်မယားမှာ၊ အလန့်တကြားဖြင့် အိပ်ရာမှနိုးထလာ၏။

ထိုအခါပွဲစားကြီးက မီးအိမ်ကိုကိုင်မြောက်ကာ

“သွားစမ်း၊ အိမ်ရှေ့ကို မြန်မြန်သွားကြည့်စမ်း”

ဟု ပြောလေ၏။

ပွဲစားကြီးသည်တစ်ကိုယ်တည်းရွေးကို့ဖြင့်ရွှေနှစ်လျှက်ရှိ၏။



ထိုအခိုက် မဟာသီက ဝမ်းသာအားရအော်ဟစ်၍

“အဖေ… အဖေ့ရဲ့မြေးကလေးပြန်ရောက်နေပြီ၊ ဟောဒီမှာ စာတစ်စောင်လဲတွေ့တယ်၊ ပျောက်ဆုံးသွားတဲ့ ကလေးကို၊ ပုဏ္ဏားတောင်ဘက်က သူတောင်းစားတွေဆီမှာ ပစ်ထားတာသိလို့ ရှာဖွေပြီးပြန်လာပို့တာတဲ့၊ ဗိုလ်တဲ့ ကလည်း မဲတူတဲ့”

ဟု ပြောလေ၏။

ပွဲစားကြီးသည် ထိုအခါမှပင် တစ်ခါမျှမမြင်ဖူးသော မြေးဦးကလေးကို လှမ်း၍ကြည့်လိုက်မိ၏။ ကလေးငယ်သည် နက်မှောင်သော အသားအရောင်နှင့် ထွားကြိုင်းသန်မာသည့် ကိုတွေ့ရ လေ၏။

“ဘုရား… ဘုရား… ငမဲတူ နောက်တစ်ယောက် ပါလား”

ဟု ရေရွတ်မိလေတော့၏။

ထိုအချိန်၌ မဲတူသည် မြစ်ကမ်းနဘေးတွင် အရှေ့အရပ်မှ အရုဏ်ဦးကို တစိမ့်စိမ့်အရသာခံကြည့်ရှုပြီး တစ်ကိုယ်တည်း တီးတိုး စကားဆိုနေလေတော့၏။

“အခုအချိန်ဆိုရင် ကရောင်းကြီး ငါ့ကိုမျှော်နေ လောက်ပြီ၊ ငါကလည်း ရှန့်ဘွေမှအတိုင်ပြီးတဲ့ စိတ်လှုပ်ရှား

www.burmeseclassic.com

www.burmeseclassic.com



အပြည့်နဲ့ကရောင်းဘာဝကို အသွေးအသားထဲက မြတ်နိုး
နေမိပြီပဲ”

ဘာရှုမရှိခြင်းဟာ ပြည့်စုံခြင်းပါပဲ
မင်းသွေးသစ္စာ



BURMESE CLASSIC
www.burmeseclassic.com